# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၁၄ ရက်၊ စနေနေ့ အတွဲ (၆၀)၊ အမှတ် (၁၇၃)


# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်း



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

အခု ကိုဗစ်နောက်ဆုံးအခြေအနေ ပြောရမယ်ဆိုရင် ကိုဗစ်ကို မထိန်းချုပ်နိုင်သေးတဲ့ နေရာတွေကိုလည်း အဓိကထားပြီးတော့ ပြောဖို့လည်းလိုတယ်၊ နောက်ပြီးတော့ ကျွန်မတို့ ကာကွယ်ဆေးအစီအစဉ်တွေနဲ့ ပတ်သက်လို့လည်း ပြောဖို့တော့ လိုပါတယ်။ ကိုဗစ်ထိန်းချုပ်ရာမှာ အားနည်းနေတဲ့နေရာ အများဆုံးကတော့ ရန်ကုန်ပေါ့။ အဲဒါတော့လည်း ကျွန်မတို့ ရန်ကုန်တိုင်းက ပြည်သူတွေ သိပြီးသားဖြစ်ပါတယ်။ အဲဒီတော့ အထူးသတိထားစေချင်ပါတယ်။ အခုအချိန်မှာဆိုရင် ရာသီဥတုကလည်း အေးလာပြီ။ ရာသီဥတုက အေးလာတဲ့အခါကျတော့ တခြား အေးတဲ့ရာသီနဲ့၊ ဆောင်းရာသီနဲ့ ပတ်သက်နေတဲ့ ဖြစ်တတ်ဖြစ်လေ့ဖြစ်ထရှိတဲ့ အအေးမိတာလေးတွေ၊ တုပ်ကွေးဖြစ်တာလေးတွေလည်း ရှိနိုင်ပါတယ်။ အဲဒီတော့ ကျွန်မနားလည်သလောက်ကတော့ တုပ်ကွေးဖြစ်နေသူတစ်ဦးကနေပြီးတော့ ကိုဗစ်ပါကူးမယ်ဆိုရင် အခြေအနေက နည်းနည်းပိုပြီးတော့ ပြင်းထန်နိုင်ပါတယ်။ ဒါကြောင့် အားလုံး အထူးသတိထားဖို့ဆိုတာကို ကျွန်မတို့ သတိပေးချင်ပါတယ်။

ရန်ကုန်ကနေပြီးတော့ မထိန်းချုပ်နိုင်တာကတော့ ကျွန်မတို့ နိုင်ငံတစ်နိုင်ငံလုံးအတွက် စိန်ခေါ်မှုတစ်ခုပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ရန်ကုန်က ကျွန်မတို့ရဲ့ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် စီးပွားရေးမြို့တော်ဆိုရင်လည်း မမှားပါဘူး။ ဒီတော့ စီးပွားရေးမြို့တော်ကြီးကို ပြန်ပြီးတော့ နာလန်ထူအောင်လုပ်ဖို့ဆိုတာဟာ ကျွန်မတို့ရဲ့ စီးပွားရေး ပြန်လည်ထူထောင်ရေးအတွက် အင်မတန်မှ အရေးကြီးပါတယ်ဆိုတာလည်း ကျွန်မက သတိပေးချင်ပါတယ်။


*စာမျက်နှာ ၃ ကော်လံ ၁* ❋


**"အခုကိုဗစ်နဲ့ ပတ်သက်လို့ဆိုရင် တချို့က ကာကွယ်ဆေးထိုးပြီးလို့ရှိရင် ပြီးသွားတာပဲဆိုပြီးတော့ ပေါ့ပေါ့တွက်ပါလိမ့်မယ်။ ဒါပေမယ့် ကာကွယ်ဆေးကို တစ်တိုင်းပြည်လုံးကို ကျွန်မတို့ ထိုးပေးရမှာပါ။ ကျွန်မတို့နိုင်ငံမှာ ဘယ်သူမှ မကျန်ဖို့ပေါ့။ ဒါတော့ ကျွန်မတို့ရဲ့ မူပါပဲ။ ဘယ်သူ့ကိုမှ မချန်ခဲ့ဘူး။ အားလုံးကို ကျွန်မတို့ကနေပြီးတော့ ကျန်းမာရေးအရ ကာကွယ်မှုပေးဖို့ ကျွန်မတို့ စီစဉ်ပါတယ်"**

## ဂုဏ်ယူမှန်းဆ ... လွမ်းရပါကြောင်း ရေနံချောင်းမြို့က ... အမျိုးသားကျောင်း


ဆောင်းပါး စာ » ၆၇


## COVID–19 ကြောင့် စီးပွားရေးထိခိုက်မှုများအား ကုစားခြင်း


ဆောင်းပါး စာ » ၁၀





မြန်မာ့အလင်း

# လောကပါလ တရားနှစ်ပါး

လောကပါလတရားဆိုသည်မှာ လောကကို စောင့်ရှောက်သော တရားဖြစ်၏။ ဤလောကပါလတရားဟူသည် လောကကို ထိန်းကွပ်စောင့်ရှောက်သည့် တရားနှစ်ပါးရှိမှသာလျှင် လောကသည် သာယာမည်၊ လောကလူသားများ ငြိမ်းအေးချမ်းသာမည်ဟု အယူရှိ၏။

ထိုလောကကို စောင့်ရှောက်သော တရားနှစ်ပါးသည်ကား ဟိရိနှင့် ဩတ္တပ္ပ ဟူသည့် တရားနှစ်ပါးတည်း။ တိုက်ရိုက်ဆိုရပါမူ မကောင်းမှုကို ပြုရမည်ကို ရှက်ခြင်း၊ မကောင်းမှုပြုရမည်ကို ကြောက်ခြင်း ဖြစ်ပါသည်။ မကောင်းမှုပြုလုပ်ရန် မရှက်ခြင်း သဘောသည် အဟိရိက ဟူ၏။ အဟိရိက သဘောထားရှိသူတို့သည်ကား မကောင်းမှုပြုရဲသည်ကိုပင် ဂုဏ်ယူဖွယ် မှတ်ထင်နေကြ၏။ ထို့အတူပင် အနောတ္တပ္ပဟူသည့် မကောင်းမှုပြုလုပ်ရန် မကြောက်လန့်ခြင်းသဘောသည် အနောတ္တပ္ပမည်၏။ မကောင်းမှုပြုခြင်း၏ ဆိုးရွားမှုအကျိုးဆက်များကို ကြောက်စရာဟုမမြင်၊ ကြောက်စရာဟု သဘောမှာမပေါက်။ ရဲရဲတင်းတင်း ပြုလုပ်ဝံ့ခြင်းသည်ကား အနောတ္တပ္ပတည်း။

ကောင်းမှု၊ မကောင်းမှုနှင့် ကောင်းမှုပြုခြင်း၏ အကျိုးဆက်၊ မကောင်းမှုပြုခြင်း၏ အကျိုးဆက်တို့ကို မသိ နားမလည်၊ သို့မဟုတ် မမြင်တတ်သည့်အခါ မကောင်းမှုပင် ဖြစ်စေကာမူ မပြုရဲစရာ မရှိ ဟူသည့် ရဲဝံ့မှု ဖြစ်ပေသည်။

ယင်းအခြေခံအသိပညာ ကွယ်သည့်အခါ လူ့အဖွဲ့အစည်းကို တည်ဆောက်ရကောင်းမှန်း၊ လူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းသာယာမှုကို စောင့်ရှောက်ရကောင်းမှန်းမသိ ဖြစ်တော့သည်။ ဤ အဟိရိ၊ အနောတ္တပ္ပ စိတ်ဓာတ်သည် လူ့အဖွဲ့အစည်းကို ကသိကအောက်ဖြစ်စေသည့် အမှုငယ်များမှသည် ကမ္ဘာကြီးကို ပျက်စီးသည့်တိုင် ဩဇာသက်ရောက်မှု ရှိပါသည်။

လူမှုဝန်းကျင်တွင် ယနေ့ နေ့စဉ်ကြုံတွေ့နေရသည့် ရပ်ကွက်ကျေးရွာများမှ ပြဿနာများကအစ တွေ့မြင်နေရလေသည်။ လူအများ ဥဒဟိုသွားလာနေသော လူသွားစင်္ကြံများမှအစ၊ ကားလမ်းမများအလယ်၊ အများပြည်သူနားခိုရာ ကွက်လပ်များ၊ ဘုရားရင်ပြင်တော်ထိ တံတွေးထွေးကြ၊ ကွမ်းသွေးတပျစ်ပျစ် လုပ်ကြသည်မှာ မည်မျှရှက်စရာကောင်းသည်ဆိုခြင်းကို မသိကြ။ ဂရုမပြုကြ။ ဤအပြုအမူအတွက် လူမှုအဖွဲ့အစည်းကပေးမည့် ပြစ်ဒဏ်ကိုလည်း ကြောက်ရကောင်းမှန်း၊ စိုးရိမ်ရကောင်းမှန်း မသိကြ။

မရိုးမသားပြုခြင်း၊ သူတစ်ပါးပစ္စည်း ဥစ္စာကို မတရားရယူလိုခြင်း၊ ပြည်သူ့ဘဏ္ဍာကို အလွဲသုံးစားပြုခြင်း၊ အဂတိလိုက်စားခြင်း၊ မသမာမှုဖြင့် သက်မွေးဝမ်းကျောင်းပြုခြင်း၊ ပြောင်ပြောင်တစ်မျိုး၊ တိုးတိုးတစ်သွယ် သူတစ်ပါးပစ္စည်းကို ခိုးခြင်း စသည်စသည့် အမှုတို့ကို ပြုခြင်း ကျူးလွန်ခြင်းသည် ရှက်စရာ၊ ကြောက်စရာဟု သဘောမထားခြင်းသည် လောကပျက်စီးမှု၏ အကြောင်းရင်းတို့ ဖြစ်ပေသည်။

သာမန်မျှသော အရေးကိစ္စမှအစ အလွယ်တကူပင် မမှန်စကားပြောဆိုခြင်း၊ မိမိ၏အကျိုး မိမိ၏ အဖွဲ့အစည်း၏ အကျိုးစီးပွားအကျိုးငှာ မဟုတ်မမှန်စကားများကို ပြောဆိုနေကြခြင်း၊ မမှန် သတင်းများ မမှန်စကားများကို ချဲ့ထွင်၍ ဝါဒဖြန့်နေကြခြင်း၊ လူ့အဖွဲ့အစည်းအတွင်း အမုန်းတရားတို့ ဟုန်းဟုန်းထနေရေး အလို့ငှာ မလျော်စကားများကို ဖြန့်ဝေနေကြခြင်း၊ ကုန်းစကား ရိုင်းပျသောရန့်ရင်းသော စကားတို့ကို ကျယ်ကျယ်ပြန့်ပြန့် ပြောဆိုနေခြင်း စသည်တို့သည် ရှက်စရာ မဟုတ်သည့်အလား။

လူမှုအဖွဲ့အစည်းသည် မကောင်းမှုတွင် မွေ့လျော်နေကြရခြင်းကို ရှက်စိတ် ကြောက်စိတ်တို့ဖြင့် လူသားအချင်းချင်း စာနာမှု ချစ်ခင်လေးစားမှု၊ မေတ္တာထားမှုတို့ဖြင့် သာယာအေးချမ်းအောင် အားထုတ်ကြရမည် ဖြစ်ပါကြောင်း။ ။



## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၁

ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား ငွေကြေးထောက်ပံ့မှုနှင့်ပတ်သက်၍ တိုင်ကြားစာများအပေါ် စိစစ်ဆောင်ရွက်မှု အခြေအနေများနှင့် အထွေထွေအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား ငွေကြေးထောက်ပံ့မှုနှင့် ပတ်သက်၍ တိုင်ကြားစာများအပေါ် စိစစ်ဆောင်ရွက်မှုများကို စနစ်တကျ ဆောင်ရွက်ရန် ကိစ္စရပ်များ၊ ပြည်သူများထံ စနစ်တကျ အသိပေးတင်ပြရန် ကိစ္စရပ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ စနစ်တကျ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြရန်နှင့် မိမိတို့အနေဖြင့် အထွေထွေ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကိုလည်း ပြန်လည်လေ့လာဆန်းစစ်သုံးသပ်ကာ COVID-19 စည်းကမ်းချက်များနှင့်အညီ ဦးစားပေး လုပ်ငန်းစဉ်များ ဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မှာကြားခဲ့ပြီး နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် အုပ်ချုပ်ရေးမှူးများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တင်ပြကြသည်။

အစည်းအဝေးသို့ ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၁၁

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ (၃၂) ကြိမ်မြောက် သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် ဒီဇင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းစာတမ်းဖတ်ပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်တို့မှ စာတမ်း ၅၂ စောင်အား တင်သွင်းဖတ်ကြားသွားမည်ဖြစ်ကြောင်း၊ သစ်တော၊ သတ္တုနှင့်ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနတွေ့ရှိချက်များအား တင်ပြနိုင်ရန်၊ ပညာရပ်ဆိုင်ရာ အသိအမြင်များ ဆွေးနွေးဖလှယ်နိုင်ရန်နှင့် ဆက်လက်ဆောင်ရွက်မည့် သုတေသနလုပ်ငန်းများအတွက် အကြံပြုချက်များ ရယူနိုင်ရန် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

သုတေသနစာတမ်းဖတ်ပွဲများကို ၁၉၇၈ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ၂၀၁၉ ခုနှစ်အထိ (၄၁) နှစ် ကာလအတွင်း သုတေသနစာတမ်းဖတ်ပွဲများကို နှစ်စဉ်နီးပါးကျင်းပခဲ့ရာ သုတေသနစာတမ်းပေါင်း ၄၂၀ စောင်ကို ထုတ်ဝေနိုင်ခဲ့ပြီးဖြစ်သည်။ သုတေသနစာတမ်းဖတ်ပွဲကို (parallel session) သုံးခုခွဲ၍ တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်ပြီး Session 1 အစီအစဉ်တွင် သစ်တောစိုက်ပျိုးပြုစုခြင်းနှင့်စီမံအုပ်ချုပ်ခြင်းဆိုင်ရာ စာတမ်းများကိုလည်းကောင်း၊ Session 2 အစီအစဉ်တွင် ရာသီဥတုပြောင်းလဲမှု၊ စွမ်းအင်နှင့် ကာဗွန်အရင်းအမြစ်များ၊ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ လေ့လာခြင်း၊ သစ်အသုံးချခြင်းဆိုင်ရာ စာတမ်းများကိုလည်းကောင်း၊ Session 3 အစီအစဉ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သတ္တုကဏ္ဍဆိုင်ရာ သုတေသနစာတမ်းများကိုလည်းကောင်း တင်သွင်းဖတ်ကြားမည် ဖြစ်ကြောင်းနှင့် စိတ်ပါဝင်စားသူမည်သူမဆို မိမိတို့စိတ်ဝင်စားသည့် Session များသို့ တက်ရောက်ဆွေးနွေးနိုင်ပါကြောင်း၊ Meeting ID Password အပါအဝင် စာတမ်းဖတ်ပွဲနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို သစ်တောဦးစီးဌာန website (www. forest department.gov.mm)၊ သစ်တောဦးစီးဌာန facebook စာမျက်နှာ (Forest Department) နှင့် သစ်တောသုတေသနဌာန facebook စာမျက်နှာ (Forest Research Institute, Myanmar) တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကြီးမြန်သစ်မာ ပင်ကျပ်ဈေးကွက် ပထမဆုံးအကြိမ် ဖော်ဆောင်နိုင်စေရန် ကြိုးပမ်းနေ

ရန်ကုန် ဒီဇင်ဘာ ၁၁

ကြီးမြန်သစ်မာ ပင်ကျပ်ဈေးကွက် ပထမဆုံးအကြိမ် ဖော်ဆောင်နိုင်စေရန် ကြိုးပမ်းနေကြောင်း Fast-GRO မြန်မာ့ ကြီးမြန်သစ်မာ စိုက်ခင်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်းချုပ် (ဗဟို)မှ သိရသည်။

"ပင်ကျပ်က အပင် ရွက်အုပ်နှစ်ခုထိသွားတဲ့အရွယ်ဆို ခုတ်လို့ရပြီ။ စိုက်ပျိုးပြီး နှစ်မိုး၊ သုံးမိုးလောက် အနေအထားပေါ့။ အပင်ထွားတဲ့အပေါ်လည်း မူတည်တယ်။ ဈေးကွက်က ဘယ်ကရမလဲဆိုတာရယ်၊ ပြည်တွင်းအတွက်၊ ပြည်ပအတွက် ဘယ်ဟာလဲ လို့တော့ အတိအကျ ပြောလို့မရသေးပေမယ့် ပထမဦးဆုံးအနေနဲ့ ပင်ကျပ်ဈေးကွက်ရရှိဖို့ကို အသင်းက ဦးဆောင်ပေးနေပါတယ်။ မဝေးတော့တဲ့ကာလမှာ ပင်ကျပ်တွေ စတင်ရောင်းချနိုင်တော့မှာပါ" ဟု Fast-GRO မြန်မာ့ကြီးမြန်သစ်မာ စိုက်ခင်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်းချုပ် (ဗဟို) ၏ အတွင်းရေးမှူးချုပ် ဒေါ်မင်းမင်းအေး က ပြောသည်။

ကြီးမြန်ပင်များ စိုက်ပျိုးရာတွင် နာမကျန်းပင် အားလုံးနှင့် အခြားချို့တဲ့သော အပင်များ ယှဉ်ပြိုင်၍ ပေါက်ရောက်နေရာတွင် ကြီးထွားမှုနှေးကွေးပြီး ညံ့သောအပင်များမှာ လောင်းနာပင်အဖြစ် ကျန်ခဲ့သည်။ ၎င်းအပင်များ၊ ခွအပင်များ၊ ပုံပန်းသဏ္ဌာန်မကောင်းသော အပင်များကို ရွေးချယ်၍ ပင်ကျပ်နုတ်ပေးရခြင်းဖြစ်သည်။ ကျန်းမာသန်စွမ်းမှုရှိသည့် အုပ်မိုးပင်များနှင့် အုပ်မိုးပြိုင်ပင်များကိုမူ နုတ်ရန်မလိုဘဲ အပင်သက်ပတ်ကုန်ဆုံးသည်အထိ ချန်ထားရမည်ဖြစ်သည်။

"ဈေးကွက် ဖော်ဆောင်ဖို့ကြိုးပမ်းနေရာမှာ အစစအရာရာ သတိထားလေ့လာတွက်ချက်၊ ဝယ်လက်ကိုလည်း အကဲခတ်ပြီး ပစ္စည်းပေးနိုင်ရေးလည်း စစ်တမ်းကောက်နေပါတယ်။ ဌာနဆိုင်ရာအသီးသီးနဲ့ ဝယ်လက်တွေကို အတိအကျပြောဆိုနိုင်ဖို့အတွက်တော့ စိုက်ကေစာရင်း အဓိကလိုနေတယ်။ ဒါကြောင့် အပင်ရေ (စိုက်ကေ) စာရင်းရဖို့အတွက် တောင်သူတွေကို ပူးပေါင်းပါဝင်စေချင်တယ်။ စာရင်းပေးတဲ့ တောင်သူအတော် နည်းနေပါသေးတယ်။ ဈေးကွက်က သေချာမှုရှိပါတယ်။ စိုက်ပျိုးသူတွေဆီကနေ ကုန်ကြမ်းပမာဏ ဘယ်လောက်ရောင်းချနိုင်မလဲ၊ တစ်လတစ်လ တန်ချိန်ဘယ်လောက် ထွက်နိုင်မလဲ ဆိုတဲ့ အနီးစပ်ဆုံးစာရင်းရဖို့သာ လိုနေတာပါ" ဟု ဒေါ်မင်းမင်းအေး က ဆက်လက်ပြောသည်။

မြန်မာနိုင်ငံတွင် မန်ဂျန်ရှား၊ အကေးရှားမျိုးနဲ့ ကြီးမြန်ပင်များကို ရောဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်း အစရှိသည့် ဒေသအသီးသီး၌ စိုက်ပျိုးထုတ်လုပ်နေကြသည်။

**နန်းထက်ထက်ချစ်**

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

နေပြည်တော် ဒီဇင်ဘာ ၁၁

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အတွက် COVID - 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

**သတင်းစဉ်**

## စုပေါင်းပြီး ထူထောင်ထားတဲ့ ပြည်ထောင်စုကြီး

**ပြည်ထောင်စုဆိုတဲ့ ဝေါဟာရဟာ အင်မတန်မှ လှပပါတယ်။ အင်မတန်မှ တင့်တယ်ပါတယ်။ ကျွန်မတို့ ဒီဝေါဟာရကို ချစ်ခင်မြတ်နိုးတန်ဖိုးထားဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ပြည်ထောင်စုဟာ စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ ပြည်ထောင်စုကြီးလို့ အဓိပ္ပာယ် ဖြစ်ပါတယ်။ စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ နိုင်ငံဆိုတာဟာ စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ တိုင်းပြည်ကြီးတစ်ခု ဆိုတာဟာ စုပေါင်းထူထောင်ထားခြင်းမရှိတဲ့ တိုင်းပြည်တွေနဲ့ မတူပါဘူး။ ကျွန်မတို့ မတူကွဲပြားမှုတွေကို အင်အားဖြစ်အောင်လို့ စုစည်းပြီးမှ ပြည်ထောင်စုတစ်ခုကို ထူထောင်နိုင်မှာ ဖြစ်ပါတယ်။**

**[ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၁၅-၁-၂၀၂၀) ရက်နေ့တွင် ကယားပြည်နယ်နေ့အခမ်းအနားဌ် ပြောကြားသည့်နှုတ်ခွန်းဆက်စကားမှကောက်နုတ်ချက် ]**



မြန်မာ့ရိုးရာ ဦးရွှေရိုး ဒေါ်မိုးအက

ဓာတ်ပုံ – ဇော်မောင်မောင်ဦး (စန္ဒကူး)

*❊ ရွှေဖုံးမှ*

အဲဒီတော့ အခုအချိန်မှာဆိုရင် တချို့ကနေပြီးတော့ ကာကွယ်ဆေး ဘယ်တော့ရမလဲဆိုတာပဲ စိတ်ဝင်စားကြတယ်။ ကာကွယ်ဆေးနဲ့ ပတ်သက်လို့တော့ ကျွန်မတို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းနဲ့၊ နောက် Gavi ဆိုတဲ့ ကာကွယ်ဆေးဆိုင်ရာ အသင်းအဖွဲ့ကြီး ပူးပေါင်းပြီးတော့ ကိုဗစ်အတွက် လုပ်ထားတဲ့ အစီအစဉ်ရှိပါတယ်။ ကိုဗစ်ကာကွယ်ဆေးထိုးဖို့ အစီအစဉ်ပေါ့။ COVAX ဆိုတဲ့ အစီအစဉ်၊ အဲဒီဟာမှာ ကျွန်မတို့ကလည်း ပါဝင်ပါတယ်။ ၇ ရက်နေ့တုန်းကဆိုရင် ဒီဟာ အမှာစာလည်း ပို့ပြီးပါပြီ။ ဆေးတွေနဲ့ ပတ်သက်လို့၊ ကာကွယ်ဆေးတွေနဲ့ ပတ်သက်လို့ အဲဒီဟာလည်း ရနိုင်မယ်လို့လည်း ကျွန်မတို့ သိရပါတယ်။ ဒါ့အပြင် မလုံလောက်တဲ့ဟာတွေကိုလည်း တခြားဘက်ကနေ ကျွန်မတို့ဝယ်ပါ့မယ်။ ဒီ COVAX အစီအစဉ်နဲ့တော့ ကျွန်မတို့လိုသလောက် အားလုံးတော့ရမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်မတို့ နိုင်ငံတော်ကနေပြီးတော့ အားလုံးအတွက် လုံလောက်အောင်လို့ စီစဉ်ထားပါတယ်။ စီစဉ်တဲ့နေရာမှာဆိုရင်လည်း၊ အမျိုးသားအဆင့် ကာကွယ်ဆေးထိုးတဲ့ အကြံပေးအဖွဲ့ဆိုတာလည်း၊ ဝါရင့်ကျန်းမာရေးပညာရှင်ကြီးများနဲ့ ဖွဲ့စည်းထားပြီးပါပြီ။ ဘယ်လိုအစီအစဉ်တွေနဲ့ ကျွန်မတို့လုပ်မလဲ၊ ဆေးတွေကို ဘယ်လိုသိုလှောင်မလဲ၊ ဘယ်လိုဖြန့်ဖြူးမလဲ၊ ဘယ်လိုထိုးပေးမလဲဆိုတာ အဲဒီလိုအစီအစဉ်တွေလည်း ကျွန်မတို့လုပ်ပြီးသား ဖြစ်ပါတယ်။

### ကာကွယ်ဆေးထိုးပေးနိုင်မယ့် အခြေအနေ

ဒါပေမယ့် ကျွန်မသတိပေးချင်တာကတော့ ဒီလိုလုပ်တဲ့နေရာမှာ ကျွန်မတို့က နိုင်ငံရဲ့ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ထည့်ပြီးတော့ တွက်ရပါတယ်။ ကျွန်မပြောချင်တာက ဘာလဲဆိုတော့၊ စီးပွားရေးပြန်ပြီးတော့ နာလန်ထူနေတဲ့ နေရာတွေကို ကျွန်မတို့ ဦးစားပေးပြီးတော့၊ ကာကွယ်ဆေးတွေ ထိုးသင့်ရင်လည်း ထိုးပေးရပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ စီးပွားရေးယန္တရားကြီး ပြန်ပြီးတော့လည်ပတ်ဖို့ဆိုတာဟာ အင်မတန်မှ အရေးကြီးပါတယ်။ ဒါကြောင့် ဒီအချိန်မှာ စီးပွားရေးယန္တရား ပြန်ပြီးတော့ လည်ပတ်နိုင်တဲ့ အခြေအနေရှိတဲ့ ဒေသတွေ၊ ပြောချင်တာကတော့ ကိုဗစ်ရောဂါနဲ့ ပတ်သက်ပြီးတော့ ထိန်းချုပ်ထားနိုင်တဲ့ ဒေသတွေမှာဆိုရင် ပိုပြီးတော့ စောစောစီးစီး ကာကွယ်ဆေးထိုးပေးနိုင်မယ့် အခြေအနေမျိုးလည်း ဖြစ်ပေါ်နိုင်ပါတယ်။ ဒါကတော့ ကျွန်မတို့ကတော့ အားလုံးအတွက် မျှတအောင် လုပ်မယ်၊ အားလုံးကနေလည်း ကာကွယ်ဆေးတော့ရမှာပဲ၊ ဒါပေမယ့် ဘယ်တော့၊ ဘယ်သူတွေကို ဦးစားပေးရမလဲဆိုတာတော့ နိုင်ငံရဲ့လိုအပ်ချက်အရ၊ နောက်ပြီးတော့ ကျွန်မတို့ရဲ့ လုပ်ဆောင်နိုင်တဲ့ အင်အားအရပေါ့။ အဲဒါကို ကျွန်မတို့ ဆုံးဖြတ်ရမှာပါ။

ဒါကြောင့် စောစောစီးစီးပြန်ပြီးတော့ သာမန်လည်ပတ်မှု ဖြစ်သွားချင်ရင် အထူးသတိထားဖို့ လိုပါတယ်၊ အထူးဂရုစိုက်ပါ၊ ဒီအချိန်မှာ။ ဒီအချိန်မှာ ဂရုစိုက်ပါဆိုတာ ထပ်တလဲလဲ ပြောနေရတဲ့အခါကျတော့ တချို့ကတော့ သေချာတောင် နားထောင်ပါဦးမလားတော့ မသိပါဘူး။ ဒါပေမယ့်လည်း ထပ်တလဲလဲလည်း သတိပေးဖို့လိုလို့ သတိပေးပါရစေ။ Mask တပ်တာ၊ လက်ကို ကောင်းကောင်းမွှန်မွှန်ဆေးတာ ဒီနှစ်ခုတည်းကို လုပ်မယ်ဆိုရင် တောင်မှ ရောဂါကူးစက်နိုင်တဲ့နှုန်း အင်မတန်မှ ကျသွားပါတယ်။ လုံးဝ လုံခြုံမယ်လို့ပြောတာ မဟုတ်ပါဘူး။ သို့သော်ငြားလည်း Mask လည်း တပ်ထားတယ်၊ လက်ကိုလည်း စင်စင်ဆေးတယ်၊ ပိုးသန့်အောင်ပေါ့။ ကိုယ့်လက်ကိုယ် ကိုယ်ပိုးသန့်အောင်ထားတယ်ဆိုရင်တော့ ရနိုင်နှုန်းက အင်မတန်မှ ကျသွားမှာ ဖြစ်ပါတယ်။ အကောင်းဆုံးကတော့ ထိတွေ့မှု၊ ပြင်ပကပေါ့၊ ကိုယ့်မိသားစု၊ ကိုယ့်အိမ်သူ အိမ်သားများကလွဲလို့ ပြင်ပကသူတွေနဲ့ထိတွေ့မှု အနည်းဆုံးဖြစ်အောင် နေတာကတော့ အကောင်းဆုံးပေါ့။ ကိုယ့်အိမ်ထဲမှာဆိုရင်တောင်မှ သတိထားရပါတယ်။ တချို့အိမ်သားတွေက အပြင်ထွက်တယ်၊ အပြင်ထွက်ပြီးတော့ ပြန်လာတယ်။ ကျွန်မလည်း သတိပေးပြီးပါပြီ။ အဲဒီတော့

**"တချို့ကတော့ ဒီရောဂါဖြစ်ပြီးရင် အေးအေးဆေးဆေးပဲ၊ နောင်ဖြစ်စရာ မလိုတော့ဘူးဆိုပြီးတော့ ထင်နေတဲ့လူတွေလည်း ရှိပါတယ်။ အဲဒီဟာလည်း မဟုတ်ပါဘူးဆိုတာ ကျွန်မသတိပေးပါရစေ။ ကျွန်မနားလည်သလောက်ကတော့ ပညာရှင်များ သတ်မှတ်ထားတာက ရောဂါဖြစ်ပြီးတော့ ၃ လလောက်အထိ ရက် ၉၀ ပေါ့။ ရက် ၉၀ ဆိုတော့ ၃လလောက်အထိကို ပြန်ပြီးတော့ ရောဂါကူးဖို့ အခြေအနေမရှိဘူးပေါ့။ မရှိသလောက်ပဲ ဆိုပါတော့။ ဒါပေမယ့် ရက် ၉၀ လွန်သွားလို့ရှိရင် ပြန်ပြီးတော့ ဖြစ်နိုင်တဲ့အခြေအနေ ပြန်ရောက်သွားပါတယ်"**

ကိုယ်ကိုယ်တိုင်ကနေပြီးတော့ အရွယ်ကောင်းမို့လို့၊ အခြေခံကျန်းမာရေး ကောင်းမို့လို့ ဘာမှမဖြစ်ဘူးဆိုပေမယ့်လည်း ကိုယ့်အိမ်က မိဘအိုကြီးတွေ ရှိရင်၊ အဖိုးအဖွားတွေ ရှိရင်၊ ဒါမှမဟုတ် ကျန်းမာရေးအရ အခြေခံအားနည်းချက် ရှိတဲ့ မိသားစုဝင်တွေရှိရင် သူတို့တွေအတွက် အများကြီးအန္တရာယ်ရှိတယ် ဆိုတာကို ထပ်ပြီးတော့လည်း စဉ်းစားစေချင်ပါတယ်။

အဲဒီတော့ ကျွန်မတို့ အခုကိုဗစ်နဲ့ ပတ်သက်လို့ဆိုရင် တချို့က ကာကွယ်ဆေးထိုးပြီးလို့ရှိရင် ပြီးသွားတာပဲဆိုပြီးတော့ ပေါ့ပေါ့တွက်ပါလိမ့်မယ်။ ဒါပေမယ့် ကာကွယ်ဆေးကို တစ်တိုင်းပြည်လုံးကို ကျွန်မတို့ထိုးပေးရမှာပါ။ ကျွန်မတို့နိုင်ငံမှာ ဘယ်သူမှ မကျန်ဖို့ပေါ့။ ဒါတော့ ကျွန်မတို့ရဲ့ မူပါပဲ။ ဘယ်သူ့ကိုမှ မချန်ခဲ့ဘူး။ အားလုံးကို ကျွန်မတို့ကနေပြီးတော့ ကျန်းမာရေးအရ ကာကွယ်မှုပေးဖို့ ကျွန်မတို့ စီစဉ်ပါတယ်။ ဒါပေမယ့် အားလုံးကို တစ်ချိန်တည်း ထိုးပေးနိုင်တာတော့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ဒီကာကွယ်ဆေးထိုးတဲ့ အစီအစဉ် တစ်နိုင်ငံလုံးအတွက် ပြီးမြောက်အောင်လို့ဆိုရင် လနဲ့ချီပြီးတော့ ကြာမှာပါ။ ဒါကြောင့် အခု၊ ဒီနေ့၊ မနက်ဖြန်၊ သန်ဘက်ခါလောက် ပြီးသွားမယ်လို့ အဲဒီလိုမယူဆပါနဲ့။ ကျွန်မတို့ ကာကွယ်ဆေးတွေဟာလည်း ဒီလတော့စပြီး ထိုးနိုင်မယ့် အခြေအနေတော့ ကျွန်မ မမြင်ပါဘူး။ အဲဒီတော့ မှာထားတာတွေ ရှိတယ်။ အစီအစဉ်တွေတော့ လုပ်ပြီးသားပါ။ ဒါပေမယ့် ဟိုဘက်ကလည်း ရောက်လာဖို့လည်း လိုပါသေးတယ်။ အစောဆုံးတော့ ကျွန်မတို့ လုပ်ပါမယ်။ နောက်ပြီးတော့ စလုပ်ပြီးတဲ့အချိန်ကနေပြီးတော့လည်း နောက် တွက်လိုက်မယ်ဆိုရင် လနဲ့ချီပြီးတော့ကြာမှ တစ်တိုင်းပြည်လုံးကို ပြီးသွားမှာပါ။ ဒီကြားထဲမှာ ကျွန်မတို့ အထူးဂရုစိုက်ဖို့ လိုပါတယ်။ ဒီကြားထဲမှာ ဒီရောဂါ ထပ်ပြီးတော့ ဖြစ်နေမယ်ဆိုရင် ကျွန်မသတိပေးတဲ့အတိုင်းပဲ၊ အရင်စောစောက သတိပေးတဲ့အတိုင်းပဲ ကျွန်မတို့ရဲ့ နိုင်ငံရဲ့စီးပွားရေးပေါ့။ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေ ပြန်လည်လည်ပတ်ဖို့အတွက် နှောင့်နှေးသွားပါလိမ့်မယ်။ အဲဒီဟာအတွက် အထစ်အငေါ့ ဖြစ်ပါလိမ့်မယ်။

နောက် တချို့ကတော့ ဒီရောဂါဖြစ်ပြီးရင် အေးအေးဆေးဆေးပဲ၊ နောင်ဖြစ်စရာ မလိုတော့ဘူးဆိုပြီးတော့ ထင်နေတဲ့လူတွေလည်း ရှိပါတယ်။ အဲဒီဟာလည်း မဟုတ်ပါဘူးဆိုတာ ကျွန်မ သတိပေးပါရစေ။ ကျွန်မနားလည်သလောက်ကတော့ ပညာရှင်များ သတ်မှတ်ထားတာက ရောဂါဖြစ်ပြီးတော့ ၃ လလောက်အထိ ရက် ၉၀ ပေါ့။ ရက် ၉၀ ဆိုတော့ ၃လလောက်အထိကို ပြန်ပြီးတော့ ရောဂါကူးဖို့ အခြေအနေမရှိဘူးပေါ့။ မရှိသလောက်ပဲ ဆိုပါတော့။ ဒါပေမယ့် ရက် ၉၀ လွန်သွားလို့ရှိရင် ပြန်ပြီးတော့ ဖြစ်နိုင်တဲ့အခြေအနေ ပြန်ရောက်သွားပါတယ်။ ဒါကြောင့် တစ်ခါကိုဗစ်ကူးပြီးပြီဆိုရင်၊ ဖြစ်ပြီးပြီဆိုရင် နောင်ဖြစ်တော့မှာမဟုတ်ဘူး၊ ဖြစ်ရင်လည်း ဖြစ်ပါစေဆိုပြီးတော့ ဒီလို စိတ်ထဲမှာ မထားပါနဲ့။ ထပ်တလဲလဲ ဖြစ်နေတယ်ဆိုလို့ရှိရင်တော့ ကိုယ့်ရဲ့ အခြေခံကျန်းမာရေးကိုတော့ ထိခိုက်မှာ ဖြစ်ပါတယ်။ အဲဒီလို အခြေခံကျန်းမာရေး ထိခိုက်ရုံတင်မကဘူးပေါ့။ တစ်ခါဖြစ်တိုင်းဖြစ်တိုင်း ကိုယ့်အတွက်ရော၊ ကိုယ့်မိသားစုတွေအတွက်ရော ဝန်ထုပ်ဝန်ပိုး ဖြစ်ပါတယ်။ နိုင်ငံတော်အတွက်လည်း ဝန်ထုပ်ဝန်ပိုးဖြစ်ပါတယ်။

### ပြန့်ပွားမှုကို ဝိုင်းဝန်းထိန်းသိမ်း

ကျွန်မတို့ဟာ ကျွန်မတို့ ပြည်သူတွေရဲ့ ကျန်းမာရေးကို ဂရုစိုက်ဖို့ကို လုံးဝတာဝန်ယူပါတယ်။ ဂရုစိုက်ရတာကိုလည်း၊ ဂရုစိုက်နိုင်တာကိုလည်း ဂုဏ်ယူပါတယ်။ သို့သော်ငြားလည်း ကျွန်မတို့နိုင်ငံရဲ့ အခြေအနေအရဆိုရင် အကန့်အသတ်မရှိ ကျွန်မတို့ သုံးနိုင်တာမဟုတ်ပါဘူး။ ဒါလည်း ကျွန်မ ထပ်တလဲလဲ သတိပေးနေရတာပါ။ တစ်နေရာရာမှာ သုံးတယ်ဆိုရင် နောက်တစ်နေရာမှာ လျှော့ရပါတယ်။ အဲဒီတော့ ကျွန်မတို့ ကျန်းမာရေးအတွက်၊ ကိုဗစ်ကာကွယ်ရေးအတွက်၊ ကုသရေးအတွက် သုံးတာမှန်သမျှ ဆိုတာဟာ ဖွံ့ဖြိုးရေးအတွက် သုံးတဲ့အထဲကနေပြီးတော့ ကျွန်မတို့ ထုတ်ယူရတာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့နိုင်ငံသူ နိုင်ငံသားများက မြန်မြန် တိုးတက်ချင်တယ်။ မြန်မြန်ဖွံ့ဖြိုးတိုးတက်ချင်တယ်။ မြန်မြန်ပိုပြီးတော့ သာမန်အရင်တုန်းကလိုပေါ့။ သွားလိုက်၊ လာလိုက်နဲ့ လွတ်လွတ်လပ်လပ် လုပ်ကိုင်စားသောက်နိုင်တဲ့ဘဝကို ပြန်ရောက်ချင်တယ်ဆိုရင်တော့ ကိုဗစ်ပြန့်ပွားမှုကို အားလုံးဝိုင်းပြီးတော့ ထိန်းပေးဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။ အဲဒါကိုလည်း ကျွန်မတို့ ဂရုစိုက်စေချင်ပါတယ်။

ဒီလိုပြန့်ပွားနေတဲ့ အထဲက ကျွန်မတို့ တချို့နေရာတွေမှာ၊ အထူးသဖြင့် Stay At Home မဟုတ်တဲ့ နေရာတွေပေါ့။ နောက်ပြီးတော့ တချို့ကဏ္ဍတွေမှာ ကျွန်မတို့ ဖြေလျှော့ပေးပါတယ်။ ဒီလိုဖြေလျှော့ပေးရတဲ့ အကြောင်းရင်းကလည်း ပြန်ပြီးတော့၊ သာမန်အနေအထားကို ပြန်ပြီးတော့ အမြန်ဆုံး ကျွန်မတို့ လုပ်နိုင်ဖို့ ကြိုးစားတာဖြစ်ပါတယ်။ ဥပမာဆိုရင် ပြည်တွင်းလေကြောင်းတွေကို ပျံသန်းဖို့ဟာ ကျွန်မတို့ စစီစဉ်ပါပြီ။ ဒါတော့ စည်းမျဉ်းစည်းကမ်း၊ ကျန်းမာရေး စည်းမျဉ်းစည်းကမ်းနဲ့ ကိုက်ညီစွာပေါ့။ တိတိကျကျ ကျွန်မတို့ လုပ်မှာဖြစ်ပါတယ်။ နောက် ပြည်ပလေကြောင်းများ ပျံသန်းဖို့ အဝင်အထွက် သာမန်ပုံစံဘက်ကို ဦးတည်ဖို့ဆိုတာလည်း ကျွန်မတို့စပြီးတော့ စီစဉ်နေပါပြီ။ အစောဆုံးဖြစ်အောင်လို့ လုပ်ပါမယ်။ ဒီလို ပြည်တွင်းရော၊ ပြည်ပရောပေါ့။ လေယာဉ်ပျံသန်းမှုရှိနိုင်ရေး၊ ဆက်သွယ်ရေးကောင်းရေး၊ ပြန်ပြီးတော့ ကူးလူးဆက်ဆံမှု မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ရေးဆိုတာလည်း ပြန်ပြီးတော့ ကျွန်မတို့ရဲ့ တိုးတက်ရေးမြန်အောင်လို့ လုပ်တဲ့ဟာပဲ ဖြစ်ပါတယ်။ ဒါကြောင့် စက်ရုံတွေဆိုလည်း စက်ရုံတွေ၊ အလုပ်ရုံတွေလည်း အမြန်ဆုံး ကျွန်မတို့ ပြန်ဖွင့်ပေးမယ်။ Stay At Home မဟုတ်တဲ့ နေရာတွေမှာလည်း ကျန်းမာရေး စည်းမျဉ်းစည်းကမ်းနဲ့ ကိုက်ညီတဲ့ စားသောက်ဆိုင်တွေကို ကျွန်မတို့ ဖွင့်ဖို့၊ ပြန်ပြီးတော့ ခွင့်ပြုမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီလို အကန့်အသတ်တွေကနေပြီးတော့ မြန်မြန်ဆန်ဆန် လွတ်မြောက်စေချင်တယ်ဆိုရင်တော့ စည်းမျဉ်းစည်းကမ်းကို လိုက်နာဖို့ကတော့ အင်မတန်မှ အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်မတို့ပြည်သူတွေ၊ အထူးသဖြင့် ရန်ကုန်က ပြည်သူတွေ သတိထားပြီးတော့ ကိုဗစ်ရောဂါ မပြန့်ပွားရေးအတွက် နိုင်ငံတော်ကို ကူညီကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံပါတယ်။ အားလုံးကျန်းမာချမ်းသာကြပါစေ။

# တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၁)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကျင်းပ

**နေပြည်တော်  ဒီဇင်ဘာ ၁၁**

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၁)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင် တက်ရောက်၍ သင်တန်းဆင်းမိန့်ခွန်း ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဖေယျကျော်ထင် တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဖေယျကျော်ထင် မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး နှင့် မင်္ဂလာဒုံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲ၏ အလေးပြုခြင်းကို ခံယူပြီး တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၁)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၅၄၇၁ ဗိုလ်လောင်း ပြည့်ဖြိုးဝင်း၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၅၄၆၀ ဗိုလ်လောင်း ဖေယျာမင်းလွင်၊ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၅၄၈၁ ဗိုလ်လောင်း လင်းပြည့်ဖြိုး တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းမိန့်ခွန်း ပြောကြားပြီးနောက် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြ အခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်ဆေးတက္ကသိုလ် ညှော့ခန်းမဆောင်၌ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၁)မှ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၅၄၇၁ ဗိုလ်လောင်း ပြည့်ဖြိုးဝင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။
ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ “အောင်ဆန်း”ရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော်  ဒီဇင်ဘာ ၁၁

**ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။**



ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ “အောင်ဆန်း”ရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆပ်ကော်မတီများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလင်္ကာကျော်စွာ အကယ်ဒမီပန်းချီစိုးမိုး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးညီညီထွန်းလွင်၊ အောင်ဆန်းရုပ်ရှင်ဇာတ်ကား ဒါရိုက်တာ ဦးလူမင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ လုပ်ငန်းအဖွဲ့ငယ်ခေါင်းဆောင်များ မြန်မာ့သမိုင်းပညာရှင်များက Video Conferencing စနစ်ဖြင့် တက်ရောက်ဆွေးနွေးကြသည်။

**ညွှန်ကြားချက်များလိုက်နာ**

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ယခုဆိုလျှင် ရုပ်ရှင်ဇာတ်ကား ရိုက်ကူးမှု အားလုံး၏ ၉၀ ရာခိုင်နှုန်းကို ရိုက်ကူးပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလကစ၍ ကိုဗစ်-၁၉ ကပ်ရောဂါ ဒုတိယလှိုင်းအဖြစ် ပြန်လည်ခေါင်းထောင်လာသည့်အတွက် ရိုက်ကူးရေးလုပ်ငန်းများကို ခေတ္တ ရပ်နားထားခဲ့ရပြီး ရောဂါဖြစ်ပွားမှု ရပ်တန့်သွားချိန်တွင် ပြန်လည်ရိုက်ကူးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြောင်းကို သိခွင့်ရသည့်အတွက် အထူးပင် ကျေးဇူးတင် ဝမ်းမြောက်မိပါကြောင်း၊ ထို့အပြင် ရုပ်ရှင်ရိုက်ကူးရေးကိစ္စရပ်များ ခေတ္တရပ်နားထားချိန်တွင် Red Radiance Co., Ltd မှ Computer နည်းပညာရှင်များဖြင့် လိုအပ်သော တည်းဖြတ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ 3D Graphic များ၊ Animation Effect များ ဖန်တီးဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များကို လိုက်နာ၍ ဆောင်ရွက်လျက်ရှိကြောင်း။

ရုပ်ရှင်ဇာတ်ကားကြီး ပီပီပြင်ပြင် ရိုက်ကူးနိုင်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနက လက်နက်နှင့် ဆက်စပ်ပစ္စည်းများ ကူညီပံ့ပိုးပေးခြင်း၊ လက်နက်များအတွက် လုံခြုံရေး ဆောင်ရွက်ပေးခြင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် တပ်မတော်သားအင်အား ၂၅၀ အား ရိုက်ကူးရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ကာကွယ်ရေးဝန်ကြီးဌာနပိုင် ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ ခြံအမှတ် (၈၀) ခြံအမှတ်(၁၂၀)တို့တွင် လည်းကောင်း တပ်မတော်စစ်သမိုင်းပြတိုက်၊ အမှတ် ၂ တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း (မိုးစွေ) တို့တွင်လည်းကောင်း ရိုက်ကူးခွင့်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ပါကြောင်း၊ လက်နက်နှင့် ဆက်စပ်ပစ္စည်းများကိုလည်း ပံ့ပိုးကူညီပေးခဲ့ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနကလည်း ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းတွင် ရှိသည့် “အနုပညာရပ်ဝန်း” အတွင်းတွင် ရိုက်ကူးခွင့်ရရှိရေးအတွက် ပံ့ပိုးကူညီပေးခဲ့ပါကြောင်း၊ ထို့အပြင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန အပါအဝင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ အစိုးရအဖွဲ့များကလည်း ရိုက်ကူးရေးအတွက် လိုအပ်သော ကူညီပံ့ပိုးမှုများကို ဆောင်ရွက်ပေးခဲ့သည့်အတွက် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောကြားသည်။

**အရည်အသွေးပြည့်မီ**

ယင်းနောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက ယခုအခါ ရုပ်ရှင်ရိုက်ကူးမှုရက်ပေါင်း ၁၁၅ ရက်ရှိခဲ့ပြီ ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း ရိုက်ကူးရေးလုပ်ငန်းများ ရပ်ဆိုင်းထားရသည့်အတွက် ရိုက်ကူးပြီးစီးသော ဇာတ်လမ်းအခန်းစဉ်များထဲမှ Computer နည်းပညာအသုံးပြုရမည့် ဇာတ်ဝင်ခန်းများအတွက် ရုပ်ရှင်ဆိုင်ရာ Computer အထူးပြုလုပ်ချက် နည်းပညာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ညှိနှိုင်းအစည်းအဝေးများ အကြိမ်ကြိမ် ကျင်းပ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့်လည်းကောင်း၊ လက်တွေ့လုပ်ငန်းနယ်ပယ်တွင်လည်း အပြန်အလှန်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် လည်းကောင်း၊ အောင်ဆန်းရုပ်ရှင် ဇာတ်ကားကြီးသည် အများပြည်သူများ မျှော်လင့်ထားသကဲ့သို့ အရည်အသွေးပြည့်မီသော ရုပ်ရှင်ဇာတ်ကားတစ်ကားအဖြစ် ပေါ်ထွက်လာမည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း ပြောကြားသည်။

**ညှိနှိုင်းဆွေးနွေး**

ထို့နောက် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကော်မတီ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ အလင်္ကာကျော်စွာ အကယ်ဒမီ ပန်းချီစိုးမိုး၊ ဒါရိုက်တာ ဦးလူမင်းနှင့် သမိုင်းပညာရှင်များ၊ Red Radiance Co., Ltd မှ Computer ပညာရှင်များ၊ ဝတ်စုံဒီဇိုင်းပညာရှင်များက “အောင်ဆန်းရုပ်ရှင်” ရိုက်ကူးပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းစဉ်များကို အကြံပြုညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**တတ်သိပညာရှင်များ ဖိတ်ကြား**

နိဂုံးချုပ်အနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အောင်ဆန်းရုပ်ရှင်အား Press Show မပြမီ သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သမိုင်းပညာရှင်များ၊ တတ်သိပညာရှင်များအား ဖိတ်ကြားပြီး Tri Show ပြသနိုင်ရေး စီစဉ်ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့သာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့မှ Mission Chief , Mr. Shanaka Jayanath Peiris နှင့် အဖွဲ့ကို Virtual ဖြင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၁**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် IMF Mission Chief, Mr. Shanaka Jayanath Peiris နှင့်အဖွဲ့ကို ယနေ့ နံနက် ၉ နာရီခွဲတွင် Virtual Meeting ဖြင့် တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**




တွေ့ဆုံဆွေးနွေးစဉ်ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် လူမှုစီးပွားရေးဆိုင်ရာထိခိုက်မှုများကို ကုစားနိုင်ရေးအတွက် IMF မှ Rapid Credit Facility (RCF)နှင့် Rapid Financing Instrument (RFI) အစီအစဉ်များဖြင့် မြန်မာနိုင်ငံသို့ ချေးငွေအမေရိကန်ဒေါ်လာ သန်း ၇၀၀ ပံ့ပိုးပေးခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယင်းချေးငွေ အမေရိကန်ဒေါ်လာ သန်း ၇၀၀ အနက် ပထမအသုတ် သန်း ၃၅၀ ကို ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် သုံးစွဲခဲ့ပြီးဖြစ်၍ ဒုတိယအသုတ်အဖြစ် အမေရိကန်ဒေါ်လာသန်း ၃၅၀ ကို ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်တွင် ဆက်လက် သုံးစွဲနိုင်ရေးအတွက် Letter of Intent နှင့် MoU တို့ကို လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းချေးငွေများကို ကိုဗစ်-၁၉ နှင့် ဆက်စပ်အသုံးစရိတ်များတွင် ထိရောက်စွာ သုံးစွဲနိုင်ရေးအတွက် ကြပ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ G20 နိုင်ငံများကလည်း ကြွေးမြီပေးဆပ်ရမည့် ကာလကို ၂၀၂၀ ပြည့်နှစ် မေလမှစ၍ ဒီဇင်ဘာလအထိ ရွှေ့ဆိုင်းပေးခဲ့သည့်အပြင် ၂၀၂၁ ခုနှစ် ဇွန်လကုန်အထိ နောက်ထပ် ခြောက်လ ထပ်မံရွှေ့ဆိုင်းပေးမည်ဟု ကြားသိရပါကြောင်း၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုနှင့် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးများတွင် IMF ၏ နည်းပညာကူညီပံ့ပိုးမှုများဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက် ရာတွင် တွေ့ကြုံရသည့် Fiscal Risk များအတွက် စီမံခန့်ခွဲရန်နည်းလမ်းများနှင့်စပ်လျဉ်း၍ ဆက်လက်ပံ့ပိုးပေးစေလိုပါကြောင်း၊ ကိုဗစ်-၁၉ ကာလအလွန် ဆောင်ရွက်မည့် Myanmar Economic Resilience and Reform Plan (MERRP) ကိုလည်း ပြင်ဆင်ရေးဆွဲလျက်ရှိပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

IMF Mission Chief , Mr. Shanaka Jayanath Peiris က ကိုဗစ်-၁၉ ကာလအတွင်း မြန်မာနိုင်ငံအစိုးရ၏ တုံ့ပြန်ဆောင်ရွက်မှုများကို အားရကျေနပ်ပါကြောင်း၊ မြန်မာနိုင်ငံအတွက် IMF မှ RCF နှင့် RFI အစီအစဉ်များဖြင့် ပံ့ပိုးပေးမည့် ဒုတိယအသုတ်ချေးငွေ အမေရိကန်ဒေါ်လာသန်း ၃၅၀ ထုတ်ချေးရေးကိစ္စကို IMF Director Board အဖွဲ့မှ လာမည့်နှစ် ဇန်နဝါရီလလယ်ခန့်တွင် အတည်ပြုဆုံးဖြတ်နိုင်ရေး တင်ပြပေးမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ကာလအလွန် ဆောင်ရွက်မည့် စီမံချက်များကိုလည်း ကြိုဆိုပါကြောင်း၊ IMF အနေဖြင့် ငွေကြေးပံ့ပိုး ကူညီမှုများအပြင် နည်းပညာအကူအညီများကို လည်း ဆက်လက်ပံ့ပိုးပေးသွားမည် ဖြစ်ပါကြောင်း၊ ဆောင်ရွက်ဆဲဖြစ်သည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုနှင့် အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို IMF မှ ဆက်လက်ပံ့ပိုး ကူညီပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကြုံတွေ့နိုင်သည့် Fiscal Risk များနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲနိုင်မည့် နည်းလမ်းများကို နိုင်ငံတကာ အတွေ့အကြုံကောင်းများဖြင့် ပံ့ပိုးကူညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ဖြစ်နိုင်ခြေရှိသော နည်းပညာပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များကို အတူတကွ ရွေးချယ်ဆောင်ရွက်လိုပါကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း China (Zhejiang)–Myanmar Conference on Investment Cooperation ဆွေးနွေးပွဲသို့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးနှင့် Zhejiang ပြည်နယ်ကုန်သွယ်ရေးဦးစီးဌာနတို့ဦးဆောင်၍ Zhejiang အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဗဟိုဌာန၊ Chinese Enterprises Chamber of Commerce နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် များအသင်းချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ကျင်းပသည့် "Matchmaking Conference on China (Zhejiang)–Myanmar Investment Cooperation Promotion" ဆွေးနွေးပွဲသို့ Video Conferencing စနစ်ဖြင့် တက်ရောက်၍ အမှာစကား ပြောကြားသည်။ **(အပေါ်ယာပုံ)**






### အသိအမှတ်ပြု

ဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီးက လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား နှစ်ဦးနှစ်ဖက်အကျိုးရှိစေသည့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာလာပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းရာတွင် စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများမှသည် နိုင်ငံတကာဈေးကွက်သို့ တင်ပို့မည့် စက်မှုကုန်ထုတ်လုပ်ငန်းများ ထူထောင်ရာတွင် လည်းကောင်း၊ အခြေခံအဆောက်အအုံ လုပ်ငန်းများနှင့်စွမ်းအင်ကဏ္ဍတွင် လည်းကောင်း တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများကို အသိအမှတ်ပြုပါကြောင်း ပြောကြားသည်။

### ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို အားပေးဖိတ်ခေါ်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မကြာသေးမီက မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ ပါဝင်လက်မှတ်ရေးထိုးခဲ့သည့် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) စာချုပ်ကို ဆက်လက်ဖော်ဆောင်ရာ၌ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ပိုမိုတိုးမြှင့်လာနိုင်ရေး အလားအလာများကို လည်းကောင်း ပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ကိုယ်စားလှယ်က မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေမူဘောင်နှင့် ရင်းနှီးမြှုပ်နှံစေလိုသည့် ဦးစားပေးကဏ္ဍများနှင့် အခွင့်အလမ်းများကို လည်းကောင်း၊ သက်ဆိုင်ရာစီမံကိန်းတာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်မြို့သစ်စီမံကိန်း၊ ပုသိမ် စက်မှုမြို့တော်စီမံကိန်း၊ အလားအလာရှိသော မြန်မာ့ကမ်းလွန်သဘာဝဓာတ်ငွေ့ လုပ်ငန်းများ၊ ချည်မျှင်အထည်အလိပ်ကဏ္ဍနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းများ စသည်တို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များ၏ မေးမြန်းချက်များကိုလည်း ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ကာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွင်လည်း အဓိက အရင်းအမြစ်တစ်ခုဖြစ်သည်။ Zhejiang ပြည်နယ်သည် တရုတ်နိုင်ငံအတွင်း ရန်စီမြစ်ဝကျွန်းပေါ် တောင်ဘက်တွင်တည်ရှိပြီး တရုတ်နိုင်ငံ စုစုပေါင်းမြေဧရိယာ၏ ၁ ရာခိုင်နှုန်း၊ စုစုပေါင်းလူဦးရေ၏ ၄ ရာခိုင်နှုန်းနှင့် နိုင်ငံ ဂျီဒီပီ၏ ၆ ဒသမ ၃ ရာခိုင်နှုန်းကို လွှမ်းခြုံထားသည့် ပြည်နယ်တစ်ခုဖြစ်သည်။ Zhejiang ပြည်နယ်၏ ပုဂ္ဂလိက စီးပွားရေးသည်လည်း များစွာတိုးတက်လျက်ရှိပြီး တရုတ်နိုင်ငံ၏ ထိပ်တန်းပုဂ္ဂလိက စီးပွားရေးလုပ်ငန်း ၅၀၀ တွင် Zhejiang ကုမ္ပဏီ ၉၂ ခု ပါဝင်လျက်ရှိသည်။ ၎င်းကုမ္ပဏီများတွင် သတင်းနှင့် နည်းပညာ၊ သဘာဝပတ်ဝန်းကျင် ကာကွယ်မှု၊ ကျန်းမာရေး၊ ခရီးသွားလုပ်ငန်း၊ ဖက်ရှင်လုပ်ငန်း၊ ဘဏ္ဍာရေးလုပ်ငန်း၊ အဆင့်မြင့်ကိရိယာများ ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများအပါအဝင် "ထရီလီယံ စက်မှုလုပ်ငန်း ရှစ်ခု" ပါဝင်သည်။ အဆိုပါလုပ်ငန်းများသည် လုပ်သားအခြေပြု စက်မှုလုပ်ငန်းများ အပါအဝင် အရည်အသွေးမြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်အတွက် ရှေ့ဆောင်လုပ်ငန်းများလည်း ဖြစ်သည်။

### တက်ရောက်

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Zhejiang ပြည်နယ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ CECCM ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်းလူဦးရေ ၁၄၀ ခန့် တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ဂုဏ်ယူမှန်းဆ ... လွမ်းရပါကြောင်း ရေနံချောင်းမြို့က ... အမျိုးသားကျောင်း

ဒေါက်တာနီလာသိန်း (လင်းရောင်သစ်)



ဗိုလ်ချုပ်၏ ငယ်ဆရာ ဆရာကြီး ဦးခင်သန်း(ရန်ကုန်တိုင်းပညာဝန်/ ငြိမ်း)

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလဟာ ထူးခြားလှတဲ့ နှစ်၊ လ ဖြစ်ပါတယ်။ မြန်မာ့ရုပ်ရှင်ရာပြည့်၊ ရန်ကုန်တက္ကသိုလ်ရာပြည့်၊ အမျိုးသားအောင်ပွဲရာပြည့်၊ အမျိုးသားကျောင်းရာပြည့် စတဲ့ နှစ်တစ်ရာပြည့် အမှတ်တရတွေနဲ့ တိုက်ဆိုင်နေတာကြောင့် စာပေ၊ ကဗျာ၊ ဂီတ၊ အငြိမ့်သဘင် အနုပညာတွေနဲ့ ရေးသားဖော်ပြ အောက်မေ့တသကြတာကို တဝကြီး တွေ့မြင်နေရပါတယ်။

ကျွန်မတို့ မသိမမီလိုက်တဲ့ အတိတ်ခေတ်ကာလတွေရဲ့ သမိုင်းပုံရိပ်တွေကို သိရှိခွင့်ရတဲ့အခါ၊ ကြည့်ရှုခွင့်ရတဲ့အခါ ကျွန်မကြီးပြင်းခဲ့ရာ ရေနံချောင်းဆိုတဲ့ မြို့လေးနဲ့ အတူ သမိုင်းဝင်နေရှင်နယ် အမျိုးသားအထက်တန်းကျောင်းရဲ့ ရာဇဝင်သမိုင်းကြောင်းတွေကို ကျောင်းသူဟောင်းတစ်ယောက်အနေနဲ့ ပြန်ပြောင်းတမ်းတသတိရမိပါတယ်။ 'ရေနံချောင်း' ဆိုတဲ့ အသံကိုကြားလိုက်တာနဲ့တင် ကျွန်မရဲ့ဦးနှောက်က အလုပ်များစွာလုပ်ပြီး နှလုံးသားက ပူနွေးလှိုက်လှဲလာခဲ့ရပါတယ်။

### သမိုင်းခိုင်မာတဲ့မြို့

တကယ်တော့ ရေနံချောင်းမြို့ဟာ မြန်မာနိုင်ငံရဲ့ အမျိုးသားရေးသမိုင်းမှာ မပါမဖြစ် အထင်ကရရှိခဲ့တဲ့မြို့၊ သမိုင်းခိုင်မာတဲ့မြို့ ဖြစ်ပါတယ်။ အဘိုးသခင်ကိုယ်တော်မှိုင်း သမိုင်းစခဲ့တဲ့ မြို့၊ တို့ဗမာအစည်းအရုံး ပထမဆုံးကျင်းပရာ နေရာမှန်၊ 'လည်ပေါ်တန်ဆောင်းနဲ့ သခင်အောင်ဆန်း' တို့လို မျိုးချစ်သူရဲကောင်းတွေ အောင်မြေနင်းခဲ့တဲ့မြို့၊ ကိုအောင်ဆန်းရဲ့ ပထမအရွယ် ကျောင်းသားဘဝနေထိုင်ခဲ့ရာ ရွှေကြာငုံ ရပ်ကွက်နဲ့ အမျိုးသားနေရှင်နယ်ကျောင်းတည်ရာမြို့၊ နယ်ချဲ့ဆန့်ကျင်ရေး အလုပ်သမားထုကြီးရဲ့ ကျေးဇူးရှင် သခင်ဖိုးလှကြီးရဲ့ အောင်ပွဲရင်ပြင်မြို့ စတဲ့ နောက်ခံသမိုင်းကြောင်းတွေကို ပြောရရင်ဖြင့် တစ်ထောင့်တစ်ညမက ရှိနေပါလိမ့်မယ်။

ပုဂံ အလောင်းစည်သူမင်းလက်ထက် ရေနံတွေက ချောင်းသဖွယ် စီးဆင်းခဲ့ပြီး သုံးချောင်းငင် လက်ယက်တွင်းမှသည် သံပန်းမျှော်စင်ကြီးတွေ တဝေဝေနဲ့ 'မီးမငြိမ်းမြို့တော်' ရယ်လို့ ရာဇဝင်တွင်ခဲ့တဲ့ သမိုင်းဝင်မြို့ ဖြစ်ပါတယ်။

ဒါကြောင့်လည်း ...

**ရေနံချောင်းဆိုတာ**

**ရေနံချောင်းဆိုတာ .......**
**အနိမ့် အမြင့်တောင်တန်းတွေနဲ့**
**ကျွန်ဘဝရဲ့ ကယ်တင်ရှင်အခေါင်နန်း**
**သခင်အောင်ဆန်းကို.....**
**စင်တင်ပေးခဲ့တဲ့မြို့။ (နန္ဒာနောင်မိုး)**

**ရေနံချောင်းဆိုတာ....**
**ရောဝတီကမ်းနံဘေး....**
**ပြုံးပြုံးလေးရပ်နေတဲ့မြို့**
**ဒုတိယပုဂံလို့ တင်စား.....**
**စေတီဘုရားများတဲ့မြို့**
**ဘိုးဘွားအမွေနဲ့မြို့.....**
**တွင်းစားတစ်တွေနေခဲ့တဲ့ မြို့**
**'ကျောက်ကာ၊ ကျောက်တံခါး၊**
**ဆိပ်သာကွန်းထောက်၊ ရေနံသာ၊**
**ရေနံချောင်း'**
**စတဲ့ ငါးမည်ရ ငါးဘွဲ့ခံ....**
**ရာဇဝင်ထဲကမြို့။**
**(သစ္စာမောင်-ရွှေကျွန်း)**

ရယ်လို့ ရေနံသာရဲ့ ကဗျာဆရာကြီးတွေက ရေးဖွဲ့ခဲ့ကြတယ်။

အဲဒီရေနံချောင်းမြို့ ရွှေကြာငုံရပ်ကွက်က အမိန့်တော်ရရှေ့နေကြီး ဦးဘသက်ရဲ့အိမ်မှာ ဗိုလ်ချုပ်တို့ ညီအစ်ကိုတွေ နေထိုင်ခဲ့ကြတယ်။



ရေနံချောင်း အမျိုးသားအထက်တန်းကျောင်း ကျောင်းအုပ်ချုပ်ရေးမှူးနှင့် အမှုဆောင်ဆရာများအဖွဲ့။

ကျွန်မတို့က ဘဘသက်လို့ခေါ်တဲ့ ဦးဘသက်အိမ်ကနေ ဆင်းလာပြီး ဘယ်ဘက်ကို ကွေ့၊ လမ်းနှစ်သွယ်ကိုကျော်၊ တောင်ကုန်းခပ်ပြေပြေကိုတက်၊ ဘယ်ဘက်ကို ချိုးကွေ့လိုက်ရင် ကုန်းမော့မော့ရဲ့ အဆုံး တောင်ကုန်းထိပ်မှာ အမျိုးသားအထက်တန်းကျောင်းတည်ရှိပါတယ်။ အဲဒီကျောင်းမှာ ဗိုလ်ချုပ်တို့ ညီအစ်ကို ပညာသင်ကြားခဲ့ကြတယ်။ ကျွန်မတို့ မောင်နှမလေးယောက်လည်း အဲဒီကျောင်းမှာပဲ မူလတန်းပညာ သင်ကြားခဲ့ကြတာပါ။ ၁၉၇၀ ပြည့်နှစ်မှာ ကျွန်မ ဖေဖေက ပညာအုပ်ရာထူးနဲ့ ပခုက္ကူကနေ ရေနံချောင်းကို ပြောင်းရွှေ့လာရတယ်။ ဖေဖေ မေမေတို့က နတ်မောက်သူ နတ်မောက်သားတွေ ဖြစ်လေတော့ ရေနံချောင်းရောက်တဲ့အခါ ကိုယ့်ရဲ့ ဇာတိသား ရပ်ဆွေရပ်မျိုးတွေ ရှိနေတဲ့ ရွှေကြာငုံရပ်ကို ရွေးချယ်ခဲ့ကြပါတယ်။

ကျွန်မတို့အိမ်က ရွှေကြာငုံရပ်ကွက် သစ္စာလမ်းရဲ့ တောင်ကုန်းထိပ်မှာ ရှိတယ်။ ကပ်ရပ်အိမ်က ဒေါ်ကြီးညိုနဲ့ ဦးလေးမောင်မောင်တို့ မောင်နှမရဲ့အိမ် ဖြစ်တယ်။ စာရေးဆရာကြီး နတ်မောက်ဘုန်းကျော်+ဒေါ်အေးရီ (စာရေးဆရာမကြီးညိုညက်)တို့ရဲ့ မောင်နှမတွေဖြစ်တယ်။ (အဲဒီအိမ်က ဘဘ သခင်ခင်ညွန့်ရဲ့ ၁၉၉၀ ပြည့် ရွေးကောက်ပွဲကာလ NLD ရုံးစိုက်ရာအိမ်လည်း ဖြစ်ခဲ့တယ်။) မျက်နှာချင်းဆိုင် တစ်အိမ်ကျော်မှာတော့ အမြတ်ခွန် ဝန်ထောက် ဦးဘသန်း ဒေါ်တင်အိမိသားစု၊ ဦးဘသန်းရဲ့ ကျောချင်းကပ် အိမ်က ဦးဘသက်ရဲ့အိမ် ဖြစ်ပါတယ်။ ဦးဘသက်အိမ်ရဲ့ တစ်အိမ်ကျော်မှာတော့ ရှေ့နေ ဦးဘဂျမ်းရဲ့အိမ် ရှိပါတယ်။ နတ်မောက်သားတွေဖြစ်သလို ဆွေမျိုးသားချင်းတွေလည်း ဖြစ်ကြတာကြောင့် တစ်အိမ်နဲ့တစ်အိမ် ကူညီရိုင်းပင်းကြတယ်။ ကျွန်မတို့မိသားစုကိုလည်း အထူးစောင့်ရှောက်ခဲ့ကြပါတယ်။

ကျွန်မတို့ ရေနံချောင်းကို ပြောင်းလာတော့ ဘဘသက်က မရှိတော့ပါဘူး။ အဲဒီအိမ်ကြီးမှာ ဘဘသက်ရဲ့ဇနီး ဒေါ်မြသင် (မေမေသင်) နဲ့ ညီမဖြစ်သူ ဒေါ်ခင်စု (မေမေစု) တို့ရဲ့ သားသမီး မိသားစုတစ်တွေပဲ ရှိကြပါတယ်။ ဘဘသက်ရဲ့ သမီးငယ် ဒေါ်အေးနွဲ့ရီက ဗိုလ်ချုပ်ကျောင်း (ယခင် အမျိုးသားအထက်တန်းကျောင်း) မှာ ဆရာမ ဖြစ်ပါတယ်။ ကျွန်မတို့ မောင်နှမတွေက ကျောင်းဆင်းတာနဲ့ ရေမိုးချိုး၊ စားသောက်ကာ ဘဘသက်တို့ အိမ်ကိုသွားပြီး အန်တီဒေါ်အေးနွဲ့ရီထံမှာ စာသင်ကြရပါတယ်။ စာသင်လိုက်၊ မုန့်စားလိုက်၊ ကစားလိုက်နဲ့ ဘဘသက်တို့အိမ်က ကလေးတွေ ပျော်တဲ့အိမ်လည်း ဖြစ်ပါတယ်။ စာသင်တဲ့ ဆရာမ အန်တီနွဲ့ကို ကြောက်ရပေမယ့် ဘဘသက်ရဲ့ ဇနီး မေမေသင်နဲ့ မေမေစုတို့ ညီအစ်မက ကလေးတွေရဲ့ဆိုးမျိုးကို ခံနိုင်တယ်။ ကျွန်မတို့ ဘယ်လောက်ဆော့ဆော့၊ ဆူဆူ ဘယ်တော့မှ မျက်နှာမငြိုဘူး၊ သူတို့ရဲ့ မိသားစုတွေ အားလုံးကလည်း စုစုစည်းစည်း ချစ်ချစ်ခင်ခင်နေကြတယ်။ ကျွန်မငယ်စဉ်ကတည်း က သူတို့ဆီက ရှေးစကားတွေ ကြားခဲ့ရတယ်။ အရင်ကတော့ သူတို့အိမ်မှာ ဗိုလ်ချုပ်ငယ်စဉ်က ရေးခဲ့တဲ့လေ့ကျင့်ခန်းစာအုပ်အဟောင်းတွေ၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝ ဘဘသက်ဆီကို ရေးပို့တဲ့စာတွေ၊ ဂျပန်ပြည်ကနေ ရေးပို့တဲ့စာတွေ ထင်းရှူးသေတ္တာထဲမှာ သေချာသိမ်းဆည်းထားတာပါ။ အဲဒီနောက်တော့ ရေနံချောင်းမှာ မီးက မကြာခဏ လန့်တော့ သိမ်းရင်းဆည်းရင်း မိသားစုတွေ တစ်ယောက်တစ်နေရာစီ ဖြစ်သွားတဲ့အခါ အားလုံး ပျောက်ပျက်ကုန်တယ်လို့ ဆိုပါတယ်။

### ဗိုလ်ချုပ်ရဲ့ ပထမအရွယ် စာအုပ်

ဆရာရေနံ့သာဝင်းမောင် ရေးသားတဲ့ ဗိုလ်ချုပ်ရဲ့ ပထမအရွယ် စာအုပ်ထဲမှာ (ဦးဘငြိမ်းရဲ့သား) သခင် ခင်ဇော်က သူငယ်ချင်းကိုအောင်ဆန်းထံ စာကူးရန်သွားရောက်ခဲ့တဲ့အခါ ကိုအောင်ဆန်းက သူ့အိမ်နဲ့ မနီးမဝေးမှာရှိတဲ့ မြင်းဇောင်းထဲမှာ စာကျက်နေတယ်လို့ ရေးထားပါတယ်။ အမှန်တော့ အဲဒီမြင်းဇောင်းရှိတဲ့အိမ်က ကျွန်မတို့အိမ်ရဲ့ ရှေ့က အခု 'ဆရာမဒေါ်အေးမြင့်'ရဲ့အိမ် ဖြစ်ပါတယ်။ ကျွန်မငယ်ငယ်က အဲဒီအိမ်ထဲမှာ ဆော့ကစားကြတဲ့အခါ အိမ်ရှင်ဖြစ်တဲ့ ဘသာမက်၊ ဘဂျင်မီ၊ ဒေါ်ခင်ညွန့်၊ ဒေါ်ကရေစီနဲ့ ဘိုင်ကြီးတို့ရဲ့ ရှေးစကားတွေကို အကြိမ်ကြိမ်အခါခါ ကြားခဲ့ရဖူးတယ်။ ယခင်က အဲဒီ ခြံကြီးထဲမှာ နှစ်ထပ်အိမ် အမြင့်ကြီးရှိပြီး အောက်ထပ်မှာ မြင်းတွေထားတယ်။ အိမ်က ဘယ်လောက်မြင့်သလဲဆိုရင် မြင်းစီးပြီးဝင်ရင်ကို မြင်းတစ်ခုန်ထက် မြင့်တယ်လို့ ဆိုပါတယ်။ "ကိုအောင်ဆန်းဟာ မြင်းစီးလည်းကျွမ်းတယ်။ တစ်ခါတလေ ကျောင်းကို မြင်းစီးပြီးသွားတယ်။ အဲဒီမြင်းဇောင်းထဲမှာ စာဖတ်တယ်၊ စာကျက်တယ်"လို့ အဘတို့က ပြောပါတယ်။

အဲဒီအချိန်ကတည်းက ကျွန်မတို့ မောင်နှမတစ်တွေက ဗိုလ်ချုပ်တို့ နေထိုင်ခဲ့ရာ ရပ်ကွက်နဲ့ ပညာသင်ကြားခဲ့ရာ ကျောင်းမှာ နေထိုင်ခွင့်ရခဲ့တာကို ဂုဏ်ယူပြီး စိတ်ကြီးတွေ ဝင်ခဲ့မိရပါတယ်။

### ဗိုလ်ချုပ်ကျောင်းသားဘဝ

ဗိုလ်ချုပ်ဟာ ၁၉၂၈ ကနေ ၁၉၃၂ ခုနှစ်အထိ ရေနံချောင်းမှာ နေထိုင်ခဲ့တာပါ။ ၁၉၂၂ ခုနှစ် အသက်ခုနစ်နှစ်အရွယ်မှာ ဇာတိ နတ်မောက်မြို့ဆရာတော် ဦးသောဘိတ ကျောင်းမှာ မူလတန်းပညာကို သင်ကြားခဲ့ပါတယ်။ အလယ်တန်းပညာသင်ယူဖို့ ရေနံချောင်းကို သွားချင်ကြောင်း မိဘတွေကို ပူဆာတဲ့အခါ မိခင်ဖြစ်သူ အမေစုက သဘောမတူခဲ့ပါဘူး။ ဒါပေမယ့် နောက်ဆုံးမှာတော့ 'သားငယ်'ရဲ့ ပြင်းပြတဲ့ဆန္ဒကို ခွင့်ပြုခဲ့ရပါတယ်။ အဲဒီလို ရေနံချောင်းမှာ ကျောင်းတက်

*စာမျက်နှာ ၇ သို့*

**"၂၀ ရာစုကို တံခါးဖွင့်ပြီးစ ဆယ်စုနှစ် အစောပိုင်းကာလတွေမှာ 'ရေနံချောင်း' ဟာ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တွေ ထုံမွမ်းနေခဲ့တယ်။ ရေနံချောင်းက စတင်ခဲ့တဲ့ ၁၉၃၈ ခုနှစ် ဘီအိုစီရေနံကုမ္ပဏီကို မှောက်တဲ့သပိတ်က ပထမဆုံးသပိတ် ဖြစ်ပါတယ်။ အဲဒီသပိတ်ကြောင့် ရေနံမြေအလုပ်သမားတွေကို နား၊ မျက်စိ ပွင့်စေခဲ့"**



စာရေးသူတို့ ပညာသင်ကြားခဲ့စဉ်က ဗိုလ်ချုပ်ကျောင်းဆောင်။

# အမျိုးသားကျောင်းရာပြည့် အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး



*စာမျက်နှာ ၆ မှ*

ခဲ့ရတာကလည်း ဖခင်ဖြစ်သူ ရှေ့နေကြီး ဦးဖာရဲ့ ရှေ့နေလိုက်ဖော်လိုက်ဖက် မိတ်ဆွေရင်းတွေဖြစ်တဲ့ ဦးဘသက်၊ ဦးဘဂျမ်းတို့နဲ့ ဆက်စပ်မှုကြောင့်လည်း ဖြစ်ပါတယ်။ ဦးဖာနဲ့ ဦးဘသက်က တူအရီးလည်း တော်စပ်တယ်လို့ ဆိုပါတယ်။ ပထမဦးစွာ မိဘများက သားကြီးဖြစ်တဲ့ 'ဦးဘဝင်း' ကို အရင်ပို့ပြီးမှ ဦးအောင်သန်းကို ပို့ပါတယ်။ အဲဒီနောက်မှ ကိုအောင်ဆန်းနဲ့ ကိုမေအောင် (ညီဝမ်းကွဲ) ကို ပို့ခဲ့တာ ဖြစ်ပါတယ်။ ဦးဘဝင်းက ၁၉၁၁ ခုနှစ်ဖွားဆိုတော့ ဗိုလ်ချုပ်နဲ့ ၄ နှစ် ကွာပါတယ်။ ဦးဘဝင်းက ရေနံချောင်း အမျိုးသားကျောင်းကနေ ၁၀ တန်းကို ဂုဏ်ထူးသုံးဘာသာနဲ့အောင်မြင်ပြီး တစ်ကျောင်းလုံးမှာ ပထမစွဲခဲ့ပါတယ်။ ကျောင်းပြီးတဲ့အခါ ရေနံချောင်းအမျိုးသားကျောင်းမှာပဲ အထက်တန်းပြအဖြစ် တာဝန်ယူခဲ့ပါတယ်။ ၁၉၂၈ ခုနှစ် မေလဦးမှာ ကိုအောင်ဆန်းဟာ ရေနံချောင်းကို စတင်ရောက်ရှိခဲ့ပါတယ်။ ဇွန်လမှာ စတုတ္ထတန်းကို တက်ပါတယ်။ နိုဝင်ဘာလမှာ စာမေးပွဲဖြေဆိုရပြီး ထူးချွန်စွာ အောင်မြင်ခဲ့တဲ့အတွက် ဆဋ္ဌမတန်းကို တန်းကျော် တက်ခွင့်ရခဲ့တယ်။ ၁၉၂၉ ခုနှစ် ဇွန်လမှာ သတ္တမတန်းတက်ရပြီး ၁၉၃၀ ပြည့်နှစ် မတ်လမှာ ကျင်းပတဲ့ အင်္ဂလိပ်-မြန်မာ သတ္တမတန်းစာမေးပွဲကို မြန်မာတစ်နိုင်ငံလုံး နဝမစွဲခဲ့တယ်။ အထက်တန်းစကောလားရှစ်ရခဲ့ပြီး ဗုဒ္ဓဘာသာနဲ့ အမျိုးသားကျောင်းများအနက် ပထမစွဲခဲ့တာကြောင့် 'ဦးရွှေခို' ဆုကို ရခဲ့တယ်။ ဆုတံဆိပ်ဟာ အလယ်မှာ 'မိုးကြိုး'၊ ဘေးမှာ ငွေပတ်လည်ဝိုင်းထားတဲ့ 'ညောင်ရွက်ဒိုင်းပုံ' တံဆိပ်ဖြစ်ပါတယ်။ တံဆိပ်မှာ 'မောင်အောင်ဆန်း ၇ တန်း၊ အမျိုးသားအထက်တန်းကျောင်း ရေနံချောင်းမြို့' လို့ စာထွင်းထားပါတယ်။

၁၉၃၀ ပြည့်နှစ် ဇွန်လမှာ အဋ္ဌမတန်းတက်ရောက်ခဲ့ပါတယ်။ ၁၉၃၁ ခုနှစ် မေလ ၁၈ ရက်မှာ ဖခင်ဖြစ်သူ ရှေ့နေကြီးဦးဖာ ကွယ်လွန်ခဲ့ပါတယ်။ ၁၉၃၂ ခုနှစ် မတ်လမှာတော့ ၁၀ တန်းဖြေဆိုခဲ့ပါတယ်။ ပါဠိဘာသာနဲ့ မြန်မာဘာသာ ဂုဏ်ထူးတို့နဲ့ အောင်မြင်ခဲ့ပြီး ၁၉၃၂ ခုနှစ် ဇွန်လမှာ ရန်ကုန်တက္ကသိုလ်ကို တက်ရောက်ခဲ့ပါတယ်။ ဘာသာရပ် ကျွမ်းကျင်မှုနဲ့ ပတ်သက်ရင် ဗိုလ်ချုပ်ဟာ ရေနံချောင်း အမျိုးသားကျောင်းမှာ နေစဉ်ကတည်းက အင်္ဂလိပ်စာ အရေးအသား ထူးချွန်လှပါတယ်။ ရေနံချောင်းအမျိုးသားကျောင်းမှာ ဆရာကောင်းတွေနဲ့ တွေ့ကြုံခဲ့ရတယ်။ သင်္ချာဆရာက အစ်ကိုဖြစ်သူ ဦးဘဝင်းဖြစ်ပြီး မြန်မာစာဆရာက ဆရာကြီး ဦးဘသန်း (စာရေးဆရာ သျှင်သန်းမေ)၊ အင်္ဂလိပ်စာနဲ့ ပါဠိဆရာက ဆရာကြီး ဦးခင်သန်း ဖြစ်ပါတယ်။

**နေ့တိုင်း သတင်းစာဖတ်တဲ့အကျင့်**

အစ်ကိုဖြစ်သူ ဦးဘဝင်းဟာ သူတော်သလို သူ့ညီတွေကို တော်စေချင်၊ စည်းကမ်းရှိစေချင်တယ်။ နေ့တိုင်း သတင်းစာဖတ်တဲ့ အကျင့် လုပ်ပေးတယ်။ ညနေကျောင်းဆင်းရင်လည်း အပြင်မထွက်ရဘူး။ ကျောင်းက ပေးလိုက်တဲ့စာတွေ ပြီးအောင်လုပ်ရတယ်။ သင်္ချာပြဆရာဆိုပေမယ့် တခြားဘာသာတွေ၊ အင်္ဂလိပ်စာ စာစီစာကုံးတွေကို လေ့ကျင့်ခိုင်းတယ်။ တစ်လကို ရုပ်ရှင်ကြည့်ခွင့် နှစ်ကြိမ်ပေးတယ်။ ရေနံချောင်း စီနီမာရုံမှာ အင်္ဂလိပ်ရုပ်ရှင်ကားတွေ ကြည့်ရတယ်။ ပြန်လာရင် ကြည့်ခဲ့တဲ့ ရုပ်ရှင်ကားကို ချက်ချင်း အင်္ဂလိပ်လိုပြန်ပြီး ရေးပြရတယ်။ ဒါကြောင့် အင်္ဂလိပ်စာမှာ ထူးချွန်လာသလို တခြားသော မကောင်းတဲ့ ပတ်ဝန်းကျင်တွေနဲ့ ပေါင်းဖို့ အချိန်မရတော့ဘူးလို့ ဆိုပါတယ်။ ဆရာကြီး ဦးခင်သန်းကလည်း ဗိုလ်ချုပ်တို့ရဲ့ အင်္ဂလိပ်စာ အခြေခံကောင်းကို မျိုးစေ့ချပေးခဲ့သူ ဖြစ်တယ်။ ဆရာ ရေနံ့သာဝင်းမောင်က "ဗိုလ်ချုပ်အောင်ဆန်း၏ ရေနံချောင်း အမျိုးသားကျောင်းသားဘဝ ပထမအရွယ်" စာအုပ်ကိုရေးတော့ ဆရာကြီး ဦးခင်သန်း အသက် ၉၀ ကျော် ကျန်းမာနေစဉ်မှာ တွေ့ဆုံမေးမြန်းခွင့်ရခဲ့သူ ဖြစ်ပါတယ်။ အဲဒီစာအုပ်ထဲမှာ ဗိုလ်ချုပ်ရဲ့ သူငယ်ချင်းဖြစ်သူ သခင် ခင်ဇော်နဲ့ ငယ်ဆရာရင်းဖြစ်တဲ့ ဦးခင်သန်းတို့ရဲ့ ပြောပြချက်တွေကတစ်ဆင့် ကျွန်မ သိလိုရာတွေ သိရှိရပါတယ်။ ဒါ့အပြင် ရေနံချောင်း မြို့နယ်အသင်းက ထုတ်ဝေတဲ့ အဖွဲ့ခေါင်းဆောင်ဆရာလည်း ဖြစ်ပါတယ်။ အခုအချိန်မှာ ဆရာကြီးဦးခင်သန်း မရှိတော့ပေမယ့် ဆရာကြီးရဲ့ မျိုးဆက်တွေ ရှိနေပါတယ်။ စမ်းချောင်း ဟသ်ာတလမ်းမှာ နေတဲ့ သားဖြစ်သူ အန်ကယ် ဦးခင်မောင်ညွန့် ထံသို့ ရှေးစကားတွေ သွားရောက်မေးမြန်းလိုပေမယ့် ကိုဗစ်ကာလဖြစ်တဲ့အတွက် အားနာတာကြောင့် မမေးဖြစ်ခဲ့ပါဘူး။

ကံအားလျော်စွာပါပဲ ကျွန်မဆီမှာ ကိုးကားစရာ 'ဆရာမောင်စိမ်းနီ စုစည်းထားတဲ့ စာရေးဆရာ ကိုအောင်ဆန်း (၁၉၁၅-၁၉၄၇) စာအုပ်'က ရှိနေခဲ့ပါတယ်။ အဲဒီစာအုပ်ကို အန်ကယ်ဦးအေးသန့် (ယခင်နာရေးကူညီမှုအသင်းဥက္ကဋ္ဌဟောင်း)နဲ့ အန်တီဒေါ်အေးရီတို့က ၃၁-၅-၂၀၁၁ ရက်စွဲနဲ့ လက်ဆောင်ပေးခဲ့တာပါ။ အခုတော့ အန်ကယ်က မရှိတော့ပါဘူး။ စာအုပ်ရဲ့ ပထမစာမျက်နှာမှာ 'ရေနံချောင်းအမျိုးသားကျောင်း ရောက်ဗိုလ်ချုပ်ရဲ့ ပုံများ၊ အကြောင်းအရာများ၊ သားစဉ်မြေးဆက် လက်ဆင့်ကမ်းရန်' လို့ ရေးသားထားပါတယ်။ အဲဒီစာအုပ်ထဲမှာ ဗိုလ်ချုပ်တို့မိသားစုရဲ့ ရှားပါးဓာတ်ပုံများစွာနဲ့ ဆောင်းပါးပေါင်း ၅၉ ပုဒ် ပါရှိပါတယ်။ ဆောင်းပါးတွေထဲမှာ ဆောင်းပါးရှင်သုတေသီ ရေးသားတဲ့ 'ဆရာကြီး ဦးခင်သန်းနဲ့ 'ရေနံ့သာမဂ္ဂဇင်း ၁/၂/၃' မှာလည်း ဗိုလ်ချုပ်ကို သိမီလိုက်သူများ၊ အမျိုးသားကျောင်းဆရာဟောင်း၊ ကျောင်းသားဟောင်းကြီးများရဲ့ သမိုင်း ဖြစ်ရပ်မှန်အကြောင်းအရာတွေကို ရေးသားထားကြပါတယ်။

အဲဒီဆောင်းပါး မှတ်တမ်းများအရ ဆရာကြီး ဦးခင်သန်းဟာ စာအသင်အပြကောင်းရုံတင်မကပဲ ဂီတပညာမှာပါ ထူးချွန်လှကြောင်း၊ တယော၊ ပတ္တလားကို ကောင်းစွာ တီးခတ်နိုင်သူဖြစ်ကြောင်း သိရပါတယ်။ ရေနံချောင်းအမျိုးသားကျောင်းရဲ့ ထင်ရှားတဲ့ စကားရည်လုပွဲတွေဖြစ်တဲ့ (၁) တောက မြို့ထက်သာတယ်၊ (၂) မြန်မာရဟန်းတော်များ အင်္ဂလိပ်စာသင်သင့်ကြောင်း၊ (၃) မြန်မာတိုင်း မြန်မာတိုင်း တိုင်းရင်းဖြစ်ကို ဝတ်ဆင်သင့်သည် စတဲ့ခေါင်းစဉ်တွေမှာ အဆိုရှင်ဘက်က ယှဉ်ပြိုင်ပြောဆိုမယ့် ကိုအောင်ဆန်းကို အနီးကပ် သင်ပြပေးခဲ့တဲ့ တက္ကသိုလ်နေဝင်း'ဆိုတဲ့ ဆောင်းပါးကို ဖတ်လိုက်ရတယ်။ စာပါ အကြောင်းအရာကတော့ ၁၉၉၅ ခုနှစ် မေလထုတ် နွယ်နီမဂ္ဂဇင်းမှာ ဗိုလ်ချုပ်ရဲ့ အပါးတော်မြဲဖြစ်တဲ့ တက္ကသိုလ်နေဝင်းရေးသားတဲ့ ဆောင်းပါးမှာ 'ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာစာကိုသာ အဓိက အထူးဦးစားပေး သင်ကြားသည့် ရေနံချောင်း နေရှင်နယ် အမျိုးသားကျောင်းက' လို့ရေးသားခဲ့ပါတယ်။ အဲဒီစာအရ ရေနံချောင်း အမျိုးသားကျောင်းဟာ မြန်မာစာတစ်ခုတည်းကိုသာ ဦးစားပေးသင်ကြားတယ်လို့ သဘောသက်ရောက်နေတဲ့အတွက် ဗိုလ်ချုပ်ရဲ့ ငယ်ဆရာလည်းဖြစ်၊ အင်္ဂလိပ်စာဆရာလည်းဖြစ်တဲ့ ဆရာကြီး ဦးခင်သန်းက စာတစ်စောင် ပြန်လည်ရေးသားပေးပို့ခဲ့ပါတယ်။ တက္ကသိုလ်နေဝင်းကလည်း ဆရာကြီးရဲ့ ရှင်းလင်းချက်ကြောင့် ဗိုလ်ချုပ်အောင်ဆန်းရယ်လို့ ဖြစ်လာမယ့် နတ်မောက်မြို့သား ကိုအောင်ဆန်းဟာ ရေနံချောင်းအမျိုးသားကျောင်းမှာ ပညာသင်ကြားနေစဉ်အခါကပင် အင်္ဂလိပ်စာ ထူးချွန်သူဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားအဖြစ် သိရတဲ့အတွက် ကျေးဇူးတင်ရှိပါကြောင်း ရေးသားထားတဲ့ စာနှစ်စောင်ကို ဖော်ပြထားတာ ဖြစ်ပါတယ်။

အမှန်တကယ်လည်း ရေနံချောင်းအမျိုးသားအထက်တန်းကျောင်းမှာ ကျောင်းသားတွေဟာ အင်္ဂလိပ်စာ၊ မြန်မာစာ၊ ပါဠိ၊ သင်္ချာ၊ ရာဇဝင်နဲ့ ပထဝီစတဲ့ ဘာသာရပ်တွေ သင်ကြားရပါတယ်။ ဗိုလ်ချုပ် ကျောင်းသားဘဝက ကျောင်းအုပ်ကြီး တာဝန်ယူခဲ့သူ ဆရာကြီး ဦးပုဟာဆိုရင် အိန္ဒိယမှာ ဘီအက်စ်စီဘွဲ့၊ လန်ဒန်မှ ဘီအက်စ်စီဘွဲ့တွေ ယူခဲ့ရုံမက သတ္တုပါရဂူတစ်ဦးလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဗိုလ်ချုပ်ဟာ ရေနံချောင်းဆိုတဲ့ ဒေသမှာ ဆရာကောင်းသမားကောင်းများရဲ့ သွန်သင်ညွှန်ပြမှုအောက်မှာ ပညာသင်ကြားခဲ့ရတယ်။ ပညာရေးသာမက မျိုးချစ်စိတ်ဓာတ်တွေ ရှင်သန်နိုးကြားစေခဲ့တယ်။ နိုင်ငံရေးအမြင်တွေ သန္ဓေတည်ခဲ့ရတာပဲ ဖြစ်ပါတယ်။


အဲဒီလို အခြေခံကောင်းတွေ မျိုးစေ့ချပေးခဲ့တဲ့ ရေနံချောင်း အမျိုးသားကျောင်းကြီးရဲ့ သမိုင်းကြောင်းတွေကလည်း အထင်ကရ ရှိနေခဲ့ပါတယ်။

**ရေနံချောင်းအမျိုးသားကျောင်း သမိုင်းအစ**

၁၉၂၀ ပြည့်နှစ်မှာ ကျောင်းသားသပိတ်ကြီး ပေါ်ပေါက်ခဲ့ပြီးနောက် အဲဒီသပိတ်ကို အကြောင်းပြုပြီး အမျိုးသားကျောင်းတွေ ပေါ်လာခဲ့တယ်။ အင်္ဂလိပ်အစိုးရဖွင့်လှစ်တဲ့ ကျောင်းတွေကို မတက်ကြဖို့ မိမိတို့ကိုယ်ပိုင် အမျိုးသားကျောင်းကို ထူထောင်ကြမယ်ဆိုတဲ့ လှုံ့ဆော်မှုတွေနဲ့ အမျိုးသားအထက်တန်းကျောင်းကို ဦးအရိယဝံသကျောင်းမှာ စတင်ခဲ့ပါတယ်။ အဲဒီကနေ အခြားသော မြို့နယ်ဒေသများအနှံ့ ကျောင်းပေါင်း ၉၃ ကျောင်း ပေါ်လာခဲ့ပါတယ်။ ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၁၇ ရက်မှာ စတင်တည်ထောင်ခဲ့တဲ့ မြို့မအမျိုးသားကျောင်းဟာ မြန်မာနိုင်ငံရဲ့ ပထမဆုံးသော အမျိုးသားကျောင်း ဖြစ်ခဲ့ပါတယ်။

ရေနံချောင်းအမျိုးသားကျောင်းကိုတော့ ၁၉၂၁ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပါတယ်။ အင်္ဂလိပ်အစိုးရရဲ့ 'ကရက်ဒေါက်စီမံကိန်း'ကို ကန့်ကွက်တဲ့ ရန်ကုန်တက္ကသိုလ် ကျောင်းသားသပိတ်ကြီး ပေါ်လာတဲ့အခါ ရန်ကုန်တက္ကသိုလ်ရောက် ရေနံချောင်းသား ကျောင်းသားတွေ အိမ်ပြန်လာကြရတယ်။ အများစုက (ဖေ၊ ပု၊ ရှိန်)အဖွဲ့မှ ဦးထွန်းရှိန်ရဲ့ တပည့်တွေ ဖြစ်ကြတယ်။ ရေနံချောင်းမှာ မူလက ရှိနှင့်ပြီးဖြစ်တဲ့ 'ရေနံဝန်' ဦးစီးတဲ့ ဘုရင်အက်ဒွပ် အထိမ်းအမှတ် (King Edwards) အင်္ဂလိပ်- မြန်မာ ၂ ဘာသာသင် အလယ်တန်းကျောင်းက ကျောင်းသားတွေကို သပိတ်မှောက်ကြဖို့ စည်းရုံးလှုံ့ဆော်ခဲ့ကြတယ်။ စည်းရုံးရေး အောင်မြင်ပြီး သပိတ်မှောက်ကြတဲ့အခါ 'ကျောက်စာရုံ သာသနာ့ ဗိမာန်တော်ကြီးထဲမှာ' သပိတ်စခန်း ဖွင့်ခဲ့ကြတယ်။ အဲဒီ အင်္ဂလိပ်- မြန်မာကျောင်းနဲ့ အပြိုင် အမျိုးသားအထက်တန်းကျောင်း ပေါ်ပေါက်ရေးအတွက် ကြိုးစားခဲ့ကြတယ်။ တကယ်တော့ အုပ်ချုပ်သူ အင်္ဂလိပ်ရဲ့ အလိုတော်ရိ ရေနံဝန်နဲ့ သူ့ရဲ့တပည့်လက်သားတွေရဲ့ ဩဇာကို တွန်းလှန်ဖြိုဖျက်ပြီး အမျိုးသားကျောင်းပေါ်လာဖို့ ကြိုးစားရတာ မလွယ်ကူလှပါဘူး။ တစ်ဆက်တည်းမှာပဲ သပိတ်မှောက်ကျောင်းသားတွေ ကျောင်းတက်နိုင်ကြဖို့ လိုအပ်တဲ့ ကျောင်းနဲ့ အဆောက်အအုံမြေနေရာ၊ လိုအပ်တဲ့ ကျောင်းသုံးပရိဘောဂတွေ၊ သင်ကြားပေးမယ့် ဆရာ ဆရာမတွေနဲ့ လစာငွေကြေးတွေ အဲဒါတွေအတွက် တစ်မြို့လုံး ပါဝင်ရုန်းကန်ခဲ့ကြရတယ်။ ကျောင်းကော်မတီတွေ ဖွဲ့စည်း၊ အစည်းအဝေးတွေ ခေါ်ယူပြီး တာဝန်ခံ ကျောင်းအုပ်နဲ့ ဆရာတွေဟာ ပထမဦးဆုံး စေတနာ့ဝန်ထမ်းအနေနဲ့ သင်ကြားပေးခဲ့ကြတယ်။ *(ဆက်လက်ဖော်ပြပါမည်)*

**ရေနံချောင်းအမျိုးသားအထက်တန်းကျောင်းမှာ ကျောင်းသားတွေဟာ အင်္ဂလိပ်စာ၊ မြန်မာစာ၊ ပါဠိ၊ သင်္ချာ၊ ရာဇဝင်နဲ့ ပထဝီစတဲ့ ဘာသာရပ်တွေ သင်ကြားရပါတယ်။ ဗိုလ်ချုပ်ကျောင်းသားဘဝက ကျောင်းအုပ်ကြီး တာဝန်ယူခဲ့သူ ဆရာကြီး ဦးပုဟာဆိုရင် အိန္ဒိယမှာ ဘီအက်စ်စီဘွဲ့၊ လန်ဒန်မှ ဘီအက်စ်စီဘွဲ့တွေ ယူခဲ့ရုံမက သတ္တုပါရဂူတစ်ဦးလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဗိုလ်ချုပ်ဟာ ရေနံချောင်းဆိုတဲ့ဒေသမှာ ဆရာကောင်းသမားကောင်းများရဲ့ သွန်သင်ညွှန်ပြမှုအောက်မှာ ပညာသင်ကြားခဲ့ရတယ်။ ပညာရေးသာမက မျိုးချစ်စိတ်ဓာတ်တွေ ရှင်သန်နိုးကြားစေခဲ့တယ်။ နိုင်ငံရေး အမြင်တွေ သန္ဓေတည်ခဲ့ရတာပဲ ဖြစ်ပါတယ်**



ယခင် ရွှေကြာငုံဆွမ်းလောင်းရုံ။

## ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း



| | |
|---|---|
| အမည် | - ဒေါက်တာ နီလာသိန်း |
| မိဘအမည် | - ဦးအောင်သိန်းအေး လက်ထောက်မြို့နယ်ပညာရေးမှူး (ငြိမ်း)- ဒေါ်ခင်သန်းမြင့် |
| ပညာအရည်အချင်း | - M.B.B.S, M.Med Sc(Ophthalmology) |
| ပညာသင်ကြားခဲ့ရာကျောင်းများ | - မူလတန်း ၁။ ဈေးရပ် အမက (ပခုက္ကူမြို့) ၂။ ဗိုလ်ချုပ် အထိမ်းအမှတ်ကျောင်း (ရေနံချောင်းမြို့) (၁၉၇၀ မှ ၁၉၇၃ ) |
| | - အလယ်တန်း / အထက်တန်း - အထက(၁) ရေနံချောင်း |
| | - တက္ကသိုလ် / ကောလိပ်- ရေနံချောင်းဒေသကောလိပ် |
| | - ဆေးပညာဘွဲ့ - မန္တလေး ဆေးတက္ကသိုလ် |
| | - မျက်စိရောဂါ ဆေးပညာဘွဲ့ - ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| လက်ရှိအလုပ်အကိုင် | - တွဲဖက်ပါမောက္ခ (ဆေးတက္ကသိုလ် - ၁) နှင့် မျက်စိအထူးကုဆေးရုံကြီး (ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး) |
| ရရှိခဲ့ပြီးသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ | - ၁။ သုဓမ္မသိင်္ဂီ သာသနာနုဂ္ဂဟဘွဲ့ (၂၀၀၇) ၂။ သီဟသုဓမ္မသိင်္ဂီ သာသနာနုဂ္ဂဟဘွဲ့ (၂၀၁၃) |
| အခြားကလောင်အမည် | - မြကြာငုံ |

# သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက တောင်သူလယ်သမားများ စိုက်ပျိုးထွက်ရှိလာသည့် လယ်ယာထွက်ကုန်သီးနှံများအတွက် သင့်တင့်သောဈေးနှုန်း ခိုင်မာမှုရရှိစေပြီး တစ်ဖက်တွင်လည်း စားသုံးသူပြည်သူများအတွက် ပြင်ပပေါက်ဈေးအောက် ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးကို သမဝါယမကွန်ရက်ချိတ်ဆက်မှုဖြင့် ဆောင်ရွက်လျက်ရှိသည့်နည်းတူ လယ်ယာသွင်းအားစု ဖြန့်ဖြူးရေး၊ မျိုးစေ့ထုတ် သမဝါယမအသင်းများ ရှင်သန်ဖွံ့ဖြိုးရေးနှင့် ကန်ထရိုက် လယ်ယာစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေး လုပ်ငန်းများအား တောင်သူလယ်သမား အကျိုးစီးပွားမြင့်တင်နိုင်ရေးကိုရည်မျှော်၍ သမဝါယမကဏ္ဍက တစ်တပ်တစ်အား ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း။

ကိုဗစ်ကာလအတွင်း ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းများအား ထင်ရှားစွာ ဆောင်ရွက်ထားခြင်းများကို တွေ့ရပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရုံသာမက မိမိတို့၏ သမဝါယမအသင်းများကို နိုင်ငံတကာတွင် အောင်မြင်နေသည့် သမဝါယမအသင်းများပုံစံဖြစ်အောင် မိမိတို့က ထိန်းကျောင်းပေးရမည်ဖြစ်သကဲ့သို့ ကာယကံရှင်ဖြစ်သည့် ဗဟိုသမဝါယမအသင်း၊ အသင်းစုချုပ်များကိုယ်တိုင်ကလည်း အားထုတ်ဆောင်ရွက်ပေးကြစေလိုကြောင်း။

သမဝါယမ အသင်းများကို ဦးဆောင်နေရသော ခေါင်းဆောင်သည် မိမိ၏ကြိုးစားမှုကြောင့် အောင်မြင်သည်ဟု ထင်ခြင်းသည် အမှန်တကယ်အောင်မြင်ခြင်း မဟုတ်ပါကြောင်း၊ အဆိုပါ အသင်းအဖွဲ့တွင် ပါဝင်သူအားလုံးတို့က မိမိတို့ကိုယ်တိုင် ဆောင်ရွက်ရသဖြင့် အောင်မြင်သည်ဟု ထင်မြင်ယူဆသည့် အဆင့်ရောက်မှ အောင်မြင်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း။

ခေါင်းဆောင်မှု ဆိုသည်မှာ လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့် နက်ပါကြောင်း၊ ခေါင်းဆောင်မှုတစ်ခုကို ဆောင်ရွက်ရာတွင် ဦးစွာ ခေါင်းဆောင်က မဟာဗျူဟာ၊ နည်းဗျူဟာ၊ လုပ်ငန်းစဉ်များချမှတ်ရန် လိုပါကြောင်း၊ ခေါင်းဆောင်မှုတိုင်းတာခြင်းအရ Knows The Ways အဆင့်တွင် ကိုယ်သွားမည့် လမ်းကြောင်းကို သိရှိရမည်ဖြစ်ပြီး အကောင်အထည်ဖော်ရမည့် အခြေအနေ Gos The Ways အဆင့်တွင် အနည်းငယ် ပိုခက်လာပါကြောင်း၊ ကန့်သတ်မှုများ၊ စိန်ခေါ်မှုများနှင့် အခက်အခဲများ ရှိနိုင်ပါကြောင်း။

နောက်ဆုံးအဆင့် Shows The Ways တွင် ပိုခက်ခဲနိုင်ပါကြောင်း၊ သက်ဆိုင်သူ Stakeholder အားလုံးက တက်တက်ကြွကြွ ပါဝင်ပြီး လုပ်ငန်းစဉ်ကြီးတစ်ခုလုံး အောင်မြင်အောင် ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း။

သမဝါယမ အသင်းသားများ ၄ ဒသမ ၂ သန်းက တက်ညီလက်ညီနှင့် ပါဝင်ဆောင်ရွက်ရန် လိုပါကြောင်း၊ သမဝါယမအသင်း ဖွဲ့စည်းပုံမှန်ကန်ရေးမှာ မျိုးဆက်သစ်များ စနစ်တကျ မွေးထုတ်ပေးရန် အရေးကြီးကြောင်း၊ အဓိကဆောင်ရွက်မည့်သူများက အသင်းများကိုယ်တိုင်ပင် ဖြစ်ကြောင်း။

လယ်ယာကဏ္ဍနှင့်ပတ်သက်၍ တောင်သူလယ်သမားများပါဝင်သည့် တောင်သူလယ်သမားအဖွဲ့အစည်းဆိုင်ရာ ဥပဒေမူကြမ်းကို ပြုစုလျက်ရှိရာ အဆိုပါဥပဒေထွက်ရှိလာပါက သမဝါယမ အသင်းများသည် ဦးဆောင်ဦးရွက်ပြုရမည့် အသင်းများ ဖြစ်လာမည်ဖြစ်ကြောင်း၊ ပိုပြီး ခိုင်မာသည်ထက်ခိုင်မာအောင် ယင်းဥပဒေဖြင့် ထပ်မံထိန်းကျောင်းသွားမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကြောင့် တစ်ကမ္ဘာလုံး၌ ထိခိုက်မှု၊ စိန်ခေါ်မှုများဖြင့် ရင်ဆိုင်နေရကြောင်း၊ အဆိုပါ စိန်ခေါ်မှုများကို အခွင့်အလမ်းဖြစ်အောင် သမဝါယမအသင်းများက အကောင်းဆုံး ကြိုးပမ်းလုပ်ဆောင်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ် သမဝါယမဦးစီးဌာနဦးစီးမှူးများ၊ အသင်းစုချုပ်ဥက္ကဋ္ဌများ စုံညီစွာ တက်ရောက်ခဲ့ကြပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် လုပ်ငန်းများ ဆောင်ရွက်မှုများအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လုပ်ငန်းစဉ်များ၊ မူဝါဒများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတစ်ဝန်းတွင် အခြေခံပြည်သူ ၄ ဒသမ ၂ သန်းဖြင့် သမဝါယမအသင်း ၃၉၄၇၀ ဖွဲ့စည်းထားရှိပြီး အသင်းသားပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးလာစေရေး အလေးထားဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ၇/၂၀၂၀ စာရင်းများအရ အသေးစား အရင်းအနှီးချေးငွေထုတ်ချေးခြင်းကို အသင်းသားဦးရေ ၁ ဒသမ ၇၅ သန်းကျော်အား ငွေကျပ် ၃၇၅ ဒသမ ၃၅ ဘီလီယံထုတ်ချေးပေးထားကြောင်း၊ အရစ်ကျစနစ်ဖြင့် စက်ကိရိယာများရောင်းချပေးမှုမှာ အသင်းသား ၄၈၃၉၃ ဦးသို့ ငွေကျပ် ၁၁၀ ဘီလီယံကျော် တန်ဖိုးရှိ စက်ကိရိယာ ၆၄၂၃၀ ရောင်းချပေးပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုရီးယားသမ္မတနိုင်ငံသို့ အလုပ်သမားများစေလွှတ်ရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ကိုရီးယားသမ္မတနိုင်ငံသို့ အလုပ်သမားများ စေလွှတ်ရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ တက်ရောက်သည်။

ဆွေးနွေးပွဲသို့ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆောင်ဟွာနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ထိုသို့ဆွေးနွေးရာတွင် အလုပ်သမားစေလွှတ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) သက်တမ်းတိုးမြှင့်လက်မှတ်ရေးထိုးနိုင်ရေး ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာနမှ ပေးပို့လာသည့် MoU (မူကြမ်း) နှင့် စပ်လျဉ်း၍ မြန်မာဘက်မှ ပြင်ဆင်ဖြည့်စွက်လိုသည့် အချက်များကို ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာနသို့ ပေးပို့ထားမှုအပေါ် အမြန်ဆုံးအကြောင်းပြန်ကြားပေးရေး ကိစ္စရပ်များ၊ နှစ်ဖက်ညှိနှိုင်းအတည်ပြုချက်ရရှိပါက သက်ဆိုင်ရာဌာန၊ ကော်မတီများနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့် ခွင့်ပြုချက်များရရှိရေး ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ပတ်သက်၍လည်းကောင်း။

ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း မြန်မာနိုင်ငံမှ အလုပ်သမားများစေလွှတ်မှု အခြေအနေများနှင့် ပတ်သက်၍ နားလည်မှုစာချွန်လွှာအရ အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီမှတစ်ဆင့် EPS စနစ်ဖြင့် လုပ်သားစေလွှတ်ခြင်းကို ၂၀၁၁ ခုနှစ်တွင် စတင်ခဲ့ရာ ယနေ့အထိစုစုပေါင်း လုပ်သား ၄၁၅၃၈ ဦး စေလွှတ်ခဲ့ပြီး ယခုအခါ ကမ္ဘာနှင့်အဝန်း ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားနေသဖြင့် လုပ်သားစေလွှတ်ခြင်း လုပ်ငန်းစဉ်များကို မတ် ၁၈ ရက်မှစတင်၍ ခေတ္တရပ်ဆိုင်းထားခဲ့ပြီး စက်တင်ဘာ ၂ ရက်မှစ၍ Re-entry လုပ်သားများကို ကျန်းမာရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ပြန်လည်စေလွှတ်ခဲ့ရာ နိုဝင်ဘာ ၂၅ ရက်အထိ Re-entry လုပ်သား ၁၉၅ ဦးကို စေလွှတ်သည့် အခြေအနေများနှင့် ပတ်သက်၍လည်းကောင်း။

Re-entry လုပ်သားလက်ခံမှုကို ကိုရီးယားနိုင်ငံဘက်မှ ယာယီရပ်ဆိုင်းခဲ့သဖြင့် ထွက်ခွာရန်စောင့်ဆိုင်းနေသည့် Re-entry လုပ်သား အများအပြားကျန်ရှိနေပြီး အဆိုပါလုပ်သားများအား အမြန်ဆုံး ပြန်လည်လက်ခံနိုင်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း။

နိုဝင်ဘာ ၃၀ ရက်အထိ EPS-TOPIK ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်ထားပြီး တန်းစီဇယားတွင် ကျန်ရှိနေသူ ၄၁၄၃ ဦးနှင့် ကိုရီးယားသမ္မတနိုင်ငံတွင် ၄ နှစ် ၁၀ လလုပ်ကိုင်ခဲ့ပြီး Re-entry လုပ်သားအဖြစ် ပြန်လည်ထွက်ခွာမည့် လုပ်သား ၁၁၃၀ တို့ ကျန်ရှိနေသဖြင့် အဆိုပါ အလုပ်သမားများ အမြန်ဆုံးခေါ်ယူပေးနိုင်ရေးနှင့် ပတ်သက်၍လည်းကောင်း။

(၁၂) ကြိမ်မြောက် အရည်အချင်းစစ် စာမေးပွဲ အောင်မြင်ထားသူများ အနက် အလုပ်ခေါ်စာမရရှိသေး၍ တန်းစီဇယားတွင် ကျန်ရှိနေသူ ၃၄၈၁ ဦးသည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း တန်းစီဇယားသက်တမ်း နှစ်နှစ် ကုန်ဆုံးမည်ဖြစ်သည့်အတွက် ၎င်းတို့၏ တန်းစီဇယား သက်တမ်းကို တစ်နှစ် ထပ်မံတိုးပေးနိုင်ရေး အခြေအနေများ၊ ကိုဗစ်-၁၉ ကာလအတွင်း အသွားအလာ ကန့်သတ်ချက်များကြောင့် ၁၄ ကြိမ်မြောက် EPS-TOPIK ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲအတွက် လျှောက်လွှာထုတ်ပေး၊ လက်ခံခြင်းကို Mobile Application အသုံးပြု၍ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း ဆောင်ရွက်လိုကြောင်း HRD-Korea မှ နိုဝင်ဘာ ၁၇ ရက်တွင် အကြောင်းကြားလာခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိသည့် အခြေအနေများနှင့် ပတ်သက်၍ လည်းကောင်း။

မြန်မာနိုင်ငံမှ လုပ်သားသစ်များ စတင်စေလွှတ်ချိန်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ထိန်းချုပ်၊ ကာကွယ်ရေးအတွက် နှစ်နိုင်ငံ သတ်မှတ်ထားသည့် ကျန်းမာရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့် ကိုရီးယားသမ္မတနိုင်ငံ၏ ပြည်ဝင်ခွင့်သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်သွားနိုင်ရေးနှင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း အလုပ်သမားများ စေလွှတ်နိုင်ရေး အခြေအနေများနှင့်ပတ်သက်၍ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**






ကိုရီးယားသမ္မတနိုင်ငံသို့ အလုပ်သမားများစေလွှတ်ရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပွဲကျင်းပစဉ်။


## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# အားကစားနှင့်ပညာရေး ထိရောက်စွာပေါင်းစပ်ရေး၊ အားကစားနှင့် ပညာရေးပေါင်းစပ်မှု ဦးစီးကော်မတီဖွဲ့စည်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ






**နေပြည်တော် ဒီဇင်ဘာ ၁၁**

အားကစားနှင့် ပညာရေး ထိရောက်စွာပေါင်းစပ်ရေး၊ အားကစားနှင့် ပညာရေး ပေါင်းစပ်မှုဦးစီးကော်မတီ ဖွဲ့စည်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဝင်းမော်ထွန်း၊ ဒေါက်တာမြလေးစိန်၊ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ခံညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယခုအစည်းအဝေးသည် အားကစားနှင့် ပညာရေးပေါင်းစပ်မှု ဦးစီးကော်မတီ ဖွဲ့စည်းရေးအတွက် ဆွေးနွေးအကြံပြုမှုများရယူရန် ပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ အခြေခံပညာကျောင်းများတွင် ကာယပညာသည် အလွန်အရေးကြီးပါကြောင်း၊ ယခင်သင်ရိုးဟောင်းတွင် ကာယပညာဘာသာရပ်သည် တွဲဖက်သင်ရိုးသာရှိခဲ့ပြီး သီးသန့်သင်ရိုးညွှန်းတမ်းစာအုပ် မရှိခဲ့ပါကြောင်း၊ ကာယပညာသင်ကြားရန် ကာယဆရာ လုံလုံလောက်လောက်မရှိခဲ့သလို လေ့ကျင့်ရေးအားကစားပစ္စည်းများလည်း လုံလုံလောက်လောက် မထောက်ပံ့နိုင်ခဲ့ပါကြောင်း၊ ယခုသင်ရိုးသစ်တွင် (KG + G–12) အထိ ကာယဘာသာရပ်ကို မသင်မနေရဘာသာရပ်အဖြစ် သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းရေးဆွဲခဲ့ပါကြောင်း။

သင်ရိုးသစ်တွင် (KG+G–12) တက္ကသိုလ်ဝင်တန်းကာယဆရာ/ ဆရာမ လုံလောက်စွာရရှိစေရန်အတွက် B.Sc. (Sports) ဘွဲ့ရသူများအား ခန့်အပ်ထားနိုင်ရေး ညှိနှိုင်းဆောင်ရွက်ရာတွင် နှစ်စဉ် ဘွဲ့ရသူဦးရေမှာ ၁၀၀ ခန့်သာရှိ၍ လုံလောက်မှုမရှိသေးပါကြောင်း၊ ကျန်တက္ကသိုလ်များ၌ B.Sc.(Sports) ဘွဲ့သင်တန်းများ သင်ကြားနိုင်ရန် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ အားကစားသမားတစ်ယောက်သည် အားကစားကို ဝါသနာပါပြီး တက္ကသိုလ်တက်ရောက်နိုင်ရန် အသက်မွေးဝမ်းကျောင်းပညာသင်ယူနိုင်ရန် ဘဝအာမခံချက်ရှိရန် လိုအပ်ပါကြောင်း၊ သို့မှသာ အားကစားကို နှစ်သက်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အားကစားသိပ္ပံကျောင်းများတွင် ပညာသင်ယူပြီး ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်များတွင် ဆက်လက်ပညာသင်ယူခွင့်ရရှိရေး အခွင့်အလမ်းများကို ရရှိနိုင်ရေးဆောင်ရွက်ပေးရန်အတွက် မူဝါဒကို တိတိကျကျချမှတ်ပေးရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၌လည်း အားကစားကွင်း/ အားကစားရုံများကို ဝန်ကြီးဌာနမှ တိုးချဲ့ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှလည်း အခြေခံပညာကျောင်းများတွင် အားကစားလေ့ကျင့်ရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်နေသဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း အခြေခံပညာကျောင်းများတွင် ခြင်းလုံး၊ ဘောလုံး၊ စားပွဲတင်တင်းနစ်၊ ဘော်လီဘော၊ ခုန်ကြိုးစသည့် အားကစားပစ္စည်းများ ထောက်ပံ့ပေးပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ကျောင်းသားအားကစားပြိုင်ပွဲ၊ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများကျင်းပခြင်း၊ အာဆီယံတက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင် ကြိုးစားသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အားကစားနှင့် ပညာရေးပေါင်းစပ်၍ ပူးပေါင်းညှိနှိုင်းလုပ်ဆောင်ရန်အတွက် ကော်မတီတစ်ရပ်ကို ၂၀၀၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော်လည်း လုပ်ငန်းများနှောင့်နှေးနေခဲ့သည့်အတွက် အရှိန်အဟုန်ဖြင့် အားဖြည့်ဆောင်ရွက်ရန်အတွက် ယခုကော်မတီကို ဖွဲ့စည်းခြင်းဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လက်ရှိတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အစွမ်းကုန်ဆောင်ရွက်နေသကဲ့သို့ အခြားသော ပြည်သူ့ကျန်းမာရေးလုပ်ငန်းများနှင့် အားကစားကဏ္ဍကိုလည်း လျစ်လျူရှု၍ မရပါကြောင်း၊ ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်းသည် ခန္ဓာကိုယ်ကို ကြံ့ခိုင်သန်စွမ်းစေကာ ခန္ဓာကိုယ်၏ ခုခံအားစနစ်ကို မြင့်တက်စေနိုင်သဖြင့် ရောဂါများကို ခုခံနိုင်စွမ်းများ မြင့်တက်လာနိုင်မည်ဖြစ်ပါကြောင်း၊ ယခုကမ္ဘာတစ်ဝန်းတွင် သုတေသနပြုကာ အောင်မြင်မှုအတိုင်းအတာတစ်ခုအထိ ရရှိနေသော ကိုဗစ်–၁၉ ကာကွယ်ဆေးများကို ထိုးနှံပြီးပါက ရောဂါကိုခုခံနိုင်မှုအချိန်ကာလအတိုင်းအတာ မည်မျှတာရှည်ခံမည်ကို မသိရှိရသေးပါကြောင်း။

သို့ဖြစ်၍ ကိုဗစ်–၁၉ ကာကွယ်ရေးစည်းကမ်းများကို ဆက်လက်လိုက်နာခြင်း၊ ရောဂါကိုခုခံနိုင်မှု ကိုယ်ခံအားမြင့်မားစေရန်အတွက် မိမိနှင့်သင့်တော်ရာ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် ရေရှည်တွင် များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ဖြစ်ပွားသေဆုံးသူများ၏ ၈၅ ရာခိုင်နှုန်းခန့်သည် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးသွေးကြောရောဂါစသည့် ရောဂါအခံတစ်မျိုးမျိုးရှိနေသူများ ဖြစ်ပါကြောင်း၊ အားကစားလေ့ကျင့်လိုက်စားမှုဖြင့် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးသွေးကြောရောဂါစသည့် ရောဂါများဖြစ်ပွားခြင်းမှ ကာကွယ်နိုင်သည်ဖြစ်သဖြင့် ကိုဗစ်–၁၉ ကဲ့သို့ရောဂါမျိုး ကူးစက်ပါကလည်း ကိုယ်လက်လှုပ်ရှားအားကစားပုံမှန်လုပ်ထားသူတစ်ဦးအနေဖြင့် ရောဂါပြင်းထန်ကာ အသက်သေဆုံးနိုင်ခြေကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း။

ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်းသည် ထိုကဲ့သို့ ကိုယ်ခန္ဓာပိုင်းဆိုင်ရာ အကျိုးကျေးဇူးများသာမက စိတ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူးများကိုပါ ရရှိစေနိုင်ပါကြောင်း၊ နိုင်ငံတစ်ဝန်းလုံးရှိ ကျောင်း၊ ကောလိပ်နှင့် တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ၌ ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်းမှတစ်ဆင့် အလေ့အကျင့်ကောင်းများ ပိုင်ဆိုင်လာခြင်းနှင့် ထိုအလေ့အကျင့်ကောင်းများကို တစ်ဦးမှတစ်ဦး လက်ဆင့်ကမ်းရရှိခြင်းတို့ဖြင့် နိုင်ငံတော်အတွက် ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသူ အမြောက်အများပေါ်ထွက်လာမည်ဖြစ်ပါကြောင်း၊ အားကစားနှင့် ပညာရေး ပေါင်းစပ်ဆောင်ရွက်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်အတွက် ဦးစီးကော်မတီကို ဖွဲ့စည်းရာတွင် အလုပ်တာဝန်ဝတ္တရားများ တိကျစွာသတ်မှတ်ခြင်း၊ လုပ်ငန်းလမ်းပြမြေပုံတိကျစွာရေးဆွဲချမှတ်ကာ ကဏ္ဍအလိုက် လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဆင့်တွင် ကော်မတီအဆင့်ဆင့်ဖွဲ့စည်းကာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆန်းစစ်အကဲဖြတ်မှုများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ယခုအခါ အခြေခံပညာကျောင်းများ၏ သင်ရိုးညွှန်းတမ်းများတွင် ကိုယ်လက်လှုပ်ရှား အားကစားဆိုင်ရာ သင်ရိုးများ ပါဝင်နေပြီဖြစ်သဖြင့် အကျိုးရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကျောင်းများအတွက် လိုအပ်သော အားကစားပစ္စည်းများ တတ်နိုင်သမျှ ပံ့ပိုးပေးအပ်လျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ကျောင်းများအတွက် လိုအပ်သော အားကစားပစ္စည်းများ ဝယ်ယူဖြည့်တင်းရန်နှင့် ကျောင်းအားကစားကွင်း၊ ရုံနှင့် ခန်းမများ ဆောက်လုပ်ရန် ဘဏ္ဍာငွေများ ပိုမိုထည့်သွင်းလျာထားစေလိုပါကြောင်း။

ယခုအစည်းအဝေးတွင် အားကစားနှင့် ပညာရေး ထိရောက်စွာပေါင်းစပ်ရေးအတွက် လက်တွေ့အမှန်တကယ် လုပ်ဆောင်နိုင်မည့် လုပ်ငန်းစဉ်များနှင့် အားဖြည့်ဆောင်ရွက်ရန် လိုအပ်သည်များကို အကြံပြုဆွေးနွေးကြစေလိုပါကြောင်း၊ အားကစားနှင့် ပညာရေး ထိရောက်စွာပေါင်းစပ်ခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ကာ ပညာရည်မြင့်မားတိုးတက်ပြီး နိုင်ငံတော်အတွက် ရေရှည်အကျိုးရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ၂၀၀၈ ခုနှစ်မှစပြီး အားကစားနှင့် ပညာရေး ပေါင်းစပ်လုပ်ကိုင်ခဲ့သော လုပ်ငန်းစဉ်များ၊ ၂၀၁၈ ခုနှစ် တွင် Asian University Games အိမ်ရှင်အဖြစ် အောင်မြင်စွာ ကျင်းပနိုင်မှုလုပ်ငန်းစဉ်များ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အားကစားနှင့် ပညာရေး ပူးပေါင်းဆောင်ရွက်မှုဦးစီးကော်မတီ ဖွဲ့စည်းနိုင်ရန်အတွက် လမ်းညွှန်ချက်၊ ဆောင်ရွက်မှုများနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသော အဆင့်မြင့်ပညာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက တက္ကသိုလ်များတွင် ကာယပညာရပ်ဆိုင်ရာ အရာရှိများခန့်ထားနိုင်ရေး၊ B.Sc. (Sports) သင်တန်းများ တိုးချဲ့ဖွင့်လှစ်သင်ကြားနိုင်ရေး၊ (၂၀၂၁) Asian University Games ပြိုင်ပွဲဝင် ရောက်ယှဉ်ပြိုင်နိုင်ရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပညာရေးစီမံကိန်းနှင့် သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးသန့်၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ အားကစားနှင့် ပညာရေးပေါင်းစပ်ဌာနခွဲ ညွှန်ကြားရေးမှူး ဦးထွန်းသန့်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းတို့က သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာသူများက ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတို့က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## မြန်မာ့ရုပ်ရှင်ရာပြည့်အထိမ်းအမှတ် အွန်လိုင်းရုပ်ရှင်ပဟေဠိပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် Information Matrix ကုမ္ပဏီတို့ ပူးပေါင်းစီစဉ်ကျင်းပသော မြန်မာ့ရုပ်ရှင်နှစ် (၁၀၀) ပြည့်အထိမ်းအမှတ် အွန်လိုင်းရုပ်ရှင်ပဟေဠိပြိုင်ပွဲ (8 PM Quiz Night Show) ကို ဒီဇင်ဘာ ၁၃ ရက် ည ၈ နာရီတွင် 7Day TV Facebook စာမျက်နှာမှတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ကျင်းပမည်ဖြစ်သည်။

အဆိုပါ ရုပ်ရှင်ပဟေဠိပြိုင်ပွဲအစီအစဉ်တွင် မြန်မာ့ရုပ်ရှင်ခေတ်ဦးမှ ယနေ့ကာလအထိ ဖြတ်သန်းခဲ့သော ရုပ်ရှင်သမိုင်းကြောင်းများ၊ ရုပ်ရှင်သရုပ်ဆောင်များ၏ အနုပညာလှုပ်ရှားမှုများ၊ ရုပ်ရှင်ဇာတ်ကားများကို မေးခွန်းပေါင်း ၃၀ မေးမြန်းဆောင်ရွက်သွားမည်ဖြစ်ပြီး စုစုပေါင်းလူဦးရေ ၅၀၀ ခန့် တစ်ပြိုင်နက် ဝင်ရောက်ဖြေဆိုယှဉ်ပြိုင်နိုင်မည့် ကွန်ပျူတာ Software အသုံးပြု၍ ဆောင်ရွက်မည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသူများ အနေဖြင့် https://www.crowd.live/7DAYTV Link သို့ဝင်ရောက်ကာ အမြန်ဆုံး register လုပ်ထားရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို 7 Day TV Facebook စာမျက်နှာတွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

8 PM Quiz Night Show တွင် ပါဝင်ယှဉ်ပြိုင်သူများ၏ ရရှိသည့် အမှတ်များကို ကွန်ပျူတာအသုံးပြု၍ စိစစ်ကာ ပထမ၊ ဒုတိယ၊ တတိယဆုများအား ရွေးချယ်သွားမည်ဖြစ်ပြီး ပထမဆု ငွေကျပ်ငါးသိန်းနှင့် i Phone တစ်လုံး၊ ဒုတိယဆု ငွေကျပ်သုံးသိန်းနှင့် တတိယဆု ငွေကျပ်နှစ်သိန်းတို့အား ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(FDC)**

# COVID–19 ကြောင့် စီးပွားရေးထိခိုက်မှုများအား ကုစားခြင်း

အောင်နိုင်ဦး (မန္တလေး)

❖ COVID-19 ကြောင့် ဖြစ်ပေါ်တဲ့ သက်ရောက်မှုတွေကို ကုစားနိုင်ဖို့ နိုင်ငံတော်အစိုးရရဲ့ စိုက်ထုတ်ကျခံ သုံးစွဲမှုဟာ ကျပ်ဘီလီယံ ၃၀၀၀ နီးပါးရှိခဲ့ပြီး အခြားလျှော့ပေါ့သက်သာပေးမှုတွေကိုပါ ထည့်သွင်းတွက်ချက်လိုက်ရင် ပြည်တွင်းထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုး စုစုပေါင်း (GDP) ရဲ့ လေးရာခိုင်နှုန်းခန့် ကျခံသုံးစွဲခဲ့

❖ COVID-19 ကြောင့် ကမ္ဘာတစ်ဝန်း ထိခိုက်မှုရှိခဲ့တဲ့ စီးပွားရေးလုပ်ငန်းတွေပြန်လည်ထူထောင်လာဖို့ အခြေအနေအပေါ် အများစုမှန်းဆချက်တွေက ရောဂါ ကာကွယ်ကုသဆေးတွေ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်သုံးစွဲနိုင်မှုအပေါ်မှာ မူတည်တယ်လို့ လက်ခံထားကြ

**COVID–19 နဲ့ ကမ္ဘာ့စီးပွားရေး**

၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းက တရုတ်နိုင်ငံမှာ စတင်ပေါ်ပေါက်ခဲ့တဲ့ ကူးစက်ရောဂါဆိုးကြီးဟာ နောက်ပိုင်း COVID–19 လို့ခေါ်တဲ့ ကမ္ဘာ့ကပ်ရောဂါကြီး အဖြစ်ရောက်ရှိခဲ့ပါတယ်။ ကပ်ရောဂါကြီးကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးမှာ ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုတွေ၊ အသက်ဆုံးရှုံးမှုတွေများစွာဖြစ်ပေါ်ခဲ့သလို ၂၀၂၀ ပြည့်နှစ်အတွင်းမှာ ကမ္ဘာ့စီးပွားရေးကိုလည်း ထင်မှတ်မထားတဲ့ အခြေအနေအထိ ကျဆင်းသွားစေခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ်အတွင်း ကမ္ဘာ့ကုန်သွယ်မှုအခြေအနေ ကလည်း ၉ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သလို ကမ္ဘာ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေကလည်း ၄၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ပါတယ်။ ကမ္ဘာ့စီးပွားရေး ထိခိုက်မှုနဲ့အတူ အာဆီယံရဲ့ စီးပွားရေးဟာလည်း ကြီးမားတဲ့ ထိခိုက်မှုတွေ ခံစားခဲ့ရပါတယ်။ ၂၀၂၀ ပြည့်နှစ် ပထမနှစ်ဝက်အတွင်းမှာ အာဆီယံရဲ့ ကုန်သွယ်မှုက ၁၂ ဒသမ ၄ ရာခိုင်နှုန်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက ၃၂ ဒသမ ၉ ရာခိုင်နှုန်း၊ ပြည်ပခရီးသွားဝင်ရောက်မှုက ၇၁ ဒသမ ၆ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ပါတယ်။ ကမ္ဘာ့စီးပွားရေးထိခိုက်မှု၊ အာဆီယံစီးပွားရေး ထိခိုက်မှုနဲ့အတူ မြန်မာပြည်ရဲ့ စီးပွားရေးမှာလည်း ကဏ္ဍအသီးသီးအပေါ် ထိခိုက်မှုတွေ ကြီးမားခဲ့ပါတယ်။

**အစိုးရရဲ့အပြင်အဆင်**

နိုင်ငံတော်အစိုးရအနေနဲ့ COVID–19 ကြောင့် နိုင်ငံအသီးသီးရဲ့ ကျန်းမာရေးနဲ့ စီးပွားရေးထိခိုက်မှုတွေ စတင်ပေါ်ပေါက်လာချိန်မှာ မြန်မာနိုင်ငံအနေနဲ့ ကျန်းမာရေးဆိုင်ရာထိခိုက်မှု မရှိသေးသော်ငြားလည်း စီးပွားရေးဆိုင်ရာ ထိခိုက်မှုတွေ ပေါ်ပေါက်နိုင်တဲ့ အလားအလာတွေကို ကြိုတင်ခန့်မှန်းသုံးသပ်ခဲ့ပါတယ်။ ဒါကြောင့် ၂၀၂၀ ပြည့်နှစ် မတ်လ ၁၃ ရက်နေ့မှာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်ပြီး နိုင်ငံတော်ရဲ့ စီးပွားရေးမှာ အရေးပါတဲ့ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ပြည်ထောင်စုဝန်ကြီးများ၊ အကြီးအကဲများ၊ ဆက်စပ်တဲ့ ဌာနဆိုင်ရာ အရာရှိကြီးများ ပါဝင်တဲ့ "COVID–19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ"ကို အချိန်မီ ဖွဲ့စည်းခဲ့ပါတယ်။ လုပ်ငန်းကော်မတီဟာ COVID–19 ကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ထိခိုက်မှုတွေကို ကြိုတင်ကာကွယ်ဖို့၊ ထိခိုက်မှုလျော့နည်းသက်သာစေဖို့၊ ပြန်လည်ကုစားနိုင်ဖို့ စတင်ပြင်ဆင်ခဲ့ပါတယ်။ လုပ်ငန်းကော်မတီရဲ့ ပထမဆုံး အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် မတ်လ ၁၄ ရက်နေ့မှာ ကျင်းပခဲ့ပြီး ဖြစ်ပေါ်လာနိုင်တဲ့ စီးပွားရေးသက်ရောက်မှုတွေနဲ့ ပတ်သက်တဲ့ မူဝါဒပိုင်းဆိုင်ရာ အပြင်အဆင်တွေကို စတင်စီမံဆောင်ရွက်ခဲ့ပါတယ်။

**အစီအမံများ**

လုပ်ငန်းကော်မတီဟာ ချက်ချင်းအရေးယူဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ကာလတိုအတွင်း ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များနဲ့ စီးပွားရေး သက်ရောက်မှုတွေကို ကုစားနိုင်ဖို့ မူဝါဒပိုင်းဆိုင်ရာ ဆောင်ရွက်ရမည့်ကိစ္စရပ်များ ခွဲခြားသတ်မှတ်ပြီး လုပ်ငန်းအစီအမံများ ချမှတ်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် မတ်လအတွင်းမှာ ကုန်ကြမ်းပစ္စည်းရရှိဖို့ အခက်အခဲပေါ်နေတဲ့ အထည်ချုပ်စက်ရုံတွေအတွက် လိုအပ်တဲ့ ကုန်ကြမ်းပစ္စည်းတွေ မြန်မြန်နဲ့များများ သယ်ယူနိုင်ရေးအတွက် စီမံဆောင်ရွက်မှုနဲ့ လုပ်ငန်းကော်မတီရဲ့ လုပ်ငန်းစဉ်တွေကို စတင်ခဲ့ပါတယ်။

ဆက်လက်ပြီး ကာလတို ကုစားမှုလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ ဘဏ္ဍာရေးဆိုင်ရာ လှုံ့ဆော်မှု (Fiscal Stimulus) အစီအမံတွေကို ဆောင်ရွက်ခဲ့ရာမှာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ဝင်ငွေခွန်နှင့်ပတ်သက်ပြီး သုံးလတစ်ကြိမ်ပေးဆောင်ရမည့် ဝင်ငွေခွန်များကို စက်တင်ဘာလ ၃၀ ရက်နေ့အထိ ရွှေ့ဆိုင်းပေးခဲ့ခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကိုလည်း လစဉ် ပေးဆောင်ရမည့်အစား စက်တင်ဘာလ ၃၀ ရက်နေ့မှသာ ပေးဆောင်ဖို့ ရွှေ့ဆိုင်းပေးခဲ့ခြင်း၊ ပို့ကုန်တင်ပို့ခြင်းအပေါ် ကြိုတင်ဝင်ငွေခွန် နှစ်ရာခိုင်နှုန်း ကောက်ခံခြင်းကို စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုခဲ့ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ အခွန်ပေးဆောင်ရမည့်ရက်ကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ကြေညာချက်ထပ်မံထုတ်ပြန်ပြီး ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ကာလတိုးမြှင့် ရွှေ့ဆိုင်းပေးခဲ့ပါတယ်။

ငွေကြေးဆိုင်ရာ လှုံ့ဆော်မှု (Monetary Stimulus) အစီအမံအနေနဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အတိုးနှုန်း (Bank Rate) ကို ၂၀၂၀ ပြည့်နှစ် မတ်လ ၁၆ ရက်နေ့ကစပြီး ၁၀ ရာခိုင်နှုန်းမှ ၉ ဒသမ ၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ မတ်လ ၂၄ ရက်နေ့မှာ ၈ ဒသမ ၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ ထပ်မံပြီး ဧပြီလ ၂၇ ရက်နေ့မှာ ခုနစ်ရာခိုင်နှုန်းသို့လည်းကောင်း လျှော့ချပေးခဲ့တဲ့အပြင် ပြောင်းလဲပြင်ဆင်သတ်မှတ်ပေးခဲ့ပါတယ်။ ဧပြီလ ၉ ရက်နေ့မှာ ပုဂ္ဂလိကဘဏ်များအနေနဲ့ မြန်မာကျပ်ငွေဖြင့် ထားရှိရမည့် အနည်းဆုံးသီးသန့်ငွေ လိုအပ်ချက်ကို ဘဏ်နှင့် ဆက်သွယ်သူများ (Customers) အပ်ငွေစုစုပေါင်း၏ ငါးရာခိုင်နှုန်းမှ ၃ ဒသမ ၅ ရာခိုင်နှုန်းသို့ ပြင်ဆင်လျှော့ချပြီး ဖြေလျှော့ပေးခဲ့ပါတယ်။

၂၀၂၀ ပြည့်နှစ် မတ်လဒုတိယလဝက်မှာ မြန်မာနိုင်ငံအတွင်း COVID–19 ကြောင့် စီးပွားရေးအပေါ် ထိခိုက်မှုတွေဟာ စတင်ဖြစ်ပေါ်လာခဲ့ပါတယ်။ အထူးသဖြင့် အထည်ချုပ် (CMP) လုပ်ငန်းတွေ၊ ခရီးသွားလုပ်ငန်းတွေ၊ အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းတွေ ထိခိုက်မှု စတင်ဖြစ်ပေါ်လာခဲ့တဲ့အတွက် အဆိုပါလုပ်ငန်းတွေကို ထောက်မပေးနိုင်ဖို့ ကျပ် ဘီလီယံ ၁၀၀ ကို COVID–19 Fund အနေနဲ့ လျာထားပြီး အဆိုပါလုပ်ငန်းတွေကို တစ်နှစ် အတိုးနှုန်း တစ်ရာခိုင်နှုန်းနဲ့ ချေးငွေထုတ်ပေးနိုင်ဖို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ၂၀၂၀ ပြည့်နှစ် မတ်လ ၁၈ ရက်နေ့မှာ ကြေညာချက်ထုတ်ပြန်ပြီး ချေးငွေထုတ်ပေးမှုလုပ်ငန်းတွေ စတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒ့ါအပြင် ဒုတိယအကြိမ်အနေနဲ့ ကျပ် ဘီလီယံ ၁၀၀ ကို ထပ်မံလျာထားပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ပို့ကုန်လုပ်ငန်း၊ သွင်းကုန်အစားထိုးလုပ်ငန်း၊ ထုတ်လုပ်မှုမှ ပြည်ပတင်ပို့သည့် ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တစ်လျှောက် ပါဝင်သည့် လုပ်ငန်းများ၊ စားသောက်ကုန်ထုတ်လုပ်ငန်း၊ ပြည်ပအလုပ်အကိုင် ရှာဖွေရေးလုပ်ငန်း၊ အသက်မွေးပညာသင်လုပ်ငန်းများစတဲ့ လုပ်ငန်းအသီးသီးကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၃ ရက် နေ့ကစပြီး ချေးငွေထုတ်ပေးနိုင်ဖို့ စီမံဆောင်ရွက်ပေး ခဲ့ပါတယ်။ ထပ်မံပြီး ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနဲ့ မီဒီယာများသို့ ချေးငွေထုတ်ချေးပေးနိုင်ဖို့ ကျပ် ၁၅ ဘီလီယံ ထပ်မံလျာထားပေးခဲ့ပြီး ချေးငွေတွေ ထုတ်ပေးနိုင်ဖို့ ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။

**အခြားဆောင်ရွက်ပေးမှုများ**

စီးပွားရေးလုပ်ငန်းတွေအနေနဲ့ COVID–19 အကျပ်အတည်းကာလမှာ ကုန်ကျစရိတ်တွေ သက်သာစေဖို့ ရည်ရွယ်ပြီး ဝန်ကြီးဌာနအသီးသီးကလည်း ၎င်းတို့ ကောက်ခံနေတဲ့ လိုင်စင်ကြေး၊ ဝန်ဆောင်ခ စတာတွေကို လျှော့ချ၊ ကင်းလွတ်ပေးခဲ့ကြပါတယ်။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ဟိုတယ်လုပ်ငန်း၊ တည်းခိုရိပ်သာလုပ်ငန်း၊ ခရီးလှည့်လည်ရေးလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်းတွေအတွက် လိုင်စင်ကြေးများကို ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်နေ့ကာလအထိ တစ်နှစ်တာကာလအတွက် ကင်းလွတ်ပေးခဲ့ပါတယ်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကလည်း ၎င်းပုံမှန် ကောက်ခံနေတဲ့ ဝန်ဆောင်ခတွေကို ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၀ ရက်နေ့မှစ၍ မူလ ဝန်ဆောင်စရိတ်နှုန်းထား၏ ၅၀ ရာခိုင်နှုန်းသို့ လျှော့ချ ကောက်ခံပေးခဲ့ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကလည်း သွင်းကုန်လိုင်စင်ကြေးတွေ ကို မူလကောက်ခံတဲ့ နှုန်းထားအစား သွင်းကုန်လိုင်စင် တစ်စောင်လျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် လျှော့ချကောက်ခံခဲ့ပြီး ဆေးဝါးများနှင့် ဆေးဝါးများ ထုတ်လုပ်ရာမှာ အသုံးပြုတဲ့ ဆေးဝါးကုန်ကြမ်းများ အားလုံးအပေါ် ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁၁ ရက်နေ့မှစ၍ သွင်းကုန်လိုင်စင်ကြေး ကင်းလွတ်ပေးခဲ့ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့လည်း ဝန်ကြီးဌာနက စီမံခန့်ခွဲတဲ့ လမ်း/တံတားတွေမှာ လမ်းတံတားအသုံးပြုခကို ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁ ရက်နေ့ကစပြီး ၅၀ ရာခိုင်နှုန်း လျှော့ချကောက်ခံခဲ့ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာနကလည်း နိုင်ငံပိုင် လေယာဉ်ကွင်းများမှာ လေကြောင်းလိုင်းများအပေါ် ကောက်ခံတဲ့ ကွင်းအသုံးပြုခ၊ လေယာဉ်ရပ်နားခတွေကိုလည်း ကောက်ခံခြင်းမပြုဘဲ ကင်းလွတ်ပေးခဲ့ပါတယ်။

စီးပွားရေးလုပ်ငန်းများအနေနဲ့ COVID–19 ကြောင့် ထိခိုက်မှုတွေ ရှိနေတဲ့ကာလအတွင်း အစိုးရဌာနအသီးသီးနဲ့ ဆက်စပ်ဆောင်ရွက်ရတဲ့ကိစ္စတွေမှာ ပိုမိုလွယ်ကူချောမွေ့စေဖို့အတွက်လည်း ဝန်ကြီးဌာနအသီးသီးက ဖြေလျှော့မှုတွေနဲ့ နည်းပညာအသုံးပြု ဝန်ဆောင်မှုပေးခြင်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ပို့ကုန်သွင်းကုန်လိုင်စင်၊ ပါမစ်တွေကို ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့ကစပြီး Online စနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာမှာ ပေါ်ပေါက်လာတတ်တဲ့ အခက်အခဲတွေကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ပေးနိုင်ဖို့ ကုန်သွယ်မှုနဲ့သက်ဆိုင်တဲ့ဌာနများမှ အရာထမ်းများဖြင့် ဖွဲ့စည်းထားသည့် Help Desk ကို ရန်ကုန်မြို့မှာရှိတဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ Myanmar International Trade Center မှာ မတ်လ ၂၄ ရက်နေ့မှစပြီး ရုံးခန်းဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**နိုင်ငံတော်က ဆောင်ရွက်ခဲ့မှုများ**

COVID–19 ကြောင့် ဖြစ်ပေါ်လာမယ့် စီးပွားရေး သက်ရောက်မှုတွေကို လျှော့ချနိုင်ဖို့အတွက် နိုင်ငံတော် အစိုးရအနေနဲ့ လိုအပ်တဲ့ အစီအမံတွေ ညှိနှိုင်းရေးဆွဲခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၇ ရက်နေ့မှာ "COVID–19 စီးပွားရေး ထိခိုက်မှုသက်သာရေး စီမံချက် (COVID–19 Economic Relief Plan–CERP)" ကို ထုတ်ပြန်ခဲ့ပြီး အဆိုပါစီမံချက်နဲ့အညီ လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။

COVID–19 နဲ့ပတ်သက်တဲ့ သက်ရောက်မှုတွေကို CERP နဲ့အညီ ကိုင်တွယ်ဆောင်ရွက်ခဲ့ရာမှာ နိုင်ငံတော်အနေနဲ့ အောက်ပါအတိုင်း ရန်ပုံငွေစိုက်ထုတ်ကျခံ သုံးစွဲခဲ့ပါတယ် –

(၁) COVID–19 ရောဂါကာကွယ်ရေး
ကျပ် ၁၂၅၆၁.၁၂၇ သန်း။

(၂) COVID–19 ရောဂါကုသရေး
ကျပ် ၃၀၃၀၁၇.၂၃၆ သန်း။

(၃) အိမ်ထောင်စုများသို့ ထောက်ပံ့ခြင်းနှင့် အမျိုးသား ဘေးအန္တရာယ်ရန်ပုံငွေ ထောက်ပံ့ခြင်း
ကျပ် ၁၅၀၈၃၇၀.၀၁၁ သန်း။

(၄) စီးပွားရေးလုပ်ငန်းများသို့ ချေးငွေထုတ်ပေးခြင်း
ကျပ် ၃၉၉၀၀၀.၀၀၀ သန်း။

(၅) CERP လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း
ကျပ် ၇၂၈၅၁၅.၂၅၄ သန်း။

(၆) ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပေးခြင်း
ကျပ် ၂၀၀.၅၀၀ သန်း။

**စုစုပေါင်း ကျပ် ၂၉၅၁၆၆၄.၁၂၈ သန်း။**

COVID–19 ကြောင့် ဖြစ်ပေါ်တဲ့ သက်ရောက်မှုတွေကို ကုစားနိုင်ဖို့ နိုင်ငံတော်အစိုးရရဲ့ စိုက်ထုတ်ကျခံ သုံးစွဲမှုဟာ ကျပ်ဘီလီယံ ၃၀၀၀ နီးပါးရှိခဲ့ပြီး အခြားလျှော့ပေါ့သက်သာပေးမှုတွေကိုပါ ထည့်သွင်းတွက်ချက်လိုက်ရင် ပြည်တွင်းထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုး စုစုပေါင်း (GDP) ရဲ့ လေးရာခိုင်နှုန်းခန့် ကျခံသုံးစွဲခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

**အနာဂတ်စီးပွားရေး ခန့်မှန်းချက်များ**

COVID–19 ကြောင့် ကမ္ဘာတစ်ဝန်း ထိခိုက်မှုရှိခဲ့တဲ့ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်ထူထောင်လာဖို့ အခြေအနေအပေါ် အများစုမှန်းဆချက်တွေက ရောဂါကာကွယ်ကုသဆေးတွေ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်သုံးစွဲနိုင်မှုအပေါ်မှာ မူတည်တယ်လို့ လက်ခံထားကြပါတယ်။ UNCTAD ရဲ့ ခန့်မှန်းချက်အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး ၂၀၂၂ ခုနှစ်မှသာ ပြန်လည်တိုးတက်မည့် အလားအလာတွေ့ရတယ်လို့ ဆိုပါတယ်။ COVID–19 မတိုင်မီကတည်းက ပေါ်ပေါက်နေခဲ့တဲ့ ကုန်သွယ်ရေး တင်းမာမှုအခြေအနေတွေရယ်၊ COVID–19 ကြောင့် ထိခိုက်မှုတွေရယ်ကြောင့် ကမ္ဘာ့ကုန်သွယ်ရေးအခြေအနေကလည်း ပြန်လည်ဦးမော့လာဖို့ အချိန်ယူရဦးမယ်လို့ ဆိုပါတယ်။ ကမ္ဘာ့စီးပွားရေး စိန်ခေါ်မှုနဲ့ အကျပ်အတည်းတွေအကြား မိမိတို့နိုင်ငံအနေနဲ့ COVID–19 ကြောင့် ပေါ်ပေါက်နေတဲ့ သက်ရောက်မှုတွေအပေါ် နိုင်ငံတော်အစိုးရနဲ့ ပြည်သူအားလုံး လက်တွဲညီညီ ကြံ့ကြံ့ခံ ပူးပေါင်းဆောင်ရွက်သွားဖို့ လိုအပ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁ - ၂၀၃၀) ရေးဆွဲရေးဆိုင်ရာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၁

**အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀) ရေးဆွဲရေးဆိုင်ရာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။**



အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Education and TVET Sector Coordination Group-ETVSCG)၏ Co-chair များဖြစ်ကြသော ဖင်လန်နိုင်ငံ သံအမတ်ကြီး Ms Riikka Laatu နှင့် UNESCO Myanmar ၏ Head of Office, Ms. Kim Min Jeong၊ ပညာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ETVSCG အဖွဲ့ဝင်များ ပါဝင်ဆွေးနွေးကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက NESP(2016-2021) ဆောင်ရွက်ခဲ့ရာတွင် ရရှိခဲ့သည့်အောင်မြင်မှုများ၊ တွေ့ကြုံခဲ့သည့်စိန်ခေါ်မှုများကို NESP Mid-Term Review တွင် ဖော်ပြထားပါကြောင်း၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁) NESP1 ၏ အောင်မြင်မှုများ၊ စိန်ခေါ်မှုများကို အခြေခံပြီး NESP Mid-Term Review ၏ တွေ့ရှိချက်များ၊ ထောက်ခံအကြံပြုချက်များ၊ ဆန်းစစ်မှုများနှင့် NLD Manifesto 2020 တို့ကို ဖြည့်စွက်ကာ NESP2 အား ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ ဆရာ ဆရာမ၊ ကျောင်းသားများ၊ ပညာရေးတွင် ပါဝင်သူများအားလုံး အတူတကွ ပူးပေါင်းရေးဆွဲပြုစုကြမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနသည် ကျောင်းနေအရွယ်အားလုံး ပညာရေးအဆင့်တိုင်းတွင် မည်သည့်ခွဲခြားမှုမျှမရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မျှမကျန်ရှိရေး၊ ကျောင်းထွက်သူမရှိရေးနှင့် မည်သူမျှသင်ယူမှုမဆုံးရှုံးစေရေး အခြေခံမူဝါဒများနှင့်အတူ လူသားကောင်းဖြစ်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ တာဝန်ခံမှုနှင့် တာဝန်ယူမှု၊ ဆန်းသစ်တီထွင်မှုတို့ကို အဓိကတန်ဖိုးထား ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပညာရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် အောင်မြင်မှုများရှိသကဲ့သို့ အထက်တန်းနှင့် အလယ်တန်းကျောင်းထွက်မှု၊ ဒေသဆိုင်ရာ ဈေးကွက်လုပ်သားလိုအပ်မှုတို့ ရှိနေသေးခြင်း၊ တက္ကသိုလ်ကိုယ်ပိုင်အုပ်ချုပ်မှု၊ ကျောင်းများနှင့် စက်ရုံအလုပ်ရုံများ ပူးပေါင်းဆောင်ရွက်မှုတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ခြင်း၊ ဒစ်ဂျစ်တယ်ခေတ်၏ စိန်ခေါ်မှုများဖြစ်သော ၂၁ ရာစုကျွမ်းကျင်မှုနှင့် တတ်မြောက်မှုများစသည့် စိန်ခေါ်မှုများကို ရင်ဆိုင်နေရပါသေးကြောင်း။

21st Century Skills နှင့် Competencies များ ပြည့်မီအောင်မြင်စေရန်အတွက် အရည်အသွေးပြည့်မီသောပညာရေးဆီသို့ ဦးတည်နေသည့်လမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်း လိုပါကြောင်းနှင့် ပေါင်းစပ်သင်မှုပုံစံဖြင့် ဘဝတစ်သက်တာ သင်ယူနိုင်မည့် အခွင့်အလမ်းများ (Blended Lifelong Learning Opportunities ) ကိုလည်း ပေးသွားမည်ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် ဒစ်ဂျစ်တယ်ခေတ်၏ စိန်ခေါ်မှုများကို ဖြေရှင်းပေးနိုင်မည့် High-tech Learning နှင့် High-touch Learning များ၏ အခန်းကဏ္ဍသည် အလွန်အရေးပါနေပြီ ဖြစ်ပါကြောင်း၊ ထို့အတူ စဉ်ဆက်မပြတ်သင်ယူခြင်း၊ ပညာရေးတွင် ပိုမိုရင်းနှီးမြှုပ်နှံလာခြင်း၊ တိုင်းရင်းသားမျိုးနွယ်စုများနှင့် ဖွံ့ဖြိုးမှုအားနည်း၍ ပညာရေးလက်လှမ်းမမီသည့်သူများအား ဦးစားပေးဆောင်ရွက်ခြင်း၊ ဆရာ/ ဆရာမများ၏ စွမ်းဆောင်ရည်များကို တိုးတက်လာစေရန် ဆောင်ရွက်ပေးခြင်းအပြင် လုပ်ငန်းခွင်နယ်ပယ် တိုးတက်စေခြင်း၊ နည်းပညာနှင့် အခြေခံအဆောက်အအုံများ စဉ်ဆက်မပြတ်ပံ့ပိုးပေးခြင်းတို့သည် အရည်အသွေးပြည့်မီသော ပညာရေးကဏ္ဍ တိုးတက်စေရေးအတွက် လွန်စွာအရေးပါကြောင်း။

NESP (2021-2030) ပါ မဟာဗျူဟာများ၊ လုပ်ငန်းအစီအစဉ်များ ရေးသားပြုစုရာတွင် ပံ့ပိုးကူညီပေးပါသော ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ အကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများသည် ပညာရေးဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် လွန်စွာတန်ဖိုးရှိပြီး အရေးပါသည့်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ဖွံ့ဖြိုးမှုမိတ်ဖက်များအားလုံး၏ ထောက်ခံအကြံပြုချက်များကို NESP (2021-2020) ၏ Table of Contents များတွင် ထည့်သွင်းရေးဆွဲထားပါကြောင်း၊ ထို့အပြင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်ခွဲများတွင်လည်း ကျန်ရစ်နေသေးသည့် လုပ်ငန်းများရှိပါက ထပ်မံထည့်သွင်းပေးစေ လိုပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် Education Stakeholders များဖြင့် ဆောင်ရွက်လျက်ရှိသည့် NESP Consultation Meetings ၂၁ ခုကိုလည်း ဝေမျှထားပါကြောင်း၊ ယင်းအစည်းအဝေး ၂၁ ခုအနက် အစည်းအဝေး ၁၀ ခုကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီး ယနေ့အစည်းအဝေးမှာ ၁၁ ကြိမ်မြောက် အစည်းအဝေးဖြစ်ပါကြောင်း။

Myanmar Digital Education Platform (MDEP) ကို ထူထောင်ပြီးဖြစ်ပါသဖြင့် Online Training များ ပေးရာတွင် အသုံးပြုနိုင်သည့်အပြင် Grade 1, 2, 3, 4, 6, 7, and 10 များ အတွက် Digital Textbooks များနှင့် Video Files များပါ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ Myanmar Education Channel နှင့် MRTV တို့မှလည်း အခြေခံပညာကျောင်းသား/ကျောင်းသူများအတွက် သင်ခန်းစာများကို ထုတ်လွှင့်ပို့ချပေးနေပြီ ဖြစ်ပါကြောင်း၊ ထို့အပြင် ပညာရေးဝန်ကြီးဌာနမှ တည်ထောင်ထားသော Learning Management System (LMS) မှ တစ်ဆင့် အခြေခံပညာ(BE)၊ အဆင့်မြင့်ပညာ(HE)၊ နည်းပညာ၊ သက်မွေးပညာ (TVET)နှင့် ပုဂ္ဂလိကပညာရေးတို့မှ ဆရာ၊ ဆရာမများအတွက် Teaching-Learning ဆိုင်ရာ Online Training များ ပေးနိုင်မည်ဖြစ်ကြောင်း၊ TVETကဏ္ဍအနေဖြင့် MDEPမှတစ်ဆင့် သင်တန်းစုစုပေါင်း ၂၀ ပို့ချပေးရန် အဆင်သင့်ဖြစ်နေပါကြောင်း၊ ထိုနည်းတူစွာ HE ကဏ္ဍကလည်း Digital Contents များနှင့် Digital Education Strategy များကို NESP (2021-2030) တွင် ထည့်သွင်းရေးဆွဲရန် ပြင်ဆင်နေပါကြောင်း၊ အရည်အသွေးပြည့်မီပြီး ကျန်းမာရေးအရ တိုးတက်ကောင်းမွန်၍ လုံခြုံစိတ်ချရသော မြန်မာ့ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးဝန်ကြီးဌာနက ရေးဆွဲပြုစုလျက်ရှိသည့် NESP (2021-2030)တွင် အကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များနှင့် ထပ်မံထည့်သွင်း ရေးဆွဲသင့်သည့် အကြောင်းအရာများကို ယနေ့တက်ရောက်ပေးပါသော လူကြီးမင်းများအနေဖြင့် ပါဝင်ဆွေးနွေးစေလိုပါကြောင်းစသည်ဖြင့် ပြောကြားသည်။


ထို့နောက် ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Education and TVET Sector Coordination Group-ETVSCG)၏ Co-chair ဖြစ်သော ဖင်လန်နိုင်ငံ သံအမတ်ကြီး Ms Riikka Laatu က ပညာရေးဖွံ့ဖြိုးတိုးတက်ရေး၊ NESP(2021-2030)ပြုစုရေးဆွဲရေးအတွက် ပူးပေါင်းပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် အတူတကွ လက်တွဲ ဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်းစသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ပညာရေးကဏ္ဍအလိုက် တင်ပြကြရာ တက်ရောက်လာသူများက ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေး အကြံပြုကြကြောင်း သိရသည်။ **သတင်းစဉ်**

# သစ်တောကဏ္ဍ၌ လူ့အခွင့်အရေးနှင့် ပဋိပက္ခဖြစ်စေနိုင်သည့် အခြေအနေများကို အထူးဂရုပြုသည့် နည်းလမ်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ အွန်လိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

သစ်တောကဏ္ဍ၌ လူ့အခွင့်အရေးနှင့် ပဋိပက္ခဖြစ်စေနိုင်သည့် အခြေအနေများကို အထူးဂရုပြုသည့် နည်းလမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ Online ဆွေးနွေးပွဲ Webinar ကို ယမန်နေ့ညနေ ၆ နာရီခွဲက ကျင်းပသည်။






ဆွေးနွေးပွဲတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ကြပြီး သစ်တောမှီခိုနေကြသူအများစု ဖြစ်ကြပါကြောင်း၊ ခလေ့ထုံးစံနှင့် သယံဇာတအရင်းအမြစ်များအား အသုံးပြုမှုများသည် နေရာဒေသလိုက်၍ ကွာခြားပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့သစ်တောသယံဇာတဆန်းစစ်လေ့လာခြင်း အစီရင်ခံစာအရ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသနိုင်ငံများတွင် သစ်တောဧရိယာအများဆုံး ကျန်ရှိသောနိုင်ငံများတွင် ပါဝင်ပါကြောင်း။

သစ်တောဦးစီးဌာနနှင့် FAO တို့သည် FAO UN-REDD Programme ဖြင့် ၂၀၁၃ ခုနှစ်မှ စတင်ကာ သစ်တောသယံဇာတစာရင်း ကောက်ယူခြင်းလုပ်ငန်း(Forest Inventory-NFI)၊ သစ်တောစောင့်ကြည့်လေ့လာခြင်း(Forest Monitoring)နှင့် ဂြိုဟ်တုဓာတ်ပုံများအသုံးပြု၍ သစ်တောများအား ဆန်းစစ်အကဲဖြတ်ခြင်း (Satellite Based Forest Cover Assessment) တို့တွင် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ နိုင်ငံတကာမှတ်တမ်းများအရ မြန်မာနိုင်ငံအနေဖြင့် အစောဆုံး သစ်တောသယံဇာတစာရင်း ကောက်ယူခဲ့သည့် နိုင်ငံစာရင်းတွင် ပါဝင်ခဲ့ပါကြောင်း၊ နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်း ကောက်ယူခြင်း (National Forest Inventory-NFI)ကို ၁၉၈၀ ပြည့်နှစ်များအတွင်းက စတင်လုပ်ဆောင်ခဲ့သော်လည်း တစ်နိုင်ငံလုံး၏ ဧရိယာအပြည့်မဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ သစ်တောဦးစီးဌာနသည် ဖင်လန်နိုင်ငံအစိုးရနှင့် FAO တို့အကူအညီဖြင့် နိုင်ငံအဆင့် သစ်တောသယံဇာတစာရင်း ကောက်ယူခြင်း (NFI)၊ နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းနှင့် သတင်းအချက်အလက်စနစ် တည်ထောင်ခြင်းကို လူ့အခွင့်အရေးဆိုင်ရာ အခြေခံနည်းလမ်းများဖြင့် ဆောင်ရွက်ခြင်းစီမံကိန်းကို ဖော်ဆောင်လျက်ရှိပါကြောင်း၊ စီမံကိန်းတွင် ဆက်စပ်ပတ်သက်သူများအားလုံးနှင့် ဆွေးနွေးတိုင်ပင်ခြင်း၊ လူမှုရေးဆိုင်ရာထိခိုက်မှု လျော့နည်းစေရေး အစီအမံများ ချမှတ်၍ သစ်တောသယံဇာတ စာရင်းကောက်ယူခြင်း၊ ရရှိလာသည့် ကိန်းဂဏန်းများအား အစီရင်ခံတင်ပြခြင်းနှင့် ဆက်စပ်ပတ်သက်သူများထံသို့ အချက်အလက်မျှဝေခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် FAO မှ Mr. Marco Piazza၊ AHT Group မှ Mr. Bernd Unger နှင့် International Alert မှ Ms. Jana Naujoks တို့က မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့၏ သစ်တောကဏ္ဍတွင် လူ့အခွင့်အရေးဆိုင်ရာနှင့် ပဋိပက္ခဖြစ်နိုင်ပြီး ထိရှလွယ်ခြင်းကို အထူးဂရုပြုသည့်နည်းလမ်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း အတွေ့အကြုံများကို ဆွေးနွေးဖလှယ်ခဲ့ပြီး တက်ရောက်လာကြသူများက ဆွေးနွေးမေးမြန်းခြင်းနှင့် အကြံပြုခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါ Webinar သို့ မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံ သံအမတ်ကြီး Ms. Riikka Laatu၊ အင်ဒိုနီးရှားနိုင်ငံ၊ Head of Sub-Directorate Recognition of Customary Forest and Protection of Local Wisdom, Ministry of Environment and Forestry မှ Mr Yuli Prasetyo Nugroho၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ အခြားအစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ သုတေသနပြုသူများနှင့် အခြားစိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဂရိနိုင်ငံတွင် ရောဂါကူးစက်မှုကို ကာကွယ်ရန် သီးခြားခွဲထားသည့် အချိန်ကာလကို လျှော့ချမည်


ဇွန်လအတွင်းက ဂရိနိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် အပြည်ပြည်ဆိုင်ရာ ခရီးသွားများကို တွေ့ရစဉ်။

အေသင် ဒီဇင်ဘာ ၁၁

**ကိုဗစ်-၁၉ ကူးစက်မှုများ ဆက်လက်များပြားနေသော်လည်း ဂရိနိုင်ငံအတွင်းသို့ ဝင်ရောက်လာမည့် ခရီးသွားများအတွက် သီးခြားခွဲထားမည့် အချိန်ကာလကို လျှော့ချပေးမည့်အပြင် ခရစ္စမတ်ကာလအတွင်း ဘုရားကျောင်းများကို ပြန်လည်ဖွင့်လှစ်ခွင့်ပေးမည်ဟု အစိုးရပြောရေးဆိုခွင့်ရှိသူ စတီလီယိုပတ်စတာက ဒီဇင်ဘာ ၁၁ရက်တွင် ပြောကြားခဲ့သည်။**

သို့သော်လည်း ခရစ္စမတ်ကာလအတွင်း ဘုရားကျောင်းသို့ ဝင်ရောက်မည့်လူဦးရေ အရေအတွက်ကိုမူ ကန့်သတ်ထားသည်ဟု သိရသည်။

ဆံပင်ညှပ်ဆိုင်၊ စာအုပ်ဆိုင် အပါအဝင် အသေးစား စီးပွားရေးလုပ်ငန်းများမှာ ဒီဇင်ဘာ ၁၄ ရက်မှ စတင်ကာ ပြန်လည် ဖွင့်လှစ်ခွင့်ရမည်ဖြစ်သည်။ ဇန်နဝါရီ ၇ ရက်အထိ ကိုဗစ်- ၁၉ အသွားအလာပိတ်ဆို့ကန့်သတ်မှုမှာ ဆက်လက်ရှိနေဦးမည်ဖြစ်သည်။

ဒီဇင်ဘာ ၁၈ ရက်နောက်ပိုင်း ဝင်ရောက်လာမည့် ခရီးသွားများအတွက် သီးခြားခွဲထားသည့်အချိန်ကာလကို ၁၀ ရက်မှ ၃ ရက်အထိ လျှော့ချပေးမည်ဖြစ်သည်။

ဂရိနိုင်ငံသည် ကိုဗစ်-၁၉ ကြောင့် ကျန်းမာရေးစနစ် ဝန်ပိမှုကို လျှော့ချနိုင်ရေးရုန်းကန်ရလျက်ရှိသည်။ နေ့စဉ်ကူးစက်မှုနှုန်းမှာ ရာကျော်ရှိပြီး သေဆုံးသူလည်း များပြားလျက်ရှိသည်။

ဖေဖော်ဝါရီလအတွင်းမှစတင်ကာ ဂရိနိုင်ငံတွင် ကူးစက်ခံရသူ စုစုပေါင်း ၁၂၀၀၀၀ ကျော်ရှိပြီး သေဆုံးသူမှာ ၃၃၀၀ ကျော်ရှိသည်။

နိုင်ငံတွင် အထူးကြပ်မတ်ကုသဆောင် ခုတင်အရေအတွက် ၈၀ ရာခိုင်နှုန်းမှာ လူနာများနှင့်ပြည့်နှက်နေသည်ဟု အစိုးရပြောရေးဆိုခွင့်ရှိသူက ပြောသည်။

**အေအက်ဖ်ပီ**

# မော်ရိုကိုနှင့် ပုံမှန်ဆက်ဆံရေး ထူထောင်နိုင်ခြင်းကို အစ္စရေးဝန်ကြီးချုပ်ကြိုဆို


အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု

**ဂျေရုဆလင် ဒီဇင်ဘာ ၁၁**

မော်ရိုကိုနိုင်ငံနှင့် ပုံမှန်ဆက်ဆံရေး ထူထောင်နိုင်ခြင်းမှာ ငြိမ်းချမ်းရေး အလင်းရောင်ပင် ဖြစ်သည်ဟု ဒီဇင်ဘာ ၁၀ ရက်တွင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက ပြောဆိုခဲ့သည်။

အလွန်နွေးထွေးသည့် ငြိမ်းချမ်းရေးဖြစ်လာမည်ဟု ရုပ်သံမိန့်ခွန်းတွင် အစ္စရေးဝန်ကြီးချုပ်က ပြောဆိုခဲ့သည်။ ပထမဆုံးခြေလှမ်းအဖြစ် အစ္စရေးနှင့် မော်ရိုကိုနိုင်ငံတို့တွင် ဆက်သွယ်ရေး အရာရှိရုံးခန်းများ အပြန်အလှန် ဖွင့်လှစ်သွားမည်ဖြစ်သည်။

ထို့ပြင် နှစ်နိုင်ငံအကြား လေကြောင်း တိုက်ရိုက်ပြေးဆွဲမှုများကို ပြုလုပ်သွားမည်ဖြစ်သည်။ နောက်ပိုင်းတွင် သံတမန်ရေးရာ အရချည်နှောင်မှုကို အပြည့်အဝ ထူထောင်နိုင်ရေး မြန်နိုင်သမျှ မြန်မြန် ပြုလုပ်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အစ္စရေးနိုင်ငံနှင့်အတူ သမိုင်းဝင်မည့် ငြိမ်းချမ်းရေး ပြုလုပ်ရန် သဘောတူပေးခဲ့သော မော်ရိုကိုဘုရင်မိုဟာမက် ၆ ကိုလည်း ကျေးဇူးတင်ကြောင်း နေတန်ယာဟုက ပြောကြားခဲ့သည်။

အမေရိကန် သမ္မတထရမ့်ကလည်း အစ္စရေးနှင့် မော်ရိုကိုနိုင်ငံတို့အကြား ပုံမှန်ဆက်ဆံရေးထူထောင်မှုကို အရှေ့အလယ်ပိုင်းဒေသအတွက် ငြိမ်းချမ်းရေးကို သယ်ဆောင်ပေးသည့် အရာဟု တွစ်တာပေါ်တွင် ဂုဏ်ပြုပြောကြားခဲ့သည်။

အစ္စရေးနှင့် မော်ရိုကိုနိုင်ငံတို့သည် တရားဝင်ဆက်ဆံမှုမရှိစဉ်ကပင် ခင်မင်ရင်းနှီးသည့် ဆက်ဆံရေးကို ထူထောင်ထားပြီး အစ္စရေးနိုင်ငံမှ ခရီးသွားအများစုသည် နှစ်စဉ်မော်ရိုကိုနိုင်ငံသို့ အလည်အပတ်သွားလေ့ရှိသည်။

မော်ရိုကိုနိုင်ငံသည် ယခုနှစ်အတွင်း အစ္စရေးနှင့် ပုံမှန်ဆက်ဆံရေး ထူထောင်သည့် စတုတ္ထမြောက် အာရပ်နိုင်ငံဖြစ်သည်။

ယူအေအီး၊ ဘာရိန်းနှင့် ဆူဒန်နိုင်ငံတို့မှာ ယခုနှစ်အတွင်း အစ္စရေးနှင့် ပုံမှန်ဆက်ဆံရေး ပြုလုပ်ထားသည်။

**ဆင်ဟွာ**

# ဥရောပသမဂ္ဂ၏ ပိတ်ဆို့မှု အစီအစဉ်မှာ ဘက်လိုက်မှုရှိပြီး တရားမဝင်ဟု တူရကီပြော

**အင်ကာရာ ဒီဇင်ဘာ ၁၁**

မြေထဲပင်လယ်အတွင်း တူရကီနိုင်ငံ၏ လုပ်ဆောင်မှုများကို တုံ့ပြန်သည့်အနေဖြင့် တူရကီကို ပစ်မှတ်ထားကာ ဥရောပသမဂ္ဂ(အီးယူ)မှ ပိတ်ဆို့မှုစာရင်းပြုလုပ်ရန် ဆောင်ရွက်လျက်ရှိသည်။

ယင်းလုပ်ရပ်မှာ ဘက်လိုက်ပြီး တရားမဝင်ဟု တူရကီဘက်မှ တုံ့ပြန်ခဲ့သည်။ တူရကီနိုင်ငံသည် အီးယူအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဂရိ၊ ဆိုက်ပရပ်စ်တို့နှင့် မြေထဲပင်လယ်အရှေ့ပိုင်းရှိ စွမ်းအင်အရင်းအမြစ်နှင့် ပတ်သက်ကာ အငြင်းပွားလျက်ရှိသည်။ အငြင်းပွားဖွယ် ရေပိုင်နက်အတွင်းသို့ တူရကီဘက်မှ ဓာတ်ငွေ့ရှာဖွေရေးသင်္ဘောများ ထပ်ခါထပ်ခါစေလွှတ်ကာ ဂရိနိုင်ငံ၏ ပင်လယ်ရေကြောင်းပိုင်ဆိုင်မှုကို စိန်ခေါ်လျက်ရှိသည်။

ဒီဇင်ဘာ ၁၀ ရက် အီးယူထိပ်သီးအစည်းအဝေးတွင် ထည့်သွင်းသည့် ဆုံးဖြတ်ချက်များမှာ ဘက်လိုက်ပြီး တရားမဝင်သည့်အတွက် ပယ်ချသည်ဟု နိုင်ငံခြားရေးဝန်ကြီးကပြောသည်။ ဒီဇင်ဘာ ၁၀ ရက်က အီးယူ ထိပ်သီးအစည်းအဝေးကို အလောတကြီးကျင်းပခဲ့ပြီး တူရကီဘက်မှ လူများကို ပစ်မှတ်ထားကာ ပိတ်ဆို့မှုပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။

ပြင်သစ်၊ ဂရိနှင့် ဆိုက်ပရပ်စ်တို့သည် တူရကီကို ပိတ်ဆို့မှုပြုလုပ်ရန် တွန်းအားပေးကြပြီး ဂျာမနီ၊ အီတလီနှင့် ပိုလန်နိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံအချို့ကမူ နေတိုး အဖွဲ့ဝင်နိုင်ငံတစ်ခုကို ကုန်သွယ်မှုအပါအဝင် အခြားသော ပိတ်ဆို့မှုများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခြင်းကို သဘောမတူကြပေ။

**အေအက်ဖ်ပီ**

# ထုတ်လုပ်မှုအစိတ်အပိုင်းများ ပြတ်တောက်မှုကြောင့် ဗြိတိန်တွင် ဟွန်ဒါကားကုမ္ပဏီထုတ်လုပ်မှု ရပ်နားထား

**လန်ဒန် ဒီဇင်ဘာ ၁၁**

ဟွန်ဒါကားကုမ္ပဏီ၏ ဗြိတိန် စက်ရုံခွဲတွင် လိုအပ်သည့် အစိတ်အပိုင်းများ ပြတ်တောက်မှုကြောင့် ထုတ်လုပ်မှု ရပ်နားထားရကြောင်း သိရသည်။

တိုင်းပြည်အတွင်း ကိုဗစ်-၁၉ ဖြစ်ပွားမှုနှင့် ဘရက်ဇစ်အတွက် ပြင်ဆင်မှုများကြောင့် အဓိက ဆိပ်ကမ်းများတွင် ပိတ်ဆို့မှုများဖြစ်ပေါ်နေသဖြင့် လိုအပ်သည့် အစိတ်အပိုင်းများပြတ်တောက်မှု ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ဒီဇင်ဘာ ၁၀ ရက်တွင် ဆွင်းဒန်မြို့ စက်ရုံတွင် ကားထုတ်လုပ်မှုကို ရပ်နားခဲ့ရသည်။

လာမည့်ဒီဇင်ဘာ ၁၄ ရက်မှ ထုတ်လုပ်မှုလုပ်ငန်းများကို ပြန်လည်စတင်နိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။

ဗြိတိန်နိုင်ငံ၏ အဓိကဆိပ်ကမ်းကြီးများမှာ ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခံစားရပြီး ကမ္ဘာ့ကုန်သွယ်ရေးကိုလည်း အနှောင့်အယှက် အဟန့်အတား ဖြစ်စေခဲ့သည်။

ဗြိတိန်နှင့် အီးယူတို့သည်လည်း ဘရက်ဇစ်နှောင်းပိုင်း လွတ်လပ်စွာကုန်သွယ်ရေးအတွက် အကြိတ်အနယ် ကြိုးစားလျက်ရှိသည်။

ရလဒ်မှာ မည်သို့ပင်ဖြစ်စေကာမူ အကောက်ခွန် လုပ်ငန်းစဉ်အသစ်များမှာ လာမည့်နှစ်တွင် စတင်မည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# တောင်ကိုရီးယားနိုင်ငံသား ထက်ဝက်နီးပါးခန့်မှာ ကိုဗစ်-၁၉ ကာလအတွင်း အလုပ်အကိုင်ဆုံးရှုံးမှု၊ လုပ်ခငွေ နည်းပါးမှုနှင့် ရင်ဆိုင်ရ

**ဆိုးလ် ဒီဇင်ဘာ ၁၁**

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ဖြစ်ပွားပြီးနောက်ပိုင်းတွင် နိုင်ငံသားထက်ဝက်နီးပါးခန့်မှာ အလုပ်အကိုင်ဆုံးရှုံးခြင်း၊ ဝင်ငွေနည်းပါးခြင်းနှင့် ရင်ဆိုင်နေရသည်ဟု သိရသည်။

အချိန်ပိုင်းအလုပ်သမားများနှင့် ဝင်ငွေနိမ့်သည့် အလုပ်သမားများမှာလည်း ဝင်ငွေလျှော့ချခံရသည်ဟု စာရင်းအင်းရုံး၏ ဒီဇင်ဘာ ၁၁ ရက်ထုတ် အချက်အလက်များအရ သိရသည်။

မေလအတွင်း ကောက်ခံထားသည့် စစ်တမ်းများအရ ပြန်လည်ဖြေကြားသူ ၅၀ ဒသမ ၃ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ဖြစ်ပွားပြီးနောက် မူလအလုပ်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ပြီး ဝင်ငွေကို ထိန်းထားနိုင်သည်ဟု ဖြေကြားကြသည်။ ၄၉ ဒသမ ၇ ရာခိုင်နှုန်းမှာ အလုပ်အကိုင်ဆုံးရှုံးခြင်း၊ လုပ်အားခ ဖြတ်တောက်ခံရခြင်းတို့နှင့် ရင်ဆိုင်ရသည်ဟု ဖြေကြားခဲ့ကြသည်။

အလုပ်မပြုတ်သော်လည်း လုပ်အားခဖြတ်တောက်ခံရသည်ဟု ဖြေဆိုသူ ၂၆ ဒသမ ၇ ရာခိုင်နှုန်းရှိသည်။ အလုပ်အကိုင်ဆုံးရှုံးသွားသူ ၁၄ ဒသမ ၀ ရာခိုင်နှုန်းရှိသည်ဟု ဖော်ပြထားသည်။ လုပ်ခမရဘဲ နားနေရသည့် လူမှာ ၉ ရာခိုင်နှုန်းရှိသည်။ အလုပ်လက်မဲ့ ခံစားခွင့်ကို လျှောက်ထားသူမှာ မတ်လအတွင်း ၆၀၀၀၀၀ ရှိပြီး ဇွန်လတွင် ၇၀၀၀၀၀ ရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

**ပြင်ဆင်ဖတ်ရှု ပေးပါရန်**

၁၁-၁၂-၂၀၂၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၁၂ တွင် ပါရှိသည့် "လာအိုနိုင်ငံသို့ ဗီယက်နမ်က လျှပ်စစ်ဓာတ်အား ပိုမိုတင်ပို့ရောင်းချမည်" သတင်းခေါင်းစဉ်နှင့် "လာအိုနိုင်ငံတွင် လျှပ်စစ်ဓာတ်အား မလုံလောက်သည့် အခြေအနေကို ဖြေရှင်းနိုင်ရန်အတွက် ဗီယက်နမ်နိုင်ငံက လာအိုနိုင်ငံသို့ လျှပ်စစ်ဓာတ်အား ပိုမိုတင်ပို့ရောင်းချရန် စီစဉ်နေကြောင်း ဒေသမီဒီယာများက ဖော်ပြသည်" သတင်းခြေဆင်းအား . . .

**"လာအိုနိုင်ငံက ဗီယက်နမ်သို့ လျှပ်စစ်ဓာတ်အား ပိုမို တင်ပို့ရောင်းချမည်"** ဟုလည်းကောင်း၊ **"ဗီယက်နမ်နိုင်ငံတွင် လျှပ်စစ်ဓာတ်အား မလုံလောက်သည့်အခြေအနေကို ဖြေရှင်းနိုင်ရန်အတွက် လာအိုနိုင်ငံက ဗီယက်နမ်နိုင်ငံသို့ လျှပ်စစ်ဓာတ်အား ပိုမိုတင်ပို့ရောင်းချရန် စီစဉ်နေကြောင်း ဒေသမီဒီယာများက ဖော်ပြသည်"** ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းအဖွဲ့**

# အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ် - ၁၉ ကြောင့် တစ်နေ့တည်း သေဆုံးသူ ၃၁၂၄ ဦးရှိခဲ့ပြီး တစ်နေ့တည်းသေဆုံးသူအများဆုံးနေ့အဖြစ် စံချိန်တင်



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရ၏ ကိုဗစ်–၁၉ လုပ်ငန်းအဓိကအဖွဲ့ဝင် ကူးစက်ရောဂါကျွမ်းကျင်ပညာရှင် အန်တိုနီဖော်စီကို တွေ့ရစဉ်။

**ဝါရှင်တန် ဒီဇင်ဘာ ၁၁**

ဂျွန်ဟော့ကင်းတက္ကသိုလ်က ထုတ်ပြန်ဖော်ပြလိုက်သော သတင်းအချက်အလက်များအရ အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်– ၁၉ ကြောင့် ဒီဇင်ဘာ ၉ ရက်က သေဆုံးသူ ၃၁၂၄ ဦးရှိခဲ့ပြီး တစ်နေ့တည်းသေဆုံးသူ အများဆုံးနေ့အဖြစ် စံချိန်တင်ခဲ့သည်။

ဒီဇင်ဘာလတွင် ကိုဗစ်– ၁၉ ကြောင့် နေ့စဉ်သေဆုံးသူ ၂၀၀၀ ကျော်သည့် ရက်အများစုရှိခဲ့သည်။ ယခုအချိန်အထိ နိုင်ငံတစ်ဝန်း ကိုဗစ်– ၁၉ ကြောင့် စုစုပေါင်း သေဆုံးသူ ၂၉၀၀၀၀ ကျော်အထိ ရှိလာခဲ့သည်။

ပုဂ္ဂလိကသုတေသနအဖွဲ့က ကိုဗစ်– ၁၉ ကြောင့် ဆေးရုံတက်ရောက်၍ ဆေးကုသမှုခံယူနေသူ ၁၀၆၀၀၀ ဦး ကျော်ရှိခဲ့ပြီး ၂၀၀၀၀ ကျော်မှာ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှု ခံယူနေကြောင်း ဖော်ပြခဲ့သည်။ ဆေးရုံတက်ရောက်သူနှင့် အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေသည့် အရေအတွက်မှာ မှတ်တမ်းတင်ရလောက်အောင် များပြားလျက်ရှိကြောင်း သိရသည်။

နိုင်ငံတစ်ဝန်းဆေးဘက်ဆိုင်ရာဌာနများတွင် ဝန်ထမ်းအင်အား မလုံလောက်မှုနှင့် လူနာခုတင် မလုံလောက်မှုများရှိကြောင်း ဖော်ပြထားသည်။

လွန်ခဲ့သောလ ကျေးဇူးတော်နေ့ အားလပ်ရက်တွင် ပြည်သူများသည် နိုင်ငံတစ်ဝန်းခရီးများ သွားခဲ့သောကြောင့် ကိုဗစ်– ၁၉ ကူးစက်မှုများ တိုးလာခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားလိုက်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရ၏ ကိုဗစ်– ၁၉ လုပ်ငန်း အဓိကအဖွဲ့ဝင် ကူးစက်ရောဂါကျွမ်းကျင်ပညာရှင် အန်တိုနီဖော်စီက လူစုလူဝေးဖြင့် စားသောက်ပွဲများ မကျင်းပရန်နှင့် ခရီးသွားလာခြင်းမပြုရန် ပြည်သူလူထုအား မေတ္တာရပ်ခံထားသည်။

လုံလောက်သော ကိုဗစ်– ၁၉ ကာကွယ်ရေးစီမံချက်များ မရှိလျှင် ဇန်နဝါရီလလယ်တွင် ကိုဗစ်– ၁၉ ကူးစက်မှုပိုလာနိုင်ကြောင်းနှင့် တကယ့်ကို ကြောက်စရာကောင်းအောင် ကူးစက်မှု များလာနိုင်ကြောင်း ဖော်စီက ပြောကြားလိုက်သည်။ **အင်န်အိတ်ချ်ကေ**

## ထိုင်းနိုင်ငံတွင် ကိုဗစ် - ၁၉ အတည်ပြုလူနာ ၄၁၈၀ ရှိလာ

**ဘန်ကောက် ဒီဇင်ဘာ ၁၁**

ထိုင်းနိုင်ငံတွင် ဒီဇင်ဘာ ၁၁ ရက်က ကိုဗစ်– ၁၉ အတည်ပြုလူနာ ၁၁ ဦး ထပ်မံတိုးလာကြောင်း ဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်– ၁၉ ကူးစက်လူနာပေါင်း ၄၁၈၀ ရှိလာကြောင်း ကိုဗစ်– ၁၉ အခြေအနေစီမံခန့်ခွဲရေးဌာန၏ ထုတ်ပြန်လိုက်သော စာရင်းများအရ သိရသည်။

ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအနက် ကိုဗစ်– ၁၉ ကူးစက်မှု ဆဋ္ဌမမြောက်အများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် ကိုဗစ်– ၁၉ ကြောင့် စုစုပေါင်း သေဆုံးသူ ၆၀ အထိ ရောက်ရှိလာသသည်။ ယခုအချိန်အထိ နိုင်ငံအတွင်း ကိုဗစ်– ၁၉ ကပ်ရောဂါမှ ပြန်လည်သက်သာကောင်းမွန်လာသူပေါင်း ၃၉၀၃ ဦးအထိ ရှိလာကြောင်း ကိုဗစ်– ၁၉ အခြေအနေစီမံခန့်ခွဲရေးဌာန၏ စာရင်းများတွင် ဖော်ပြလိုက်သည်။

**ဆင်ဟွာ**

## ဖိလစ်ပိုင်နိုင်ငံသည် အရှေ့တောင်အာရှတွင် ကိုဗစ် - ၁၉ ကြောင့် သေဆုံးသူ ဒုတိယအများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်လာ

**မနီလာ ဒီဇင်ဘာ ၁၁**

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်– ၁၉ ကူးစက်သူ ၁၅၀၄ ဦး တိုးလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၁၁ ရက်တွင် ဖော်ပြလိုက်သည်။ ယခုအခါ ဖိလစ်ပိုင်နိုင်ငံတွင် စုစုပေါင်း ကိုဗစ်– ၁၉ အတည်ပြုလူနာ ၄၄၇၀၃၉ ဦးရှိလာပြီး အရှေ့တောင်အာရှတွင် ကိုဗစ်– ၁၉ ကူးစက်မှု ဒုတိယအများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်လာသည်။

ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၁၁ ရက်တွင် နောက်ထပ် ၂၇၃ ဦး ကိုဗစ်– ၁၉ ရောဂါမှ ပြန်လည်ကောင်းမွန်လာကြောင်း အတည်ပြုဖော်ပြမှုနှင့်အတူ စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်– ၁၉ ရောဂါမှ ပြန်လည်ကောင်းမွန်လာသူ ၄၀၉၃၂၉ ဦးရှိလာသည်။

ကိုဗစ်–၁၉ ကြောင့်ရှစ်ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၈၇၀၉ ဦးအထိ တိုးလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်ဖော်ပြထားသည်။ အရှေ့တောင်အာရှတွင် ဖိလစ်ပိုင်နိုင်ငံသည် ကိုဗစ်–၁၉ ပိုးတွေ့သေဆုံးလူနာ ဒုတိယအများဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်သည်။

နိုင်ငံတစ်ဝန်း ကိုဗစ်– ၁၉ စမ်းသပ်စစ်ဆေးမှုပေါင်း ၅ ဒသမ ၇ သန်းအထိ ပြုလုပ်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

ဖိလစ်ပိုင်နိုင်ငံတွင် လူဦးရေ သန်း ၁၁၀ ခန့် ရှိသည်။ **ဆင်ဟွာ**

## ကိုဗစ် - ၁၉ ကန့်သတ်ချက်များ ဖြေလျှော့ပေးခြင်းကို ပြင်သစ်အစိုးရ ပြန်လည်တင်းကျပ်

**ပါရီ ဒီဇင်ဘာ ၁၁**

အစိုးရမျှော်မှန်းထားသလို ကိုဗစ်– ၁၉ နေ့စဉ်ကူးစက်မှုများ လျင်လျင်မြန်မြန် မကျဆင်းလာသဖြင့် လာမည့် သီတင်းပတ်တွင် ကိုဗစ်– ၁၉ ကန့်သတ်ချက်များ ဖြေလျှော့ပေးရန် အစီအစဉ်ကို ပြန်လည်သုံးသပ်ပြီး တင်းကျပ်သွားမည်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံက ပြောကြားလိုက်သည်။

ပြင်သစ်ဝန်ကြီးချုပ် ဂျန်ကက်စ်တက်က အဆိုပါ ပြောင်းလဲမှုကို ဒီဇင်ဘာ ၁၀ ရက်က ကြေညာခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သော လနှောင်းပိုင်းက ပြင်သစ်အစိုးရသည် ကန့်သတ်ပိတ်ဆို့မှုအဆင့်ကို တစ်ဆင့် စတင်လျှော့ချပေးသည့်အနေဖြင့် ဈေးဆိုင်များကို ဖွင့်လှစ်ခွင့်ပေးခဲ့သည်။

ပြင်သစ်အစိုးရက အကယ်၍ ကိုဗစ်– ၁၉ နေ့စဉ်ကူးစက်မှုသည် ၅၀၀၀ အောက် ကျဆင်းခဲ့ပါက နောက်ထပ် ကန့်သတ်မှုများကို ဖြေလျှော့ပေးခြင်းနှင့် အသွားအလာကန့်သတ်ပိတ်ဆို့မှုနေရာတွင် ညမထွက်ရအမိန့်ဖြင့် ဒီဇင်ဘာ ၁၅ ရက်မှစတင်ကာ အစားထိုးဆောင်ရွက်သွားရန် စီစဉ်ခဲ့သည်။

သို့သော်လည်း နေ့စဉ် ကိုဗစ်– ၁၉ ကူးစက်မှုသည် ဆက်လက်တိုးလာလျက်ရှိပြီး ဒီဇင်ဘာ ၉ ရက်က ၁၄၀၀၀ ကျော်လွန်ခဲ့သည်။

အစီအစဉ်သစ်အရ ညမထွက်ရအမိန့်ကို ယခင် ညမထွက်ရအမိန့်ထက် တစ်နာရီပိုစောပြီး ည ၈နာရီတွင် စတင်မည်ဖြစ်သည်။ ညမထွက်ရအမိန့်ကို ခရစ္စမတ်အကြိုနေ့တွင် ဖြေလျှော့ပေးမည်ဖြစ်ပြီး နှစ်သစ်ကူးနေ့အတွက် သက်ညှာပေးမည် မဟုတ်ဘဲ ပုံမှန်အတိုင်း လုပ်ဆောင်မည်ဖြစ်သည်။

ပြန်ဖွင့်ရန် စီစဉ်ထားသည့် ရုပ်ရှင်ရုံများ၊ ပြဇာတ်ရုံများနှင့် ပြတိုက်များကို ရက်သတ္တပတ်ပေါင်းများစွာ ထပ်မံပိတ်ထားမည်ဖြစ်သည်။

ခရစ္စမတ်အားလပ်ရက်ပြီးနောက် ကိုဗစ်– ၁၉ ကူးစက်မှုများ ပြန်လည်တိုးလာမည်ကို ပြင်သစ်အစိုးရက စိုးရိမ်ပူပန်လျက်ရှိသည်။ ထို့အပြင် ကိုဗစ်– ၁၉ ကူးစက်မှုကို ဆန့်ကျင်ရန်အတွက် ကြိုတင်ဆောင်ရွက်ရေး အစီအမံများ လုပ်ဆောင်ထားရန်လည်း တိုက်တွန်းလိုက်သည်။

**အင်န်အိတ်ချ်ကေ**



ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ပါးစပ်နှာခေါင်းစည်းတပ်ထားသည့် စားပွဲထိုးတစ်ဦးက အစားအသောက်များ တည်ခင်းပေးနေသည်ကို တွေ့ရစဉ်။

## ကမ္ဘောဒီးယားနိုင်ငံတွင် လူစုလူဝေးမှတစ်ဆင့် ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၄၀ အထိ ရှိလာ

**ဖနောင်ပင် ဒီဇင်ဘာ ၁၁**

ကမ္ဘောဒီးယားနိုင်ငံတွင် ပြည်တွင်း ကိုဗစ်– ၁၉ အတည်ပြုလူနာတစ်ဦး ထပ်မံတိုးလာကြောင်း အတည်ပြုမှုနှင့်အတူ စုစုပေါင်း လူစုလူဝေးမှတစ်ဆင့် ကိုဗစ်– ၁၉ ကူးစက်ခံရသူ ၄၀ အထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၁၁ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။



ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်ရှိ လမ်းများပေါ်တွင် စေတနာရှင်များက နှာခေါင်းစည်းများ အခမဲ့ဝေပေးနေသည်ကို တွေ့ရစဉ်။

ရောဂါကူးစက်ခြင်း၏အကြောင်းရင်းကို မသိရသော်လည်း မြို့တော် ဖနောင်ပင်နှင့် နိုင်ငံအနောက်မြောက်ပိုင်း ဆီအန်ရိပြည်နယ်တွင် နေထိုင်သော မိသားစုဝင်ခြောက်ဦးတို့၌ ကိုဗစ် –၁၉ ကူးစက်ကြောင်း စစ်ဆေးတွေ့ရှိပြီးနောက် ပထမဆုံး လူစုလူဝေးမှတစ်ဆင့် ကူးစက်မှုကို နိုဝင်ဘာ ၂၈ ရက်က အတည်ပြုနိုင်ခဲ့သည်။

ယခုထပ်မံတွေ့ရှိသော လူစုလူဝေးမှတစ်ဆင့် ကူးစက်မှုကို ဖနောင်ပင်မြို့၏ ဒွန်ပြည်အရပ်တွင် နေထိုင်သော အသက် ၂၆ နှစ်အရွယ် အမျိုးသမီးတစ်ဦး၌ ဒီဇင်ဘာ ၉ ရက်က တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်းနှင့် နိုဝင်ဘာ ၂၇ ရက် က မြို့တော်ဖနောင်ပင်သို့ ဈေးဝယ်ထွက်လာစဉ် ရောဂါရှိသော အမျိုးသားတစ်ဦးနှင့် ထိတွေ့မှုရှိရာမှတစ်ဆင့် ထိုသို့ကူးစက်ခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုအတည်ပြုခဲ့သော ကိုဗစ်– ၁၉ ရောဂါ ကူးစက်ခံစားနေရသည့် အမျိုးသမီးအား ဖနောင်ပင်မြို့ရှိ ခမာ–ဆိုဗီယက် ချစ်ကြည်ရေးဆေးရုံတွင် ဆေးကုသပေးနေကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ဇန်နဝါရီလမှ ယခုအချိန်အထိ အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်– ၁၉ အတည်ပြုလူနာ ၃၅၇ ဦးရှိသည့်အနက် ၃၀၇ ဦးမှာ ကိုဗစ်– ၁၉ ရောဂါမှ ပြန်လည်ကောင်းမွန်လာကြောင်းသိရပြီး သေဆုံးသူ မရှိသေးကြောင်း သိရသည်။ **ဆင်ဟွာ**

# အာရှမှာဘယ်အချိန် ကိုဗစ်-၁၉ ကာကွယ်ဆေးရမလဲ

## ထွန်းသစ်စ

**ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဗြိတိန်မှာတော့ ဒီဇင်ဘာ ၈ ရက်မှာ စတင်ထိုးနှံပေးလိုက်ပါပြီ။ ဒီသတင်းဟာ လူပေါင်း ၁ ဒသမ ၅ သန်းကို ဇီဝိန်ခြွေခဲ့ပြီး ကမ္ဘာ့စီးပွားရေးကို အချိန်တစ်ခုကြာအောင် အဆိုးဆုံးဖြစ်စေခဲ့တဲ့ ကိုဗစ်-၁၉ ရောဂါကို ဆန့်ကျင်တိုက်ဖျက်တဲ့နေရာမှာ သမိုင်းသင်ခန်းစာသစ် ဖွင့်လှစ်လိုက်နိုင်ခြင်းပဲဖြစ်ပါတယ်။**

ဖိုက်ဇာနဲ့ ဘိုင်အိုအင်န်တက်ချ်တို့က နိုဝင်ဘာ ၉ ရက်မှာ သူတို့ရဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးဟာ ကိုဗစ်-၁၉ ကို ကာကွယ်ရာမှာ ၉၀ ရာခိုင်နှုန်းကျော် အစွမ်းထက်ထိရောက်တယ်လို့ ကြေညာလိုက်သလို အမေရိကန် ဘိုင်အိုတက်ချ်ကုမ္ပဏီ မော်ဒါနာကလည်း မရှေးမနှောင်းမှာပဲ သူ့ရဲ့ ကာကွယ်ဆေးဟာ အလားတူ အစွမ်းထက်ထိရောက်မှုရှိတယ်လို့ ကြေညာခဲ့ပါတယ်။


အဲဒီလိုအစွမ်းထက်တဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးတွေကို မကြာမီ အာရှမှာ ဘယ်လိုမျိုးရမလဲဆိုတာက အာရှပြည်သူတွေအတွက်တော့ အလွန်စိတ်ဝင်စားနေတဲ့ အကြောင်းရင်းတစ်ချက်ပဲဖြစ်ပါတယ်။ သို့သော်လည်း အာရှပြည်သူတွေအနေနဲ့ ကာကွယ်ဆေးထိုးနှံနိုင်ဖို့အတွက်တော့ လအတော်ကြာ စောင့်ရမယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ထားပါတယ်။

### ကာကွယ်ဆေးကို ဘယ်အချိန်မှာ အတည်ပြုမလဲ

ကာကွယ်ဆေးကို ပြည်တွင်းမှာ အသုံးပြုခွင့်ပေးဖို့ နိုင်ငံတစ်နိုင်ငံချင်းစီရဲ့ ထောက်ခံအတည်ပြုမှု လုပ်ငန်းစဉ်ဟာ အချိန်အတော်လေး ကြာပါတယ်။

ဖိုက်ဇာဟာ သူ့ရဲ့ ကာကွယ်ဆေးကို နိုင်ငံပေါင်းခြောက်နိုင်ငံမှာရှိတဲ့ လူပေါင်း ၄၄၀၀၀ နဲ့ စမ်းသပ်ခဲ့ပါတယ်။ သို့သော်လည်း အဲဒီစမ်းသပ်တဲ့အထဲမှာ ငါးရာခိုင်နှုန်းလောက်ပဲ အာရှပါ ပါတယ်။ ဂျပန်နိုင်ငံရဲ့ ဆေးဝါးနဲ့ ဆေးပစ္စည်းအေဂျင်စီက ဘယ်အချိန်မှာ ကမ္ဘာလုံးဆိုင်ရာ စမ်းသပ်မှုရလဒ်ကို ထည့်သွင်းစဉ်းစားမလဲဆိုတဲ့ အပေါ် အငြင်းပွားထားပြီးတော့ ကာကွယ်ဆေးဟာ လုံခြုံစိတ်ချပြီး အစွမ်းထက်ထိရောက်တယ်ဆိုတာကို သက်သေပြဖို့ သီးသန့်စမ်းသပ်မှုမျိုးကို ဂျပန်ပြည်သူတစ်ဦးချင်းစီအပေါ် စမ်းသပ်ဖို့ လိုသေးတယ်လို့ ပြောထားပါတယ်။

ဖိုက်ဇာဟာ ဂျပန်နိုင်ငံမှာ အောက်တိုဘာ ၂၀ ရက်က စမ်းသပ်မှုအသေးစားတစ်ခုပြုလုပ်ခဲ့ပါတယ်။ အက်စ်ထရာဇနီကာကလည်း ဩဂုတ်လကတည်းက ဂျပန်နိုင်ငံမှာ စမ်းသပ်မှုလေးတစ်ခု ပြုလုပ်ခဲ့ပါတယ်။ ဂျပန်နိုင်ငံဟာ ဇူလိုင် ၂၃ ရက် မှာစတင်မယ့် နွေရာသီအိုလံပစ် အားကစားပွဲကို လက်ခံကျင်းပခြင်း မပြုခင်မှာ သူ့ရဲ့ ပြည်သူတွေကို ကာကွယ်ဆေးထိုးပေး ချင်နေပါတယ်။



ကိုဗစ်-၁၉ ကာကွယ်ဆေး ထုပ်ပိုးမှုအပိုင်းကို အလုပ်သမားတစ်ဦးက စံမီ၊ မမီ စစ်ဆေးနေစဉ်။

စင်ကာပူနိုင်ငံမှာတော့ ကျန်းမာရေးဝန်ကြီးဌာနဟာ လူအမျိုးမျိုးအထွေထွေဖြစ်နေတဲ့ စင်ကာပူနိုင်ငံရဲ့ လူဦးရေအတွက် ကာကွယ်ဆေးရဲ့အစွမ်းထက်မှုနဲ့ အသုံးပြုဖို့ သင့်တော်ခြင်းရှိ၊ မရှိကို ဆုံးဖြတ်ပေးရန် ကျွမ်းကျင်အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းထားပါတယ်။ စဉ်းစားရမယ့်အချက်တွေ အများကြီးရှိပါတယ်။ ကာကွယ်ဆေးအားလုံးက စင်ကာပူလူဦးရေအတွက် သင့်တော်စိတ်ချရပြီး အစွမ်းထက်မယ်လို့တော့ တပ်အပ်ပြောလို့မရပါဘူးလို့ ကျွမ်းကျင်အဖွဲ့ရဲ့ဥက္ကဋ္ဌ ဘင်ဂျမင်အွန်က ပြောကြားလိုက်ပါတယ်။ ကျွမ်းကျင်အဖွဲ့အနေနဲ့ ကာကွယ်ဆေးဟာ ကိုယ့်နိုင်ငံရဲ့ အခြေအနေနဲ့ကိုက်ညီမှု ရှိ၊ မရှိကိုလည်း ထည့်သွင်းစဉ်းစားရမှာဖြစ်သလို ကာကွယ်ဆေးရလာတော့မယ့်အချိန်မှာ ကာကွယ်ဆေးရဲ့ ဘေးကင်းလုံခြုံစိတ်ချရမှုနဲ့ စမ်းသပ်မှုရလဒ်တွေကို အနီးကပ်လေ့လာသွားဖို့ လိုအပ်ပါတယ်။ အဲဒီလိုတွေ လုပ်ဆောင်သွားမှသာ မိမိတို့ဟာ သင့်တော်ပြီးမှန်ကန်တဲ့ ကာကွယ်ဆေးနည်းတွေကို စင်ကာပူပြည်သူတွေအတွက် အကြံပေးနိုင်မှာဖြစ်တယ်လို့ အွန်ကပြောကြားလိုက်ပါတယ်။

### ဘယ်သူတွေက ကာကွယ်ဆေးတွေထောက်ပံ့ပေးမှာလဲ

အာရှနိုင်ငံတွေဟာ ကာကွယ်ဆေးထောက်ပံ့ပေးဖို့အတွက် ကာကွယ်ဆေးထုတ်လုပ်တဲ့ကုမ္ပဏီတွေနဲ့ သဘောတူညီချက်တွေမှာ လက်မှတ်ရေးထိုးထားကြပါတယ်။

အိန္ဒိယနိုင်ငံဟာ ကာကွယ်ဆေးပမာဏ သန်း ၆၀၀ ရရှိမှာ ဖြစ်ပါတယ်။ အများစုကတော့ အက်စ်ထရာဇနီကာမှ ရရှိမှာဖြစ်ပါတယ်။ တရုတ်၊ ဂျပန်၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယားနဲ့ ထိုင်းနိုင်ငံတွေကတော့ ကာကွယ်ဆေးသန်းချီရရှိဖို့ ဥရောပကုမ္ပဏီနဲ့ သဘောတူညီမှုပြုလုပ်ထားကြပါတယ်။ မလေးရှားနိုင်ငံက ဖိုက်ဇာမှ ကာကွယ်ဆေးထောက်ပံ့ပေးဖို့ မကြာသေးမီကမှ သဘောတူညီချက်မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။

တရုတ် (တိုင်ပေ)ဟာ ကာကွယ်ဆေး ၁၀ သန်းရရှိဖို့ ကာကွယ်ဆေးကုမ္ပဏီတစ်ခုနဲ့ တိုက်ရိုက်ဆွေးနွေးမှုလုပ်ဆောင်ခဲ့ပြီး ကနဦးငွေပေးသွင်းပြီးပြီလို့ ကျန်းမာရေးဝန်ကြီး ချန်ရှီချွန်က ပြောကြားလိုက်ပါတယ်။ တရုတ် (တိုင်ပေ) ပြည်သူတွေဟာ ကာကွယ်ဆေးကို ၂၀၂၁ ခုနှစ် ဒုတိယသုံးလပတ်ထက် စောပြီး ရရှိဖို့ မျှော်လင့်ထားပါတယ်။ တရုတ် (တိုင်ပေ)ဟာ နောက်ထပ် ကာကွယ်ဆေး လေးသန်းကျော်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပူးတွဲဦးဆောင်တဲ့ တစ်ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ဆေးအစီအစဉ် ကိုဗက်ကနေပြီး ရဦးမှာဖြစ်တယ်လို့ ကျန်းမာရေးဝန်ကြီးက ဆက်ပြောခဲ့ပါတယ်။ လူတစ်ဦးလျှင် နှစ်ကြိမ် ထိုးနှံရန်လိုအပ်တဲ့ ကာကွယ်ဆေးပမာဏ ၁၅ သန်းဟာ တရုတ် (တိုင်ပေ) ပြည်သူ ၇ ဒသမ ၅ သန်းအတွက် ထောက်ပံ့ပေးနိုင်မယ်လို့ ချန်က ပြောလိုက်ပါတယ်။ တရုတ် (တိုင်ပေ) အာဏာပိုင်တွေဟာ ကိုဗက်အစီအစဉ်မှတစ်ဆင့် တရုတ်နိုင်ငံက မည်သည့်ကာကွယ်ဆေးကိုမှ မဝယ်ယူဘူးလို့လည်း ပြောပါတယ်။

ကာကွယ်ဆေးကုမ္ပဏီတွေဟာ ၂၀၂၂ ခုနှစ် နှစ်ဝက်လောက်မှာ ကာကွယ်ဆေးကို အလုံးအရင်းနဲ့ တိုးတက်ထုတ်လုပ်လာနိုင်မှာဖြစ်တဲ့အတွက် ၂၀၂၀ ပြည့်နှစ် ကျန်တဲ့အချိန်တွေမှာ ကာကွယ်ဆေးထောက်ပံ့ပေးနိုင်မှုဟာ အနည်းအကျဉ်းသာဖြစ်နိုင်ဦးမယ်လို့ မျှော်လင့်ရတယ်လို့ သိပ္ပံသတင်းအချက်အလက်နဲ့ ခွဲခြမ်းစိတ်ဖြာ လေ့လာရေးကုမ္ပဏီဖြစ်တဲ့ အဲယားဖန်နတီရဲ့ သတင်းအချက်အလက်တွေအရ သိရပါတယ်။

ကာကွယ်ဆေးကုမ္ပဏီတွေရဲ့ ပထမဆုံး ကာကွယ်ဆေးထုတ်လုပ်မှုတွေဟာ ပြည်တွင်းဈေးကွက်နဲ့ အမေရိကန်၊ အင်္ဂလန်တို့လို ဦးဆောင်ဈေးကွက်တွေအတွက်သာ ဖြစ်ဖို့ များပြီး ဥရောပသမဂ္ဂတောင် နောက်မှ ဖြန့်ဖြူးထုတ်လုပ်ပေးနိုင်မယ့် သဘောဖြစ်ကာ နောက်ဆုံးမှသာ အာရှအပါအဝင် တစ်ကမ္ဘာလုံးအတွက် ဖြစ်လာမှာဖြစ်ပါတယ်။

ဂျပန်နိုင်ငံမှာတော့ ကာကွယ်ဆေးဟာ မတ်လနဲ့ မေလကြားမှာ ရရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ဒါပေမယ့်လည်း ကာကွယ်ဆေးထုတ်လုပ်မှုတွေမှာ ကြန့်ကြာမှုတွေ ရှိနိုင်တာကြောင့် ဂျပန်ပြည်သူအများစုအနေနဲ့ နွေရာသီအစဖြစ်တဲ့ ဇွန်လလောက်မှာမှ ရရှိမှာဖြစ်ပါတယ်လို့ တိုကျိုမြို့ရှိ ဂျွန်တန်တိုတက္ကသိုလ် ကူးစက်ရောဂါ ထိန်းချုပ်ရေးပါမောက္ခ ဆာတိုရှီဟိုရီက ပြောပါတယ်။

### ဆေးရုံတွေ အဆင်သင့်ဖြစ်ပြီလား

ဝေးပါသေးတယ်။ ဖိုက်ဇာ ကာကွယ်ဆေးဟာ အနုတ် ၇၀ ဒီဂရီဆဲလ်စီးရပ်စ်မှာ သိုလှောင်သိမ်းဆည်းရမှာ ဖြစ်ပါတယ်။ ဆေးရုံကြီးတွေမှာတော့ အဲဒီအပူချိန်လောက်ကို သိုလှောင်သိမ်းဆည်းဖို့ ကောင်းမွန်တဲ့ ရေခဲသေတ္တာ သို့မဟုတ် ရေခဲခံအခန်းတွေ ရှိပါတယ်။ သို့သော်လည်း ဆေးရုံငယ်လေးတွေနဲ့ ဆေးခန်းလေးတွေမှာတော့ မရှိပါဘူး။

အက်စ်ထရာဇနီကာ ကာကွယ်ဆေးကတော့ တခြားတုပ်ကွေးကာကွယ်ဆေးတွေလိုမျိုး ၂ သို့မဟုတ် ၈ ဒီဂရီမှာ သိုလှောင်သိမ်းဆည်းဖို့ လိုအပ်ပါတယ်။ ဖိုက်ဇာကာကွယ်ဆေးကတော့ ဆေးရုံကြီးတွေမှာရှိတဲ့ ဆေးဝန်ထမ်းတွေအတွက် သင့်တော်ပြီး အက်စ်ထရာဇနီကာ ကာကွယ်ဆေးကတော့ ပြည်သူ့ ကာကွယ်ဆေး ထိုးနှံခြင်းတွေအတွက် ဆေးရုံငယ်လေးတွေနဲ့ ဆေးခန်းလေးအတွက် သင့်တော်ပါတယ်လို့ ဟိုရီက ပြောပါတယ်။ ဆေးထိုးပြွန်တွေနဲ့ ဆေးထိုးအပ်တွေ အလုံအလောက်ရှိတဲ့အတွက် ကာကွယ်ဆေးထောက်ပံ့မှုမှာ ကိစ္စတော့မရှိပါဘူး။ ဒါပေမယ့် ဆေးဝန်ထမ်းတွေကတော့ မလုံလောက်ဘူးလို့ သူက ဆက်ပြောလိုက်ပါတယ်။ လွန်ခဲ့တဲ့လက ကိုဗစ်-၁၉ ကူးစက်မှုတွေတိုးလာတဲ့အတွက် ကိုဗစ်-၁၉ လူနာတွေနဲ့ ဝန်ပိနေတယ်လို့ ဟိုရီက ပြောပါတယ်။

### ပြည်တွင်းထောက်ပံ့ရေးလမ်းကြောင်းတွေ အဆင်သင့်ဖြစ်ပြီလား

ဆေးဝါးကုမ္ပဏီတွေ၊ လက်လီရောင်းသမားတွေနဲ့ ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းတွေဟာ ကာကွယ်ဆေးအစီအစဉ်အတွက် အလျင်စလို ပြင်ဆင်ဆောင်ရွက်နေကြပြီ ဖြစ်ပါတယ်။ သို့သော်လည်း ချောချောမွေ့မွေ့နဲ့အကောင်အထည်ဖော်ဖို့ကတော့ အာမခံချက်မပေးနိုင်သေးပါဘူး။

ဂျပန်နိုင်ငံအတွက် အက်စ်ထရာဇနီကာဆေးကို ကြည့်မယ်ဆိုရင် အဲဒီဆေးကို ဂျပန်နိုင်ငံမှာ ထုတ်လုပ်မှာ ဖြစ်သလို ပင်လယ်ရပ်ခြားမှာလည်း ထုတ်လုပ်မှာဖြစ်ပါတယ်။ ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီဖြစ်တဲ့ ဂျေစီအာရ်ဆေးဝါးထုတ်လုပ်ရေးကတော့ ကာကွယ်ဆေးတွေကို တစ်ခါမှ မထုတ်လုပ်ဖူးလို့ပြောပါတယ်။ ဒိုင်အိချီဆန်ကျိုကတော့ ကာကွယ်ဆေးဖြန့်ဖြူးခြင်း၊ ကာကွယ်ဆေးကို ပုလင်းများထဲသို့ ထည့်ခြင်းနှင့် ထုပ်ပိုးခြင်းတို့ကို လုပ်ဆောင်မှာဖြစ်ပါတယ်။ ဂျပန်ဆေးကုမ္ပဏီကတော့ ဆေးပုလင်းတွေနဲ့ တခြားထောက်ပံ့ပစ္စည်းတွေပြတ်လပ်ခြင်း မရှိအောင် လုပ်ဆောင်မယ်လို့ ပြောပါတယ်။

ဖိုက်ဇာရဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးကိုတော့ အမေရိကန် သို့မဟုတ် ဂျာမနီမှာ ထုတ်လုပ်ပြီး အာရှကို ရေလမ်းကတစ်ဆင့် ပို့ဆောင်ပေးမှာဖြစ်ပါတယ်။ ဒီထောက်ပံ့ ပို့ဆောင်ရေးလမ်းကြောင်းကတော့ အဓိကစိန်ခေါ်မှုကြီးတစ်ခုဖြစ်ပါတယ်။

တိုကျိုအခြေစိုက် ဆေးဘက်ဆိုင်ရာပစ္စည်းထုတ်လုပ်ဖြန့်ဖြူးတဲ့ ပီအိတ်ချ်စီကုမ္ပဏီကတော့ သူ့ရဲ့ အလွန်အေးခဲလှတဲ့ ရေခဲသေတ္တာအမှာစာတွေနဲ့ အလုပ်များလျက်ရှိပါတယ်။ သူ့ရဲ့ ရေခဲသေတ္တာတွေဟာ အနုတ် ၈၅ ဒီဂရီဆဲလ်စီးရပ်စ်အထိ အအေးပေးနိုင်ပါတယ်။ အမှာစာတွေကတော့ အမေရိကန်နဲ့ ဥရောပဆေးဝါးကုမ္ပဏီတွေကဖြစ်သလို နိုင်ငံတကာထောက်ပံ့ပို့ဆောင်ရေး ကုမ္ပဏီတွေကဖြစ်ပါတယ်။ သို့သော်လည်း ပီအိတ်ချ်စီဟာ အာရှနဲ့ တခြားကမ္ဘာ့အစိတ်အပိုင်းတွေက ဝယ်လိုအားတွေအတွက်လည်း သူ့ရဲ့ ရေခဲသေတ္တာတွေကို တိုးမြှင့်ထုတ်လုပ်လျက်ရှိပါတယ်။ တခြားရေခဲသေတ္တာကုမ္ပဏီတစ်ခုကလည်း အလားတူ အမှာစာတွေရရှိထားပါတယ်။

ဖော်ပြပါ အကြောင်းအရာတွေကို စေ့ငုပြီး အာရှမှာ ဘယ်အချိန် ကိုဗစ်-၁၉ ကာကွယ်ဆေးရမလဲဆိုတဲ့အပေါ် သုံးသပ်ပြောကြားရမယ်ဆိုရင် ချက်ချင်းတော့ မရနိုင် သေးပါဘူး။ လအနည်းငယ်စောင့်ဆိုင်းရဦးမယ်လို့ပဲ ပြောကြားလိုက်ပါရစေ။ ။

**ကိုးကား- အေအေက်ဖ်ပီ၊ နစ်ကေးအာရှ**

---

# နိုင်ငံတကာသတင်းတိုထွာ

## ရုရှားနိုင်ငံကို ပြိုကွဲအောင်လုပ်ဆောင်ရန် ကြိုးပမ်းသူများအား ထောင်ချမည့်ဥပဒေတစ်ရပ်ကို သမ္မတ ပူတင်လက်မှတ်ထိုး

**မော်စကို ဒီဇင်ဘာ ၁၁**

ရုရှားနိုင်ငံ၏ နယ်နိမိတ်များကို ပြိုကွဲအောင်လုပ်ဆောင်ရန် ကြိုးပမ်းသူများ သို့မဟုတ် ပြိုကွဲအောင်ပြုလုပ်ရန် ပြည်သူလူထုကို သွေးထိုးလှုံ့ဆော်သူများအား ထောင်ဒဏ်ချမည့် ဥပဒေတစ်ရပ်ကို ရုရှားသမ္မတ ဗလာဒီမာပူတင်က ဒီဇင်ဘာ ၈ ရက်တွင် လက်မှတ်ထိုးခဲ့ကြောင်း သိရသည်။

အဆိုပါ ဥပဒေအရ ရုရှားနိုင်ငံ၏ ပိုင်နက်နယ်နိမိတ်များကို ပျက်ပြားစေရန် ရည်ရွယ်သည့် သွေးထိုးလှုံ့ဆော်မှုနှင့် ထိုသို့ဖြစ်စေရန် အခြားနည်းဖြင့်လုပ်ဆောင်သူမှန်သမျှကို ထောင်ဒဏ် ခြောက်နှစ်မှ ၁၀ နှစ်အထိ ပြစ်ဒဏ်ချမှတ်မည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဂျပန်ဘတ်ဂျက်မူကြမ်းတွင် ကိုဗစ်- ၁၉ တိုက်ဖျက်ရေးအစီအစဉ်ကို ထည့်သွင်းရေးဆွဲ

**တိုကျို ဒီဇင်ဘာ ၁၁**

ဂျပန်အစိုးရသည် လာမည့်ဘဏ္ဍာနှစ်အတွက် ဘတ်ဂျက်မူကြမ်းကို ရေးဆွဲနေကြောင်း သိရသည်။ အဆိုပါအစီအစဉ်တွင် ကိုဗစ်-၁၉ တိုက်ဖျက်ရန် အဓိကအကြောင်းအရာများ ပါဝင်သည်။ ထို့အပြင် သဘာဝပတ်ဝန်းကျင်နှင့် ပိုမိုသဟဇာတဖြစ်ရန် ခေတ်မီသည့် ဒစ်ဂျစ်တယ်လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းရေးလည်း ပါဝင်ကြောင်း သိရသည်။

ကိုဗစ်- ၁၉ ကပ်ရောဂါသည် နိုင်ငံ့စီးပွားရေးအပေါ် ဂယက်ရိုက်ခတ်နေသောကြောင့် အဆိုပါဘတ်ဂျက်တွင် အဓိကသော့ချက်တစ်ခုအနေဖြင့် ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ်- ၁၉ ကပ်ရောဂါတိုက်ဖျက်ရေးဆောင်ရွက်ချက်များနှင့်အတူ လူမှုရေးနှင့် စီးပွားရေး လှုပ်ရှားမှုများကြား ဟန်ချက်ညီအောင် လုပ်ဆောင်ရန် အစိုးရက လိုလားလျက်ရှိသည်။

ဂျပန်နိုင်ငံအား ကာဗွန်ကင်းစင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာအောင်လုပ်ဆောင်ရင်းနှင့် စီးပွားရေးတိုးတက်မှု အရှိန်အဟုန်မြင့်လာရန်အတွက် ဒစ်ဂျစ်တယ်စနစ်မြှင့်တင်အသုံးပြုလာရေးအတွက် အစိုးရက တွန်းအားပေးလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# တန်ဖိုးဖြတ်လို့မရ



လူတစ်ယောက် သေဆုံးသွားပြီဆိုရင် ဘာနဲ့မှ အစားထိုးလို့ မရပါဘူး။ ခုနက ပြောသလိုပေါ့။ တစ်ယောက်ကို ကုသစရိတ်က ၁၅ သိန်းကနေ သိန်း ၂၀ အထိပဲ ဖြစ်ဖြစ်၊ ၂၅ သိန်းကနေ သိန်း ၅၀ အထိဖြစ်ဖြစ် အတိုင်းအတာတစ်ခုအထိ တန်ဖိုးဖြတ်လို့ ရတယ်။ လူတစ်ယောက်ရဲ့ အသက်ဆိုတာ ဘယ်လိုမှ တန်ဖိုးဖြတ်လို့ မရပါဘူး။ အဲဒါကြောင့် ကိုယ့်ကြောင့် ကိုယ့်မိသားစုထဲက တစ်ယောက်ယောက်၊ ဒါမှမဟုတ် ကိုယ်နဲ့နီးစပ်တဲ့ မိတ်ဆွေထဲက တစ်ယောက်ယောက် ဒီရောဂါပိုးရပြီးတော့ သေဆုံးသွားတယ်ဆိုရင် ဘယ်လိုအစားထိုးမှာလဲ။ ကိုယ့်ကြောင့် ကိုယ့်ရဲ့မိသားစုထဲက မဟုတ်ရင်၊ ကိုယ့်ရဲ့ မိတ်ဆွေထဲက မဟုတ်ရင် တခြားသူရဲ့ မိသားစုထဲက၊ တခြားသူတွေရဲ့ မိတ်ဆွေထဲက တစ်ယောက်ယောက် သေဆုံးသွားပြီဆိုရင် ဘယ်လိုအစားထိုးမှာလဲ။ အဲဒါက တန်ဖိုးဖြတ်လို့ မရပါဘူး။ ဘယ်နှသိန်းနဲ့မှ တန်ဖိုးဖြတ်လို့ မရပါဘူး။

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၄-၁၂-၂၀၂၀ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

■ *ကျော့ဖုံးမှ*

မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ
(၁၁-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂၀,၉၂၉) ဦး | (၁,၃၉၅,၀၈၈) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၃၇၆) ဦး | (၁၀၅,၈၆၃) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၅၂၅) ဦး | (၈၄,၃၃၈) ဦး |
| သေဆုံးလူနာ | (၁၉) ဦး | (၂,၂၂၀) ဦး |

- ယနေ့ သေဆုံးသူ (၁၉) ဦးမှာ ပြည်သူ့ဆေးရုံများ၊ COVID-19 ရောဂါ ကုသရေးဌာနများနှင့် တပ်မတော်ဆေးရုံများမှဖြစ်ပြီး ၎င်းတို့အနက် ရောဂါအခံရှိသူ (၁၇) ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၅၂၅) ဦးတွင်–
    - ပြည်သူ့ဆေးရုံများ – (၆၄၆) ဦး
    - COVID-19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၈၇၉) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၃၅၃) ဦးတွင်–
    - Hotel Quarantine – (၂၀၈) ဦး
    - Facility Quarantine – (၄၀၂) ဦး
    - Community Based Facility Quarantine – (၆၇၇) ဦး
    - Anosmia Center – (၆၆) ဦး

    ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## မန္တလေးမြို့ရှိ သီရိမာလာဈေးကို ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုလျော့နည်းစေရေး တစ်ပတ်ခန့် ယာယီပိတ်သိမ်းရန်စီစဉ်

**မန္တလေး ဒီဇင်ဘာ ၁၁**

မန္တလေးမြို့ ကမ်းနားလမ်းရှိ သီရိမာလာဈေးတွင် ကိုဗစ်–၁၉ ရောဂါပိုးတွေ့ရှိသူ ၅၀ ကျော်ရှိပြီး ရောဂါကူးစက်ပြန့်ပွားမှုလျော့နည်းစေရေးအတွက် ဒီဇင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ တစ်ပတ်ခန့် ယာယီပိတ်သိမ်းရန်စီစဉ်နေကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

သီရိမာလာဈေးသည် မန္တလေးမြို့နှင့် အထက်မြန်မာပြည်ရှိ မြို့များသို့ ငါး၊ ပုစွန် စသည့် ရေထွက်ကုန်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည့် အဓိကလက်ကားဈေးတစ်ခု ဖြစ်သည်။ အဆိုပါဈေးတွင် ပွဲရုံနှင့် ဈေးဆိုင်ခန်းပေါင်း ၄၇၀ ကျော်နှင့် ပုံကျဈေးသည် ၂၅၀ ခန့်ရှိပြီး ရေထွက်ကုန်အပြင် ကုန်စိမ်းနှင့် ပန်းများကို လက်လီလက်ကား ရောင်းချလျက်ရှိသည်။ ဈေးတွင် ပစ္စည်းသယ်ယူပို့ဆောင်သည့် ယာဉ်မောင်း၊ ပွဲရုံအလုပ်သမားနှင့် ဆိုင်ရှင်အချို့တွင် ကိုဗစ် – ၁၉ ရောဂါ ကူးစက်မှုများလာသဖြင့် ယာယီပိတ်သိမ်းရန် စီစဉ်ခြင်းဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

အဆိုပါဈေး ယာယီပိတ်သိမ်းရန်အတွက် ဈေးအကျိုးတော်ဆောင်အဖွဲ့နှင့် ဈေးသူ ဈေးသားများက မြို့တော်စည်ပင်ဈေးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ယာယီပိတ်သိမ်းခွင့်ရရှိရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့ထံတင်ပြထားကြောင်း သိရသည်။ ဈေးပိတ်သိမ်းထားသည့်အချိန်တွင် ကုန်ဈေးနှုန်းမြင့်တက်မှု မရှိစေရန်အတွက် ကုန်စည်စီးဆင်းမှုလွယ်ကူစေရန် သက်ဆိုင်ရာငါးဒိုင်ပိုင်ရှင်နှင့် နေအိမ်ခြံဝင်းမှတစ်ဆင့် ဖော့သေတ္တာဖြင့် လက်လီလက်ကားဖြန့်ဖြူးရောင်းချပေးရန် ချိတ်ဆက်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

**အောင်သူရ**

## COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း

မိမိတို့နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန်အတွက် **အနည်းဆုံး အောက်ပါအချက် (၄) ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏ မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်းပေးပါ။**

(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာနေထိုင်ပြီး လူစုလူဝေးရှိရာနေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

( ခ ) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို လူစုလူဝေးရှိရာနေရာများသို့ သွားသည့်အခါတိုင်း မဖြစ်မနေတပ်ဆင်ကြပါရန်။

( ဂ ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် စနစ်တကျ မကြာခဏဆေးကြောရန် (သို့မဟုတ်) လက်သန့်စင် ဆေးရည်နှင့်ဆေးကြောကြပါရန်။ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

❖ *ကျော့ဖုံးမှ*

ကိုဗစ် – ၁၉ ရောဂါ ကူးစက်ခံရသူများအား ပြုစုကုသနိုင်ရေးအတွက် ရန်ကုန်မြို့သို့ သွားရောက်ကြမည့် သူနာပြု ၂၀ ကို ဒီဇင်ဘာ ၁၀ ရက် ညနေ ၄ နာရီက လားရှိုးမြို့ရှိ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးခန်းမ၌ တွေ့ဆုံရာ ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာတင်မောင်ညွန့်၊ လားရှိုးပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဉာဏ်မြင့်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုအားပေးစကားများ ပြောကြားသည်။

ယင်းနောက် ခရီးစဉ်အတွင်း အသုံးပြုရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကမ္ဘောဇဘဏ်လီမိတက်က ရန်ကုန်မြို့သို့ သွားရောက်မည့် ကျန်းမာရေးဝန်ထမ်းများအတွက် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် နှစ်သိန်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း(လားရှိုး)က ငွေကျပ်နှစ်သိန်းကို ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက ကိုဗစ်–၁၉ ကာကွယ်ရေးပစ္စည်းများကို ပေးအပ်ခဲ့ကြသည်။

ရန်ကုန်မြို့သို့ သွားရောက်ကူညီတာဝန်ထမ်းဆောင်ကြမည့် ကျန်းမာရေးဝန်ထမ်းများမှာ ပြည်နယ်ပြည်သူ့ဆေးရုံကြီး (လားရှိုး)မှ မေ့ဆေးအထူးကုဆရာဝန် တစ်ဦး၊ သူနာပြု ၂၀ မှာ နောင်ချိုမြို့နယ်မှ နှစ်ဦး၊ ဟိုပန်မြို့နယ်မှ နှစ်ဦး၊ ကွတ်ခိုင်မြို့နယ်မှ နှစ်ဦး၊ မိုင်းရယ်မြို့နယ်မှ နှစ်ဦး၊ တန့်ယန်းမြို့နယ်မှ နှစ်ဦး၊ မိုးမိတ်မြို့နယ်မှ နှစ်ဦး၊ သိန္နီမြို့နယ်မှ နှစ်ဦး၊ မဘိမ်းမြို့နယ်မှ နှစ်ဦး၊ ကွမ်းလုံမြို့နယ်မှ နှစ်ဦး၊ လောက်ကိုင်နှင့် နမ့်ဆန်မြို့နယ်တို့မှ တစ်ဦးစီတို့ဖြစ်ကြောင်း သိရသည်။

**စိုင်းထွန်း (ပြန်/ဆက်)**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၁-၁၂-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၁၀-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၃၂၁) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၈၁ |
| | | မြောက်ဥက္ကလာပ | ၆၄ |
| | | မင်္ဂလာဒုံ | ၆၀ |
| | | မရမ်းကုန်း | ၄၈ |
| | | သဃ်္ဃန်းကျွန်း | ၄၅ |
| | | ရွှေပြည်သာ | ၄၀ |
| | | သာကေတ | ၃၂ |
| | | မှော်ဘီ | ၂၈ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၄ |
| | | ကျောက်တန်း | ၂၄ |
| | | လှိုင်သာယာ | ၂၂ |
| | | ဗိုလ်တထောင် | ၂၀ |
| | | လမ်းမတော် | ၁၉ |
| | | အင်းစိန် | ၁၄ |
| | | တောင်ဥက္ကလာပ | ၁၄ |
| | | ကမာရွတ် | ၁၃ |
| | | တာမွေ | ၁၂ |
| | | ဗဟန်း | ၁၁ |
| | | လှိုင် | ၁၀ |
| | | စမ်းချောင်း | ၁၀ |
| | | ဒလ | ၁၀ |
| | | ဆိပ်ကြီးခနောင်တို | ၉ |
| | | လှည်းကူး | ၈ |
| | | သန်လျင် | ၈ |
| | | မင်္ဂလာတောင်ညွန့် | ၈ |
| | | ဒေါပုံ | ၆ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၆ |
| | | တိုက်ကြီး | ၅ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၅ |
| | | သုံးခွ | ၅ |
| | | အလုံ | ၄ |
| | | ပုဇွန်တောင် | ၄ |
| | | လသာ | ၄ |
| | | ရန်ကင်း | ၃ |
| | | ထန်းတပင် | ၃ |
| | | ဒဂုံ | ၂ |
| | | ကြည့်မြင်တိုင် | ၁ |
| | | ခရမ်း | ၁ |
| | | တွံတေး | ၁ |
| | | ကော့မှူး | ၁ |
| | | ကွမ်းခြံကုန်း | ၁ |
| | | **စုစုပေါင်း** | ၆၈၆ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေ | ၅၃ |
| | | အမရပူရ | ၅၁ |
| | | အောင်မြေသာစံ | ၄၇ |
| | | ချမ်းအေးသာစံ | ၃၄ |
| | | ချမ်းမြသာစည် | ၂၉ |
| | | ပြင်ဦးလွင် | ၁၄ |
| | | ပြည်ကြီးတံခွန် | ၁၀ |
| | | တံတားဦး | ၅ |
| | | ကျောက်ဆည် | ၄ |
| | | ပုသိမ်ကြီး | ၃ |
| | | တောင်သာ | ၃ |
| | | မတ္တရာ | ၂ |
| | | သပိတ်ကျင်း | ၂ |
| | | မိတ္ထီလာ | ၂ |
| | | နွားထိုးကြီး | ၂ |
| | | ကျောက်ပန်းတောင်း* | ၂ |
| | | မြင်းခြံ | ၁ |
| | | စဉ့်ကိုင် | ၁ |
| | | သာစည် | ၁ |
| | | **စုစုပေါင်း** | ၂၆၆ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၃၃ |
| | | ပေါင်းတည် | ၁၆ |
| | | လက်ပံတန်း | ၁၃ |
| | | ဒိုက်ဦး | ၇ |
| | | မင်းလှ | ၅ |
| | | ပန်းတောင်း | ၅ |
| | | ပြည် | ၅ |
| | | သဲကုန်း | ၅ |
| | | ရွှေတောင် | ၃ |
| | | ထန်းတပင် | ၂ |
| | | ကျောက်ကြီး | ၂ |
| | | သနပ်ပင် | ၂ |
| | | ကျောက်တံခါး | ၁ |
| | | ပေါက်ခေါင်း | ၁ |
| | | ဖြူး | ၁ |
| | | ရွှေကျင် | ၁ |
| | | သာယာဝတီ | ၁ |
| | | **စုစုပေါင်း** | ၁၀၃ |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်း | ၁၇ |
| | | ကလေး | ၁၂ |
| | | ရွှေဘို | ၈ |
| | | ကျွန်းလှ | ၃ |
| | | ကန့်ဘလူ | ၂ |
| | | တမူး | ၂ |
| | | ချောင်းဦး | ၁ |
| | | အင်းတော် | ၁ |
| | | မုံရွာ | ၁ |
| | | မြောင် | ၁ |
| | | နန်းယွန်း | ၁ |
| | | ဒီပဲယင်း | ၁ |
| | | **စုစုပေါင်း** | ၅၀ |
| ၅။ | ကရင်ပြည်နယ် | မြဝတီ | ၂၅ |
| | | ဘားအံ* | ၈ |
| | | ကော့ကရိတ် | ၈ |
| | | လှိုင်းဘွဲ့ | ၁ |
| | | **စုစုပေါင်း** | ၄၂ |
| ၆။ | မကွေးတိုင်းဒေသကြီး | မကွေး | ၁၃ |
| | | တောင်တွင်းကြီး | ၄ |
| | | နတ်မောက် | ၃ |
| | | ပခုက္ကူ | ၃ |
| | | ဂန့်ဂေါ | ၂ |
| | | မင်းဘူး | ၂ |
| | | ဆိပ်ဖြူ | ၂ |
| | | ချောက် | ၁ |
| | | မင်းလှ | ၁ |
| | | စလင်း | ၁ |
| | | သရက် | ၁ |
| | | **စုစုပေါင်း** | ၃၃ |
| ၇။ | မွန်ပြည်နယ် | မော်လမြိုင် | ၁၈ |
| | | သထုံ | ၁၀ |
| | | ရေး* | ၂ |
| | | ပေါင် | ၁ |
| | | **စုစုပေါင်း** | ၃၁ |
| ၈။ | ဧရာဝတီတိုင်းဒေသကြီး | ဒေးဒရဲ | ၅ |
| | | မော်လမြိုင်ကျွန်း | ၄ |
| | | ပုသိမ် | ၄ |
| | | ဘိုကလေး | ၃ |
| | | လပွတ္တာ | ၃ |
| | | ဓနုဖြူ | ၂ |
| | | ကျုံပျော် | ၂ |
| | | ဟင်္သာတ | ၁ |
| | | မအူပင် | ၁ |
| | | မြောင်းမြ | ၁ |
| | | ငပုတော | ၁ |
| | | ညောင်တုန်း | ၁ |
| | | ဖျာပုံ | ၁ |
| | | ဝါးခယ်မ | ၁ |
| | | **စုစုပေါင်း** | ၃၀ |
| ၉။ | ကချင်ပြည်နယ် | ဖားကန့် | ၁၆ |
| | | မြစ်ကြီးနား | ၃ |
| | | မိုးညှင်း | ၂ |
| | | ဝိုင်းမော် | ၂ |
| | | မိုးမောက် | ၁ |
| | | ဗန်းမော် | ၁ |
| | | ပူတာအို | ၁ |
| | | **စုစုပေါင်း** | ၂၆ |
| ၁၀။ | နေပြည်တော် | ဇမ္ဗူသီရိ | ၉ |
| | | ဒက္ခိဏသီရိ | ၂ |
| | | လယ်ဝေး | ၂ |
| | | ပျဉ်းမနား | ၂ |
| | | တပ်ကုန်း | ၂ |
| | | ဥတ္တရသီရိ | ၁ |
| | | ပုဗ္ဗသီရိ | ၁ |
| | | **စုစုပေါင်း** | ၁၉ |
| ၁၁။ | ရခိုင်ပြည်နယ် | မြေပုံ | ၄ |
| | | ကျောက်ဖြူ | ၃ |
| | | စစ်တွေ | ၂ |
| | | တောင်ကုတ် | ၂ |
| | | အမ်း | ၁ |
| | | ပုဏ္ဏားကျွန်း | ၁ |
| | | သံတွဲ | ၁ |
| | | **စုစုပေါင်း** | ၁၄ |
| ၁၂။ | ရှမ်းပြည်နယ် | တာချီလိတ် | ၆ |
| | | တောင်ကြီး | ၂ |
| | | ကလော | ၁ |
| | | ဆီဆိုင် | ၁ |
| | | နမ္မတူ | ၁ |
| | | **စုစုပေါင်း** | ၁၁ |
| ၁၃။ | ကယားပြည်နယ် | လွိုင်ကော် | ၅ |
| | | **စုစုပေါင်း** | ၅ |
| ၁၄။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၅ |
| | | **စုစုပေါင်း** | ၅ |
| | | (၁၀-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၃၂၁) ဦး |

* မြို့နယ်မှ (၃) ဦးသည် ပြည်ပနိုင်ငံမှ ပြန်လည်ရောက်ရှိလာသဖြင့် အသွားအလာ ကန့်သတ်ထားရှိခြင်းဖြစ်ပါသည်။

မှတ်ချက်။ (၁၀-၁၂-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၃၂၁) ဦးတွင် အနံ့မရရှိသူ (၂၈၉) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ကျောက်တံတားမြို့နယ်တွင် ပါးစပ်နှာခေါင်းစည်းများ တပ်ဆင်ရေး လှုထုလှုပ်ရှားမှုဆောင်ရွက်

**ကျောက်တံတား ဒီဇင်ဘာ ၁၁** - ကျောက်တံတားမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပါးစပ်နှာခေါင်းစည်းများ တပ်ဆင်စေရေးလူထုလှုပ်ရှားမှု ဆောင်ရွက်ခြင်းကို မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့က ဆူးလေဘုရားလမ်းရှိ ဘတ်စ်ကားမှတ်တိုင်များတွင် ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ကာကွယ်ထိန်းချုပ်နိုင်စေရန် ရည်ရွယ်၍ ပြည်သူများအနေဖြင့် မိမိတို့ နေအိမ်မှ ပြင်ပသို့ ထွက်ခွာတိုင်း နှာခေါင်းစည်းများကို စနစ်တကျတပ်ဆင်ပြီးမှသွားလာကြစေရန် ပါးစပ်နှာခေါင်းစည်းများ တပ်ဆင်စေရေး အသိပညာပေးဆောင်ရွက်ခြင်းနှင့် နှာခေါင်းစည်းများ ဝေငှပေးခြင်းများကို ဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်၁၉ ရောဂါနှင့် ပတ်သက်သော ဆောင်ရန်၊ ရှောင်ရန် အချက်များ၊ ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ၊ ရောဂါလက္ခဏာများ၊ လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များကို ပြည်သူများ သိရှိရန် ကျန်းမာရေးအသိပညာပေးနှိုးဆော်ခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရွှေနန်းမေ(ပြန်/ဆက်)**

## ၁၁-၁၂-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၆၀၄၅၉၅၇ | ၉၃၃၆၄၈၀ | ၂၉၉၇၅၁ |
| ၂။ | အိန္ဒိယ | ၉၇၉၆၉၉၂ | ၉၂၉၀၈၃၄ | ၁၄၂၂၂၂ |
| ၃။ | ဘရာဇီး | ၆၇၈၃၅၄၃ | ၅၉၃၁၇၇၇ | ၁၇၉၈၀၁ |
| ၄။ | ရုရှား | ၂၅၉၇၇၁၁ | ၂၀၅၉၈၄၀ | ၄၅၈၉၃ |
| ၅။ | ပြင်သစ် | ၂၃၃၇၉၆၆ | ၁၇၄၆၅၈ | ၅၆၉၄၀ |
| ၆။ | ဗြိတိန် | ၁၇၈၇၇၈၃ | စိစစ်ဆဲ | ၆၃၀၈၂ |
| ၇။ | အီတလီ | ၁၇၈၇၁၄၇ | ၁၀၂၇၉၉၄ | ၆၂၆၂၆ |
| ၈။ | တူရကီ | ၁၇၄၈၅၆၇ | ၁၁၅၄၃၃၃ | ၁၅၇၅၁ |
| ၉။ | စပိန် | ၁၇၃၄၃၈၆ | စိစစ်ဆဲ | ၄၇၃၄၄ |
| ၁၀။ | အာဂျင်တီးနား | ၁၄၈၂၂၁၆ | ၁၃၁၈၁၈၇ | ၄၀၄၃၁ |

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များအား ပြည်သူများ ပြန်လည်သတိပြုမိစေရေး အချုပ်ပိုဖြင့် ဖော်ပြပေးသွားမည်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များအား ပြည်သူများ ပြန်လည် သတိပြုမိစေရေးအတွက် ဒီဇင်ဘာ ၁၃ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် အချုပ်ပို (၈) မျက်နှာဖြင့် ဖော်ပြသွားမည် ဖြစ်သည်။

ယင်းအချုပ်ပိုတွင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအသိပေးကြေညာချက်များ၊ နှိုးဆော်ချက်များ၊ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များ၊ နိုင်ငံတကာ ခရီးသည်တင် လေကြောင်းခရီးစဉ်များ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၊ ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်၊ ပြည်ပပြန်များနှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်၊ ကိုဗစ်-၁၉ ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း၊ ရုံး/ဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရန် သတိပေးပြောကြားရမည့်အချက်များ၊ မျက်နှာနှင့် နှာခေါင်းစည်းမဖြစ်မနေ တပ်ဆင်ရေး လူထုလှုပ်ရှားမှု စီမံချက်၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်များ၊ ကိုဗစ်-၁၉ ကုသရန် သွေးရည်ကြည် အလှူရှင်များ ဖိတ်ခေါ်ခြင်း စသည်တို့အပြင် ပြည်သူများ နေ့စဉ် လိုက်နာဆောင်ရွက်ရမည့် ကျန်းမာရေးဆိုင်ရာ နည်းလမ်းများကိုလည်း ထည့်သွင်းဖော်ပြထားသည်။

သတင်းစဉ်

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၁- ၁၂ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၆၀၅၂၄၃ | ၄၉၆၈၈၆ | ၁၈၅၁၁ |
| ဖိလစ်ပိုင် | ၄၄၇၀၃၉ | ၄၀၉၃၂၉ | ၈၇၀၉ |
| မြန်မာ | ၁၀၅၈၆၃ | ၈၄၃၃၈ | ၂၂၂၀ |
| မလေးရှား | ၈၀၃၀၉ | ၆၇၁၇၃ | ၄၀၂ |
| စင်ကာပူ | ၅၈၃၀၅ | ၅၈၁၈၈ | ၂၉ |
| ထိုင်း | ၄၁၈၀ | ၃၉၀၃ | ၆၀ |
| ဗီယက်နမ် | ၁၃၉၁ | ၁၂၃၈ | ၃၅ |
| ကမ္ဘောဒီးယား | ၃၅၇ | ၃၀၇ | ၀ |
| ဘရူနိုင်း | ၁၅၂ | ၁၄၇ | ၃ |
| လာအို | ၄၁ | ၃၃ | ၀ |

# COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှု ဖြစ်ပွားနေစဉ်ကာလအတွင်း လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ရွှေ့ပြောင်းအသုံးပြုရာတွင် လိုအပ်သော အကူအညီတောင်းခံ ဆောင်ရွက်နိုင်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ၂၀၁၉ - ၂၀၂၀ ခုနှစ် မိုးစပါးရိတ်သိမ်းရာတွင် အချိန်မီရိတ်သိမ်းနိုင်ရန်နှင့် အခြောက်ခံနိုင်ရန်အတွက် ရိတ်သိမ်းခြွေလှေ့စက် (Combine Harvester) များနှင့် အခြောက်ခံစက် (Dryer) များကို ရွှေ့ပြောင်းသယ်ယူပို့ဆောင်ရေးနှင့် တပ်ဆင်အသုံးပြုရေး၊ ဆောင်းသီးနှံ ထွန်ယက်စိုက်ပျိုးရေးအတွက် ထွန်စက်ကြီးများ ရွှေ့ပြောင်းဆောင်ရွက်ရာတွင် ပါဝင်ဆောင်ရွက်ကြမည့် မောင်းနှင်သူများနှင့် ကျွမ်းကျင်သူများအား Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ညွှန်ကြားချက်များနှင့်အညီ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ညှိနှိုင်းဆောင်ရွက်မှုဖြင့် "မြို့နယ်အဆင့် လယ်ယာသုံး စက်ကိရိယာများ ရွှေ့ပြောင်းအသုံးချနိုင်ရေး ပူးပေါင်း ညှိနှိုင်းရေးအဖွဲ့" အား ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားများအပါအဝင် သီးနှံစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသူ ပုဂ္ဂလိကနှင့် အဖွဲ့အစည်းများ အနေဖြင့် သီးနှံများရိတ်သိမ်းရာတွင် အသုံးပြုရန် စက်ကိရိယာများ၊ ရိတ်သိမ်းခြွေလှေ့စက်များ လိုအပ်ပါက သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနများသို့လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော်၊ ဖုန်းနံပါတ် ၀၆၇-၄၃၁၂၁၈ နှင့် ၀၆၇-၄၁၀၅၂၆ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန




မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများက မင်းတုန်းမြို့နယ် ဈေးရောင်းဈေးဝယ်ပြည်သူများအား ဒီဇင်ဘာ ၉ ရက်က ကိုဗစ် – ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးအတွက် ပါးစပ်နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဆောင်ရန်/ ရှောင်ရန် စည်းကမ်းများအား အသိပေးကြေညာခြင်းများ ဆောင်ရွက်စဉ်။

သတင်းစဉ်

# ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ဘယ်လ်ဂျီယံ၊ နယ်သာလန်နိုင်ငံနှင့် အနီးတစ်ဝိုက် ဒေသများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၁၆၈ ဦးအား ဘရပ်ဆဲလ်မြို့ရှိ မြန်မာသံရုံးနှင့် သင်္ဘောကုမ္ပဏီတို့က ပူးပေါင်းစီစဉ်သည့် TUI လေကြောင်းလိုင်း စင်းလုံးငှား ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

ထို့ပြင် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၃ ဦးအား စင်ကာပူမြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာအမျိုးသား လေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေ ၅ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။



ငင်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများနှင့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေး ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ နိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီးရေးဆောင်ရွက်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်

**တောင်ကြီး ဒီဇင်ဘာ ၁၁**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှဦး၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ပြည်နယ်ဥပဒေချုပ် ဦးတင်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့နယ် တောင်လေးလုံး (ခေါင်တိုင်လမ်းခွဲ) ၌ ဖွင့်လှစ်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီးရေးဂိတ်တွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအား ခေါက်ဆွဲခြောက်၊ သောက်ရေသန့်၊ ကြက်ဥနှင့် ထောက်ပံ့ငွေကျပ် ၁၀ သိန်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ (ယာပုံ)

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် ဟဲဟိုးအင်းခေါင်ဆည်၌ ငါးကြင်းရွှေဝါ တစ်သိန်း၊ ငါးခုံးမ ၂၅၀၀၀၊ ငါးမြစ်ချင်း ၂၅၀၀၀ စုစုပေါင်း ၁၅၀၀၀၀ ငါးမျိုးစိုက်ထည့်ပေးကြသည်။

ထို့နောက် ဟဲဟိုးအင်းခေါင်ဆည်အနီး စိုက်ပျိုးရေးသုတေသနခြံတွင် ကြက်သွန်ဖြူများ စက်ဖြင့် စိုက်ပျိုးသရုပ်ပြသနေမှုနှင့် ဂေါ်ဖီထုပ်၊ အာလူး စမ်းသပ်ဖြစ်ထွန်းအောင်မြင်နေမှုတို့ကို လှည့်လည်ကြည့်ရှုရာ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ခြံတာဝန်ခံများက ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**




## ဗဟန်းမြို့နယ် ဆရာစံတောင် (စံပြ) ရပ်ကွက် ပြည်သူများအား အခြေခံစားသောက်ကုန်များ လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးကာလ ဆောင်ရွက်နေစဉ်အတွင်း တစ်ဖက်တစ်လမ်းမှကူညီသည့် အနေဖြင့် ဗဟန်းမြို့နယ် ဆရာစံတောင် (စံပြ) ရပ်ကွက် ပြည်သူများအား ယနေ့ နံနက်ပိုင်းက နှစ်ကျိပ်ရှစ်ဆူ သာသနာ့ရှေ့ဆောင်ဓမ္မာရုံ (မင်းလမ်း) ၌ စေတနာရှင်အလှူရှင်များက အခြေခံစားသောက်ကုန် ခြောက်မျိုးကို အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်သည်။ **(အောက်ပုံ)**

"ကိုဗစ်ကာလမှာ ကျပ်တည်းနေတဲ့ မိသားစုတွေကို စေတနာရှင်အလှူရှင်တွေ စုပေါင်းပြီး လှူဒါန်းတာပါ။ နိုင်ငံတော်အစိုးရကလည်း အိမ်ထောင်စုတစ်စုကို ငွေကျပ်လေးသောင်း ထောက်ပံ့ပေးနိုင်ခဲ့သလို အဲဒီမိသားစုတွေကို ကိုယ်တတ်နိုင်တဲ့ စွမ်းအားနဲ့ ပံ့ပိုးတာပါ။ ဒါကြောင့် အလှူရှင်တွေ စုပေါင်းပြီး (ပြည်သူမှ ပြည်သူသို့) အစီအစဉ်ဖြစ်ပါတယ်" ဟု ဆရာစံတောင် (စံပြ) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ထွန်းက ပြောသည်။

ယနေ့ ထောက်ပံ့ပေးအပ်မှုတွင် ဘုန်းကြီးကျောင်း ၁၁ ကျောင်းအတွက် တစ်ကျောင်းလျှင် ဆန် တစ်အိတ်၊ ဆီ ငါးပိဿာ၊ အိမ်ထောင်တစ်စုလျှင် ဆန် ငါးပြည်၊ ဆီ တစ်ပိဿာ၊ ကြက်ဥ ၁၀လုံး၊ ငါးသေတ္တာ နှစ်ဘူး၊ ခေါက်ဆွဲ၊ ကြာဆန်ခြောက် ငါးထုပ်၊ အစာကြေဆေး တစ်ဘူးနှုန်းဖြင့် အိမ်ထောင်စုပေါင်း ၇၅၀ ကို ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ပြီး တန်ဖိုးအားဖြင့် ငွေကျပ်သိန်း ၁၅၅၀၀၀၀ တန်ဖိုးရှိကြောင်း သိရသည်။ ဗဟန်းမြို့နယ် ဆရာစံတောင် (စံပြ) ရပ်ကွက်အတွင်း အများစုမှာ လက်လုပ်လက်စားများဖြစ်ကြပြီး စေတနာရှင်အလှူရှင်များက ယင်းမိသားစုများအား ထပ်မံထောက်ပံ့ပေးနိုင်အောင် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း သိရှိရသည်။



**အာကာစိုး**

## ထားဝယ်မြို့တွင် ပါးစပ်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး ဆောင်ရွက်

**ထားဝယ် ဒီဇင်ဘာ ၁၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကရပ်ပြင် မီးပွိုင့်လမ်းဆုံနှင့် မီးသတ်လမ်းဆုံများတွင် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများပူးပေါင်း၍ ယနေ့ နံနက်ပိုင်းက ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်နိုင်ရေးအတွက် ပါးစပ်နှာခေါင်းစည်း မတပ်ဆင်ဘဲ သွားလာသူများအား နှာခေါင်းစည်းတစ်ခုလျှင် ငွေကျပ် ၂၀၀ ဖြင့် ဝယ်ယူတပ်ဆင်စေခြင်းများ ဆောင်ရွက်သည်။ **(အောက်ပုံ)**

အဆိုပါအဖွဲ့သည် ထားဝယ်မြို့နယ်အတွင်း ရောဂါကူးစက်ပြန့်ပွားမှု ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများ နေအိမ်ပြင်ပသို့ ထွက်ခွာရာတွင် ပါးစပ်နှာခေါင်းစည်း တပ်ဆင်သွားလာကြရန်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို လိုက်နာကြရန် အသိပညာပေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**



## ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ကိုဗစ်ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများ လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီသို့ ယမန်နေ့က တေးသံရှင်မေလသံစဉ်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများ လှူဒါန်းခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် တေးသံရှင်မေလသံစဉ်က ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်အတွင်း ဖွင့်လှစ်ထားသော အသွားအလာ ကန့်သတ်ထားသည့် နေရာများတွင် ပိုးတွေ့ထိစပ်လူနာများ၊ အနံ့မရသူများ၊ စောင့်ကြည့်လူနာများနှင့် စေတနာ့ဝန်ထမ်းများအတွက် လိုအပ်သည်များ အသုံးပြုရန် ရောဂါကာကွယ်ရေး ဝတ်စုံများ၊ လက်အိတ်၊ ဆေးဖျန်းပုံး၊ ကလိုရင်းဆေးရည်များ၊ ပါးစပ်နှာခေါင်းစည်းများ စုစုပေါင်းတန်ဖိုး ငွေကျပ် ၅၀၅၀၀၀ တန်ဖိုးရှိ ရောဂါကာကွယ်ရေးသုံး ပစ္စည်းများကို လှူဒါန်းခဲ့ရာ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနေကျော်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**လှလှထွေး (ပြန်/ဆက်)**




### မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ "နေအိမ်တွင်သာ နေထိုင်ရေးအစီအစဉ် (Stay at home)"တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသော မြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **"COVID-19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှု စီမံချက် (Mask and Face Shield Campaign)"** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေးစည်းရုံး လှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည် အသိပေး ပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှု ကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံးပြန်လည်လုပ်ကိုင်လာနိုင်မည် ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဒီဇင်ဘာလ ၁၂ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် မောင်သီဟသည် မူးယစ်သေရည်သောက်မိပြီး အပျော်လွန်သွားသည့်အခါ သူ၏ကျေးဇူးရှင် သူဌေးအပေါ် မကောင်းသောအကြံများ ကြံမိတော့မည့်အကြောင်းကို ရေးဖွဲ့ထားသည့် "အချိန်မီရတဲ့ နောင်တ" မျက်နှာဖုံးကာတွန်း၊ ကိုယ်ခန္ဓာကျန်းမာသန်စွမ်းစေရန်နှင့် သင်ယူလေ့လာမှုတို့တွင် ဉာဏ်ရည်ထက်မြက် ဖွံ့ဖြိုးစေရန်အတွက် လိမ္မော်သီးကို ပုံမှန်စားသင့်ကြောင်း ရေးဖွဲ့ထားသည့် "လိမ္မော်သီး" သုတဆောင်းပါး၊ မိဘများကို ရိုသေလေးစားစွာ ပြုစုလုပ်ကျွေးသင့်ကြောင်း ရေးဖွဲ့ထားသည့် ဆုံးမစာကို ရွှေသွေးတို့ ဗဟုသုတရရှိစေရန်အတွက် တင်ဆက်ထားသည့် "မိခင် ဖခင် ကျေးဇူးရှင်" ဆုံးမစာကဏ္ဍ၊ ကလေးတို့စိတ်ကြိုက် အရောင်များကို ရွေးချယ်ပြီး အရောင်များခြယ်သနိုင်ရန်အတွက် ရုပ်ပုံနှင့် တင်ဆက်ထားသည့် "ဆေးရောင်လှလှခြယ်ကြမယ်" ကဏ္ဍ၊ ပတ်ဝန်းကျင်လှပသာယာစေရန်အတွက် မိမိတို့ကိုယ်တိုင် တန်ဖိုးထားထိမ်းသိမ်းရမည်ဖြစ်ကြောင်းကို ရေးဖွဲ့ထားသည့် "ပေတိုး" နှစ်မျက်နှာကာတွန်း၊ ဆရာ ဆရာမများအပေါ်တွင် မကောင်းသည့် အငြိုးများမထားသင့်သည့် အကြောင်းကို ပညာပေးရေးဖွဲ့ထားသည့် "မကောင်းတဲ့အငြိုး မထားတော့ပါ" ကလေးဝတ္ထု၊ ကလေးတို့ပေးပို့သော ကာတွန်းလက်ရာများကို ဖော်ပြထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ အင်္ဂလိပ်စာကဏ္ဍ၊ ကဗျာကဏ္ဍစုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများ ပါရှိကြောင်း သိရှိရသည်။ **သတင်းစဉ်**




# ထုတ်ဝေပြီး စပါးမျိုးသစ်များ စားသုံးမှုအရည်အသွေးအကဲဖြတ်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

စိုက်ပျိုးရေး သုတေသနဦးစီးဌာန စပါးနှင့် အခြားနှံစားသီးနှံသုတေသနဌာနခွဲ စပါးသီးနှံ သုတေသနဌာနစုက သုတေသနပညာရှင်များ၏ ကြိုးပမ်းမှုရလဒ်ဖြစ်သော ထုတ်ဝေပြီး စပါးမျိုးသစ်များ၏ စားသုံးမှုအရည်အသွေးအကဲဖြတ်ခြင်း အစီအစဉ်ကို စပါးသီးနှံသုတေသနဌာနစု ကွင်းရုံး၌ ယမန်နေ့က ကျင်းပရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဌာနစုတာဝန်ခံများ၊ တာဝန်ရှိသူများ၊ စိုက်ပျိုးသူနှင့် စားသုံးသူများ ပါဝင်အကဲဖြတ်ပေးခဲ့ကြသည်။

အဆိုပါ စပါးမျိုးသစ်များ၏ စားသုံးမှု အကဲဖြတ်စစ်ဆေးခြင်း သုတေသနတွင် စပါးသီးနှံသုတေသနဌာနစုက ၂၀၁၉ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စပါးမျိုးသစ် ခုနစ်မျိုးဖြစ်သော YQR- 11၊ YQR- 12၊ YIR- 14၊ YRR- 12၊ YAR- 07၊ YAR- 14 နှင့် YYR- 09 စပါးများအား အကဲဖြတ်စိစစ်ခြင်းဖြစ်ကြောင်း၊ သုတေသနပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များ၊ စိုက်ပျိုးသူ၊ ရောင်းချသူနှင့် စားသုံးသူများ ကိုယ်တိုင်ပါဝင်ကာ အကဲဖြတ်စစ်ဆေးခဲ့ခြင်းဖြစ်ရာ YQR-11 စပါးမျိုးသစ်မှာ ကြိုက်နှစ်သက်မှု အများဆုံးဖြစ်ပြီး YQR-12 နှင့် YRR-12 စပါးမျိုးသစ် နှစ်မျိုးတို့မှာ ကြိုက်နှစ်သက်မှု ဒုတိယနှင့် တတိယဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။

YQR-11 သည် အရည်အသွေးကောင်း စပါးမျိုးသစ်ဖြစ်ပြီး ဆန်လုံးရှည်သွယ်ခြင်း၊ အထွက်ကောင်းခြင်း၊ ဆန်သားကြည်လင်ခြင်း၊ အမွှေးနံ့ပါခြင်းနှင့် အပင်ယိုင်လဲမှု ဒဏ်ခံနိုင်ရည်ရှိခြင်းစသည့် အရည်အချင်းလက္ခဏာများရှိကာ ဆည်ရေရရှိသောဒေသများတွင် နွေနှင့် မိုး နှစ်ရာသီလုံး စိုက်ပျိုးနိုင်သည့် စပါးမျိုးဖြစ်ကြောင်း၊ YQR- 12 သည်လည်း အရည်အသွေးကောင်း စပါးမျိုးသစ်ဖြစ်ပြီး အသက်လျင်ခြင်း၊ အထွက်ကောင်းခြင်း၊ စားသုံးမှုကောင်းခြင်း၊ ဆန်သားကြည်ခြင်းနှင့် ဆန်လုံးရှည်သွယ်ခြင်း အစရှိသော အရည်အချင်းလက္ခဏာများရှိ၍ ဆည်ရေရရှိသော ဒေသများတွင် နွေနှင့် မိုးနှစ်ရာသီလုံး စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် မျိုးဖြစ်ကြောင်း၊ YRR- 12 မှာ မိုးရေသောက် စပါးမျိုးဖြစ်ပြီး အထွက်ကောင်းခြင်း၊ အမွှေးနံ့အနည်းငယ်ပါခြင်း၊ ယိုင်လဲမှုဒဏ်ခံနိုင်ရည်ရှိခြင်းစသည့် အရည်အချင်းလက္ခဏာများရှိ၍ ဆည်ရေ၊ သွင်းရေရရှိသော ဒေသများတွင် မိုးစပါးအဖြစ် စိုက်ပျိုးဖြစ်ထွန်းသည့် စပါးမျိုးများဖြစ်ကြောင်း သိရသည်။ **မေမိုးသဲ**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ - ၁၂ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၇၅၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ဈေးပိတ် |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ဈေးပိတ် |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ဈေးပိတ် |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၇၀/၆၁၅ ကျပ် | ၆၁၀/၆၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၈၀/၆၃၀ ကျပ် | ၆၂၀/၆၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၅/၅၇၅ ကျပ် | ၆၀၅/၆၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၆၆၅/၆၉၀ ကျပ် | ၇၃၀/၇၅၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၄၈ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၃၄ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၈ . ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၈ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၉၄ . ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၁၄ . ၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၆ . ၀၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၂၉၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၃ . ၄၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၂ . ၇၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၈၀၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၉၀၀ | ၉၅၃ | ၉၃၆၇၆၀၀ |
| MTSH | ၃၇၀၀ | ၃၇၀၀ | ၈၇၂ | ၃၂၁၃၆၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၁ | ၈၄၀၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၂၉ | ၆၅၂၅၀၀ |
| TMH | ၂၇၀၀ | ၂၇၅၀ | ၆၂၄ | ၁၆၉၄၈၀၀ |
| EFR | ၃၆၅၀ | ၃၆၅၀ | ၂၂၄ | ၈၁၇၆၀၀ |

ခင်ရတနာ - စုစည်းသည်




**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# သတင်းထောက်များ ဘေးကင်းလုံခြုံရေး-ကြောက်ရွံ့မှုနဲ့ ဘက်လိုက်မှုကင်းတဲ့ သတင်းအတတ်ပညာကို ကျင့်သုံးရေး စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို) မြန်မာရုံးတို့ပူးပေါင်း၍ သတင်းထောက်များ ဘေးကင်းလုံခြုံရေး-ကြောက်ရွံ့မှုနဲ့ ဘက်လိုက်မှုကင်းတဲ့ သတင်းအတတ်ပညာကို ကျင့်သုံးရေး စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီ မှ ၁၂ နာရီအထိ အွန်လိုင်းမှ တစ်ဆင့် ကျင်းပသည်။

စကားဝိုင်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၂) ဦးကျော်နိုင် (ထက်မြက်) နှင့် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို) မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Min Jeong Kim တို့က အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားပြီး ယူနက်စကိုမှ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရာရှိ ဒေါ်နိုင်နိုင်အေးက စကားဝိုင်းဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဦးဆောင်ဆွေးနွေးသူများအဖြစ် ဦးဟန်ညွန့်(အဖွဲ့ဝင်၊ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်)၊ ဦးညိုထွန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး)၊ ဒေါက်တာ ဒေါ်ဇင်မာကျော် (ပါမောက္ခ/ဌာနမှူး၊ သတင်းအတတ်ပညာဌာန၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်)၊ ဒေါ်အိအိတိုးလွင် (ရွေးကောက်ပွဲဆိုင်ရာ သတင်းထောက်ချုပ် – Frontier Myanmar) တို့က ပါဝင်ဆွေးနွေးကြပြီး ဆွေးနွေးပွဲညှိနှိုင်းရေးမှူးအဖြစ် ဦးကျော်စွာမင်း (အတွင်းရေးမှူး၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ)က ဆောင်ရွက်သည်။ (ယာပုံ)

ယင်းနောက် တက်ရောက်လာသည့် သတင်းမီဒီယာများက မေးခွန်းများကို မေးမြန်းခဲ့ကြရာ ဦးဆောင်ဆွေးနွေးသူများနှင့် ဆွေးနွေးပွဲညှိနှိုင်းရေးမှူးတို့က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယခုကျင်းပခဲ့သည့် စကားဝိုင်းဆွေးနွေးပွဲသည် အရေးပါသော နိုင်ငံတကာအထိမ်းအမှတ်နေ့ သုံးခုဖြစ်သည့် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ (မေ ၃ ရက်)၊ သတင်းထောက်များအပေါ် ကျူးလွန်သောပြစ်မှုများအတွက် ပြစ်ဒဏ်မှကင်းလွတ်ခြင်းမရှိစေရေး နိုင်ငံတကာနေ့ (နိုဝင်ဘာ ၂ ရက်)နှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ (နိုဝင်ဘာ ၁၀ ရက်) တို့ကို စုပေါင်းကာ three-in-one event အဖြစ် ကျင်းပခြင်းဖြစ်သည်။ **ကျော်စွာမင်း**




# နွားထိုးကြီးမြို့နယ် ရဲတပ်ဖွဲ့ အကျိုးပြုလုပ်ငန်းများ စုပေါင်းဆောင်ရွက်

**နွားထိုးကြီး ဒီဇင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ဝက်လူးနယ်မြေရဲစခန်းမှူး ရဲအုပ်မြင့်လှိုင်ဦး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၈ ရက်က နွားထိုးကြီး-ဝက်လူး-မြို့သာသွားကားလမ်းဘေးရှိ ချုံနွယ်သစ်ပင်များကို ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းကြသည်။



အလားတူ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို နွားထိုးကြီးရဲစခန်း၊ ပြင်စည်ရဲစခန်းနှင့် ကန်နားရဲစခန်းများရှိ ရဲတပ်ဖွဲ့ဝင်များကလည်း စုပေါင်းသန့်ရှင်းဆောင်ရွက်ကြကြောင်း သိရသည်။

**ဌေးမြင့်မောင်**

# ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှစတင်ပြီး တရုတ်နိုင်ငံဘက်သို့ ကျွဲ၊ နွားအရှင်များ တရားဝင်တင်ပို့နိုင်တော့မည်

**မူဆယ် ဒီဇင်ဘာ ၁၁**

မြန်မာနိုင်ငံဘက်က ကျန်းမာရေး ထောက်ခံချက်များနှင့်အညီ ကျွဲ၊ နွားများကို ယခင် ၂၀၁၇ ခုနှစ်မှ စတင်ပြီး မူဆယ်မြို့ နယ်စပ်ဒေသမှတစ်ဆင့် တရုတ်နိုင်ငံဘက်သို့ တရားဝင်တင်ပို့လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် တရုတ်နိုင်ငံဘက်မှ လာရောက်ဝယ်ယူမှု မရှိသည့်အတွက် ကျွဲ၊ နွားနှင့် ဆိတ်အရှင်အပါအဝင် စုစုပေါင်း တစ်သောင်းခွဲကျော် မူဆယ်မြို့နှင့် (၁၀၅) မိုင်ကြား နွားကွင်း၌ သောင်တင်ပိတ်မိနေကြောင်း ကျွဲ၊ နွားကုန်သည်များထံမှ သိရသည်။

ကျွဲ၊ နွားနှင့် ဆိတ်အရှင်များ ရက်ကြာသောင်တင်နေမှုကြောင့် ကျွဲ၊ နွားကုန်သည်များက ကျွေးမွေး၊ စောင့်ရှောက်စရိတ်မတတ်နိုင်တော့ဘဲ ပြည်တွင်းဘက်ကို ပြန်သယ်ဆောင်ရန် မူဆယ်မြို့ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့ တင်ပြမှုများရှိလာကြောင်း သိရသည်။

မြန်မာနိုင်ငံ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျွဲ၊ နွားများ ခွာနာ၊ လျှာနာရောဂါကင်းစင်ကြောင်း စီစစ်ဆောင်ရွက်မှုအခြေအနေများကို GACC အဖွဲ့များက တရားဝင်လာရောက်စစ်ဆေးပေးမည်ဟု သိရသည်။



ထိုသို့ လာရောက်စစ်ဆေးပြီးနောက် နှစ်နိုင်ငံ PRE လက်မှတ်အောင်မြင်စွာရေးထိုးပြီး ကျွဲ၊ နွားတင်ပို့မှုကို မြန်မာနိုင်ငံဘက်မှ တရားဝင်ပို့ကုန်/တရုတ် နိုင်ငံဘက်တွင် တရားဝင်သွင်းကုန် ဖြစ်လာမည်ဟု (၁၀၅)မိုင် ကုန်သွယ်ရေးတာဝန်ခံ ညွှန်ကြားရေးမှူး ဦးမင်းအောင်အေးက ပြောသည်။

"လာမယ့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလကစတင်ပြီး မြန်မာ-တရုတ်နှစ်နိုင်ငံ တရားဝင်တင်ပို့မှုအဖြစ် ရောက်ရှိလာတော့မယ်။ ကျွဲ၊ နွားတွေ တရုတ်နိုင်ငံဘက်ကို တရားဝင်သွင်းကုန်အဖြစ် မကြာခင်ကာလမှာ တင်ပို့ခွင့်ရရှိတော့မှာဖြစ်တဲ့အတွက် ကျွဲ၊ နွားကုန်သည်တွေအနေနဲ့ ပြန်လည် သုံးသပ်စေချင်တယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်တွင်းဘက်တွင် ကျွေး၊ မွေးစောင့်ရှောက်စရိတ် ပိုမိုသက်သာခြင်းကြောင့် မူဆယ် (၁၀၅)မိုင်ကြား၌ သောင်တင်နေသည့် ကျွဲ၊ နွားများကို ပြန်သယ်ဆောင်လိုခြင်းဖြစ်ကြောင်း ကုန်သည်များထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နိုင်ငံတကာပြိုင်ပွဲနှစ်ခုအတွက် မြန်မာ ယူ-၂၂ အသင်း ပြင်ဆင်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လာမည့်နှစ်တွင် နိုင်ငံတကာပြိုင်ပွဲနှစ်ခု ယှဉ်ပြိုင်ရမည့် မြန်မာ ယူ-၂၂ အသင်းအား နှစ်ဆန်းပိုင်းတွင် စခန်းဝင်လေ့ကျင့်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာယူ-၂၂ အသင်းသည် လက်ရှိထုတ်ပြန်ထားသည့် ပြိုင်ပွဲကျင်းပမည့်ရက်များအရ နိုင်ငံတကာပြိုင်ပွဲများကို အောက်တိုဘာမှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ၂၀၂၂ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲနှင့် (၃၁) ကြိမ်မြောက် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲကို အောက်တိုဘာ ၂၃ ရက်မှ ၃၁ ရက်၊ ဆီးဂိမ်းပြိုင်ပွဲကို နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၂ ရက် အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာယူ-၂၂ အသင်းအနေဖြင့် ယင်းပြိုင်ပွဲနှစ်ခုအတွက် အဓိကပြင်ဆင်သွားမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် လာမည့်နှစ်ကုန်ပိုင်းမှသာ ပြိုင်ပွဲများယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း ယခုနှစ်အတွင်း စခန်းဝင်လေ့ကျင့်ရခြင်းမရှိသောကြောင့် ပြင်ဆင်ချိန်ရရှိစေရန် နှစ်ဆန်းပိုင်းကတည်းက လေ့ကျင့်ပြင်ဆင်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လက်ရွေးစင်အသင်းများအပါအဝင် သက်တမ်းအလိုက်လူငယ် လက်ရွေးစင်အသင်းများ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း စခန်းဝင်လေ့ကျင့်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ်အဖြစ် ဘူဂေးရီးယားနိုင်ငံသား ပိုပေါ့ဗ်ကို ဆက်လက်တာဝန်ပေးထားပြီး ပဏာမလူစာရင်းကို စခန်းဝင်လေ့ကျင့်ရက် သတ်မှတ်ပြီးပါက ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် ၂၀၁၉ ဖိလစ်ပိုင် ဆီးဂိမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိခဲ့သည်။ **ညီမြတ်သော်တာ**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

○ *ကျောဖုံးမှ*

ပရီမီယာလိဂ်ပြိုင်ပွဲတွေ့ဆုံခဲ့သည့် နှစ်ကြိမ်တွင် မန်စီးတီးအိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် မန်ယူအသင်းက အနိုင်ရရှိထားသလို မန်ယူအိမ်ကွင်းတွင်လည်း မန်စီးတီးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။ လိဂ်ဖလားဆီမီးဖိုင်နယ် နှစ်ကြိမ်တွင် မန်ယူအိမ်ကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့် မန်စီးတီးအသင်းက အနိုင်ရရှိထားပြီး မန်စီးတီးအိမ်ကွင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် မန်ယူအသင်းက အနိုင်ရရှိထားသည်။ ထို့ကြောင့် မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့ ယမန်နှစ်က ထိပ်တိုက်တွေ့ဆုံမှု လေးကြိမ်တွင် မန်ယူအသင်းက သုံးကြိမ်အထိအနိုင်ရရှိပြီး မန်စီးတီးအသင်းက တစ်ကြိမ်သာ ပြန်လည်အနိုင်ရရှိထားသည်။

မန်ယူအသင်းသည် ယခုနှစ်ရာသီ အိမ်ကွင်းစွမ်းဆောင်ရည် အားနည်းကာ နောက်ဆုံးငါးပွဲတွင် ဝက်စ်ဘရွန်းအသင်းကိုသာလျှင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားပြီး ချယ်ဆီးအသင်းနှင့် ဂိုးမရှိသရေကျထားကာ ခရစ္စတယ်ပဲလေ့စ်အသင်းကို သုံးဂိုး-တစ်ဂိုး၊ စပါးအသင်းကို ခြောက်ဂိုး-တစ်ဂိုး၊ အာဆင်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။ ထို့ကြောင့် မန်ယူအသင်းအနေဖြင့် ယခုပွဲစဉ်တွင်ရော မန်စီးတီးအသင်းကို နိုင်ပွဲရရှိအောင် စွမ်းဆောင်သွားနိုင်မလား သို့တည်းမဟုတ် အိမ်ကွင်းရှုံးပွဲနှင့် ထပ်မံရင်ဆိုင်သွားရမလား စောင့်ကြည့်ရမည်ဖြစ်သည်။ မန်စီးတီးအသင်း၏ ယခုနှစ်ရာသီ အဝေးကွင်းစွမ်းဆောင်ရည်ငါးပွဲကိုကြည့်လျှင် ဝုဖ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားသလို ရက်ဖီးလ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။ သို့သော်လည်း လီဒ်စ်အသင်း၊ ဝက်စ်ဟမ်းအသင်းတို့နှင့် ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျထားကာ နောက်ဆုံးယှဉ်ပြိုင်ကစားထားသည့် စပါးအသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်ကို တွေ့ရသည်။

မန်ယူအသင်းတိုက်စစ်ပိုင်းတွင် ရက်ဖို့ဒ်က ပရီမီယာလိဂ် ၁၀ ပွဲတွင် သုံးဂိုးသွင်းယူထားနိုင်ပြီး လေးကြိမ်ဂိုးရရှိအောင် ဖန်တီးပေးထားနိုင်သည်။ မန်စီးတီးအသင်းတိုက်စစ်မှ မာရက်ဇ်က လေးဂိုးသွင်းကာ ဂိုးရရှိအောင် တစ်ကြိမ် ဖန်တီးပေးထားနိုင်သည်။ မန်ယူအသင်း ကွင်းလယ်ပိုင်းမှ ဖာနန်ဒက်ဇ်က ၁၀ ပွဲတွင် ခုနစ်ဂိုးအထိ သွင်းယူပေးထားနိုင်ပြီး လေးကြိမ် ဂိုးရရှိအောင် ဖန်တီးပေးထားနိုင်သည်။ မန်စီးတီးအသင်းကွင်းလယ်ပိုင်းမှ ဒီဘရိုင်းကကိုးပွဲတွင် နှစ်ဂိုးသွင်းပြီး ခြောက်ကြိမ် ဂိုးရရှိအောင် ဖန်တီးပေးထားနိုင်သည်။

မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့သည် ရမှတ်ကွာဟမှု တစ်မှတ်သာရှိနေသည့်အတွက် ယခုပွဲစဉ်သည် ပြိုင်ဆိုင်မှုပြင်းထန်လာဖွယ်ရှိနေသည်။ မန်ယူအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲအုပ်စုအဆင့် နောက်ဆုံးပွဲစဉ်တွင် လိုက်ပ်ဇစ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခဲ့ရသည့်အသင်းဖြစ်ပြီး မန်စီးတီးအသင်းက ချန်ပီယံလိဂ်ပြိုင်ပွဲတွင် နောက်တစ်ဆင့်သို့ တက်ရောက်ထားနိုင်သည့်အသင်းဖြစ်သည်။ မန်ယူအသင်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ် ၁၀ ပွဲတွင် ရဂိုး ၁၉ ဂိုးရှိပြီး ပေးဂိုး ၁၇ ဂိုးအထိ ခွင့်ပြုပေးထားရသည်။ မန်စီးတီးအသင်းက အဆိုပါ ၁၀ ပွဲတွင် ရဂိုး ၁၇ ဂိုးရှိပြီး ပေးဂိုး ၁၁ ဂိုးသာ ခွင့်ပြုပေးထားရသည်။

ထို့ကြောင့် မည်သည့်အသင်းက အမှတ်ပေးဇယားအထက်ပိုင်းသို့ တက်လှမ်းနိုင်မည်ဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**

# ပထဝီဝင်ပါမောက္ခ ဒေါက်တာ ဒေါ်သင်းကြည်

## (မြန်မာအမျိုးသမီးများထဲမှ နိုင်ငံရပ်ခြားပါရဂူဘွဲ့ကို ပထမဦးဆုံးဆွတ်ခူးခဲ့သူ)

ပါမောက္ခမောင်မောင်အေး

**ကျွန်တော်၏ အမိတက္ကသိုလ်သည် ရန်ကုန်တက္ကသိုလ်ဖြစ်သည်။ အမိတက္ကသိုလ်သည် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့က သက်တမ်းနှစ် (၁၀၀) ပြည့်ခဲ့ပြီဖြစ်သည်။**



ဒေါက်တာ ဒေါ်သင်းကြည်

ကျွန်ုပ်သည် ၁၉၆၁ ခုနှစ်၊ မတ်လတွင် ကျင်းပသော တန်းမြင့်ကျောင်းထွက် လက်မှတ်ရ စာမေးပွဲ (School Leaving Certificate–SLC or High School Final–HSF Examination) နှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ (Matriculation Examination) တို့ကို ပဲခူးတိုင်း၊ ပြည်မြို့မှ ခုံအမှတ် ပီအီး–၂၆၂ (PE–262) ဖြင့် ဝင်ရောက်ဖြေဆိုကာ ယင်း စာမေးပွဲများကို နှစ်ချင်းပေါက် တစ်ပြိုင်နက်တည်း အောင်မြင်သဖြင့် ထိုနှစ်မှာပင် ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာသင်ကြားခဲ့ပါသည်။ တက္ကသိုလ် ဝင်ခွင့်လျှောက်လွှာတင်သွင်းစဉ်က ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာ ဘာသာတွဲယူမည်ဟု လျှောက်ထားခဲ့ပါသည်။ သို့သော် လက်တွေ့တွင်မူ အကြောင်းကြောင်းသော အကြောင်းကြောင်းကြောင့် ပထဝီဝင် ပညာပါဝင်သော ဝိဇ္ဇာဘာသာတွဲတစ်ခုကို ပြောင်းယူပြီး ကျောင်းတက်ခဲ့ပါသည်။

ကျွန်တော်တို့ခေတ်က ရန်ကုန်တက္ကသိုလ်တွင် ဘာသာတွဲစနစ် (Combination System)ဖြင့် သင်ယူ ဆည်းပူးရပါသည်။ ဥပစာဝိဇ္ဇာတန်း (က)နှင့် (ခ) (Intermediate Arts: Parts A & B)ကို ဘီအိုစီ ကောလိပ် (BOC College)တွင် ၂နှစ် တက်ရောက်အောင်မြင်ပြီး ၁၉၆၃–၁၉၆၄ ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ် (ပင်မနယ်မြေ) (Rangoon University–Main Campus)သို့ ရောက်ခဲ့ပါသည်။

### ကျေးဇူးရှင်မိခင်ကြီး၏ အနန္တမေတ္တာ

ဥပစာဝိဇ္ဇာတန်းအောင်မြင်စဉ်က ဘာသာရပ်တိုင်းတွင် အမှတ်ကောင်းခဲ့သဖြင့် မည်သည့် ဘာသာရပ်ကိုမဆို ဂုဏ်ထူးတန်းတက်ရန်အမှတ်မီခဲ့သော်လည်း ကျွန်တော်ပိုမို၍ ဝါသနာပါသော ပထဝီဝင် ဘာသာရပ် (Geography) ကို ဂုဏ်ထူးတန်းတက်ရန် ရွေးချယ်ခဲ့ပါသည်။ ဥပစာဝိဇ္ဇာတန်း အောင်မြင်စဉ်က ကျွန်တော်သည် ကျွန်တော်၏ မိခင်ကြီးအား မေးခဲ့ပါသည်။ အမေ ကျွန်တော် ဝိဇ္ဇာရိုးရိုးတန်း တက်ရမလား၊ ဝိဇ္ဇာ(ဂုဏ်ထူးတန်း) တက်ရမလား၊ ဝိဇ္ဇာရိုးရိုးတန်းဆိုရင် နောက်ထပ် ၂ နှစ်ကြာမယ်၊ ဝိဇ္ဇာ(ဂုဏ်ထူးတန်း) ဆိုရင်တော့ နောက်ထပ် ၃ နှစ်ကြာမယ်၊ ရိုးရိုးတန်းထက် တစ်နှစ်ပိုပြီးတော့ ကြာမယ် အမေ။ အမေက ပြန်ပြောပါတယ်။ အမေကတော့ ဘာမှမသိပါဘူးသားရယ်၊ အမေ့ နားထဲမှာတော့ ဂုဏ်ထူးတန်းဆိုတာက ပိုကောင်းမယ်ထင်တာပဲ၊ ဂုဏ်ထူးတန်းကိုသာ တက်ပါ။ သားအတွက် လိုအပ်တဲ့ ကျောင်းစရိတ်ကို အမေ ကြိုးစားပြီးရှာပါ့မယ်။ ကျေးဇူးရှင်မိခင်ကြီး၏ အနန္တ မေတ္တာကို အခြေခံသော တုံ့ပြန်စကားကို ကျွန်တော့်တစ်သက် မမေ့နိုင်တော့ပြီ။

၁၉၆၃–၁၉၆၄ ပညာသင်နှစ်တွင် ဝိဇ္ဇာ (ဂုဏ်ထူးတန်း)တက်ရန်အတွက် ရှေးဦးစွာ ရန်ကုန်တက္ကသိုလ်၊ ပထဝီဝင် ပါမောက္ခ / ဌာနမှူး ဆရာမကြီး ဒေါက်တာ ဒေါ်သင်းကြည်နှင့် တွေ့ဆုံပြီး လူတွေ့ စစ်ဆေးမှုကို ခံယူရပါသည်။ ထိုအခါမှသာ ဆရာမကြီးအား ပထမဆုံးအကြိမ် အနီးကပ် မြင်တွေ့ဖူးခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ခေတ်က တက္ကသိုလ်ရှိ ပါမောက္ခများမှာ အမျိုးသားချည်းသာဖြစ်ပါသည်။ တစ်ဦးတည်းသော အမျိုးသမီးပါမောက္ခမှာ ဆရာမကြီး ဒေါက်တာဒေါ်သင်းကြည်ပင်ဖြစ်ပါသည်။

ဤသို့သော ဝိသေသဂုဏ်နှင့် ပြည့်စုံသော ဆရာမကြီးအား ၎င်း၏ရုံးခန်းတွင် ကိုယ်တိုင် ဆုံတွေ့သောအခါ ဆရာမကြီးက ဂုဏ်ထူးတန်းကို ဘာဖြစ်လို့တက်ချင်ရတာလဲဟု မေးပါသည်။ ကျွန်တော်က ပထဝီဝင် ပညာရပ်ကို ပိုမို၍ ထူးထူးကဲကဲ ထဲထဲဝင်ဝင် လေ့လာဆည်းပူးချင်လို့ပါ ဆရာမကြီးဟု ပြန်ဖြေခဲ့လိုက်ပါသည်။ ဆယ်မိနစ်ခန့် အမေးအဖြေ ပြုလုပ်ပြီးနောက် ဆရာမကြီးက ကျွန်တော်၏ လျှောက်လွှာပုံစံပေါ်တွင် ဝိဇ္ဇာ (ဂုဏ်ထူးတန်း)တက်ခွင့်အရည်အချင်း ပြည့်မီသဖြင့် တက်ခွင့်ပြုကြောင်း လက်မှတ်ရေးထိုးပေးလိုက်ပါသည်။

### ဘဝတစ်ဆစ်ချိုးပြောင်းလဲမှုဖြစ်ပေါ်

ဝိဇ္ဇာ(ဂုဏ်ထူးတန်း)သို့ တက်ရောက်ပညာ ဆည်းပူးသည့်အချိန်မှစ၍ ကျွန်တော်၏ ဘဝသည် ထူးခြားသည့် တစ်ဆစ်ချိုး ပြောင်းလဲမှု ဖြစ်ပေါ်ခဲ့သည်ဟုဆိုလျှင် မှားမည်မဟုတ်ပါချေ။ အကြောင်းမှာ ထိုစဉ်ကစ၍ ယနေ့တိုင်အောင် ကျွန်တော်သည် ပထဝီဝင်ပညာ၏ အကျိုး၊ ရန်ကုန်တက္ကသိုလ်၏အကျိုး၊ ပညာရေး (အထူးသဖြင့်အဆင့်မြင့်ပညာရေး)၏ အကျိုး၊ နိုင်ငံတော်၏ အကျိုး၊ တိုင်းကျိုးပြည်ကျိုးအတွက် ရိုးရိုးသားသား၊ နိုးနိုးကြားကြား၊ ကြိုးကြိုးစားစားဖြင့် တစိုက်မတ်မတ် ဆောင်ရွက်လာခဲ့သည်မှာ နှစ်ပေါင်း ၆၀ ပင် ပြည့်တော့မည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ကျွန်တော့်အား ဝိဇ္ဇာ (ဂုဏ်ထူးတန်း)သို့ တက်ရောက်ခွင့်ပြုခဲ့သော စီးပွားရေးအကန့် အသတ်ကြားထဲမှ ကျွန်တော်၏မွေးမိခင်ကြီးအားလည်းကောင်း၊ နာယက ဂုဏ်ခြောက်ပါးနှင့်အညီမှန်ကန်သော လမ်းညွှန်မှုကိုပေးခဲ့ပါသော ပညာမိခင်ဆရာမကြီး ပါမောက္ခ ဒေါက်တာ ဒေါ်သင်းကြည်အားလည်းကောင်း ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀) ပြည့်၊ ရာပြည့်အချိန်အခါသမယတွင် အကြိမ်ကြိမ် ဦးနှိမ်ချပြီး ဆယ်ဖြာလက်စုံမိုး၍ ရှိခိုးကန်တော့လိုက်ပါသည်။

ဝိဇ္ဇာ(ဂုဏ်ထူးတန်း)တွင် ၃ နှစ် ဆက်လက်ပညာသင်ယူဆည်းပူးပြီးနောက် ၁၉၆၆ ခုနှစ်တွင် ကျွန်တော်သည် ဝိဇ္ဇာဂုဏ်ထူး (ပထဝီဝင်)(Bachelor of Arts Honours in Geography) ဘွဲ့ဒီဂရီကို ရန်ကုန်တက္ကသိုလ် (ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်)မှ ဆွတ်ခူးရရှိခဲ့ပါသည်။ ပထမဘွဲ့ရရှိပြီးနောက် ထိုစဉ်က စနစ်အရ တစ်နှစ်နားနေရပြီး နောက်နှစ် (၁၉၆၇ ခုနှစ်၊ ဧပြီလ)တွင် ရန်ကုန်တက္ကသိုလ်၊ ပထဝီဝင်ဌာန၌ နည်းပြဆရာ(Tutor)အဖြစ် နိုင်ငံ့တာဝန်ကို စတင် ထမ်းဆောင်ခဲ့ပါသည်။ ရန်ကုန် တက္ကသိုလ်၊ လုပ်သားများကောလိပ်၊ မော်လမြိုင် ဒီဂရီကောလိပ်၊ ကရင်ပြည်နယ် ဒေသကောလိပ်၊ စစ်တွေဒီဂရီကောလိပ်၊ မော်လမြိုင်တက္ကသိုလ်၊ (University of Tokyo, Japan))၊ ဒဂုံတက္ကသိုလ်နှင့် ရန်ကုန်အဝေးသင်တက္ကသိုလ်တို့တွင် (Rotational Basis) ဖြင့် တာဝန်ထမ်းရွက်ခဲ့ပါသည်။

အဆင့်မြင့်ပညာကျောင်းများတွင် နည်းပြ၊ လက်ထောက်ကထိက၊ ကထိက၊ တွဲဖက်ပါမောက္ခ၊ ပါမောက္ခ/ဌာနမှူး၊ ဒုတိယ ပါမောက္ခချုပ်၊ တာဝန်ခံ ပါမောက္ခချုပ်တာဝန်များကို အဆင့်ဆင့် ထမ်းဆောင်ခဲ့ပါသည်။ ယခုအချိန်တွင်လည်း နိုင်ငံတော်၏ တာဝန်ပေးချက်အရ ရန်ကုန်တက္ကသိုလ် ပညာရေးမြှင့်တင်ရေး လုပ်ငန်းများ၊ (University Autonomy) အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းများ အမျိုးသားပညာရေး မူဝါဒကော်မရှင် လုပ်ငန်းများ စသည်တို့ကို ဆက်လက်လုပ်ကိုင် ဆောင်ရွက်လျက် ရှိပါသည်။

ဤဆောင်းပါး၏ အဓိကရည်ရွယ်ချက်မှာ ကျွန်တော့်အား ကျွန်တော့်ဘဝတစ်လျှောက်လုံး တိုင်းဝန်ပြည့်ဝန်၊ ပညာ့ဝန်ကို သစ္စာရှိစွာဖြင့် ထိရောက်ကျေပွန်စွာ ထမ်းရွက်နိုင်စေရန် ပထဝီဝင် ပညာတံခါးကို ဖွင့်လှစ်ပေးခဲ့ပါသော ကျွန်တော်၏ ပညာမိခင်ဖြစ်သူ ဆရာမကြီး ပါမောက္ခဒေါက်တာ ဒေါ်သင်းကြည်အား ရန်ကုန်တက္ကသိုလ် ချစ်သူများနှင့် မိတ်ဆက်ရင်း မှတ်တမ်းတင်ဂုဏ်ပြုခြင်း ဖြစ်ပါသည်။ ဤဆောင်းပါးဖြင့် ရန်ကုန် တက္ကသိုလ် နှစ်(၁၀၀) ပြည့်၊ ရာပြည့် အချိန်ကာလကို ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုအပ်ပါသည်။

ဆရာမကြီးဒေါက်တာဒေါ်သင်းကြည်ကို ၁၉၁၇ခုနှစ်၊ ဇွန်လ ၁ ရက်၊ သောကြာနေ့တွင် တောင်ငူမြို့၌ အဖဦးကြို့၊ အမိဒေါ်မြတို့မှ မွေးဖွားခဲ့ပါသည်။ မွေးချင်းသုံးဦးရှိခဲ့ရာမှ တစ်ဦးမှာ ငယ်စဉ်က ဆုံးပါးခဲ့ပြီး ကျန်နှစ်ဦးမှာ ဦးမောင်မောင် (ဗိုလ်မှူးချုပ်မောင်မောင်–ယခု ကွယ်လွန်)နှင့် ဒေါ်လှကြည် (အငြိမ်းစားကျောင်းအုပ်ဆရာမကြီး–ယခုကွယ်လွန်) တို့ဖြစ်ကြပါသည်။

ရေတာရှည်မြို့၊ ဗမာတိုင်းရင်းသား ဘာသာကျောင်းတွင် စတင်ပညာသင်ယူခဲ့ပြီး ဖခင်ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရသော မကွေးမြို့၊ တိုင်းရင်းမြန်မာ မြူနီစီပယ်ကျောင်းတွင် ရှစ်တန်းအထိ ပညာသင်ယူခဲ့ပါသည်။

၁၉၃၃ ခုနှစ်တွင် ရန်ကုန်ဆရာဖြစ်သင်ကောလိပ်ကျောင်း (Teacher Training

*စာမျက်နှာ ၂၂ သို့*



နိုင်ငံခြား ပါရဂူဘွဲ့ သွားရောက်ယူခဲ့သူ ဆရာမကြီး ဒေါက်တာဒေါ်သင်းကြည်နှင့် ဆရာကြီး ဆရာမကြီးများ။

**၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလတွင် အမေရိကန် ပြည်ထောင်စုနိုင်ငံ (USA)၊ မက်ဆာချူးဆက်ပြည်နယ်၊ ကလပ်တက္ကသိုလ် (CLARK UNIVERSITY)တွင် မဟာဝိဇ္ဇာဘွဲ့ရယူရန် ထွက်ခွာခဲ့ပါသည်။ ပထမနှစ်ဝက် ရမှတ်များ ထူးချွန်ကောင်းမွန်သည့်အတွက် ပါရဂူဘွဲ့သင်တန်းတက်ရန် ကလပ်တက္ကသိုလ်က ခွင့်ပြုခဲ့ပါသည်။ ၁၉၅၀ ပြည့်နှစ်တွင်ပါရဂူဘွဲ့ရှိခဲ့ပြီး စက်တင်ဘာလတွင် မြန်မာပြည်သို့ သင်္ဘောဖြင့် ပြန်လာခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံရပ်ခြား ပါရဂူဘွဲ့ကို မြန်မာအမျိုးသမီးများထဲမှ ပထမဆုံး ဆွတ်ခူးသူ ဖြစ်လာ**

### ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း



အမည်ရင်း– ပါမောက္ခ ဦးမောင်မောင်အေး
ရန်ကုန်တက္ကသိုလ်ပညာသင်ကာလ– ၁၉၆၂ခုနှစ်မှ ၁၉၆၆ခုနှစ်အထိ
ပထမဘွဲ့– B.A. (Hons) in Geography၊ (၁၉၆၆ခုနှစ်) ရန်ကုန်တက္ကသိုလ်
ဘွဲ့လွန်– M.A.(First Class Degree), James Cook University, Australia (၁၉၇၇ခုနှစ်)
နိုင်ငံ့ဝန်ထမ်းကာလ– ၁၉၆၇ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ (၃၉ နှစ်)
တာဝန်ထမ်းခဲ့သောတက္ကသိုလ်များ– ရန်ကုန်တက္ကသိုလ်၊ လုပ်သားများကောလိပ်၊ မော်လမြိုင်ဒီဂရီကောလိပ်၊ ကရင်ပြည်နယ်ဒေသကောလိပ်၊ စစ်တွေဒီဂရီကောလိပ်၊ မော်လမြိုင်တက္ကသိုလ်၊ (University of Tokyo, Japan)၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်
ကလောင်အမည်များ– ကိုအေး (ပထဝီဝင်ဂုဏ်)၊ မောင်မောင်အေး၊ ဦးမောင်မောင်အေး၊ ပြည်အေး(ရန်ကုန်တက္ကသိုလ်)၊ ဦးအောင်သာထက်၊ ပါမောက္ခမောင်မောင်အေး၊ Aung Myin Ko Ko (Earth Science), Prof. Maung Maung Aye၊ ပါမောက္ခမောင်မောင်အေး (ဘူမိရုပ်သွင်)
အငြိမ်းစားယူခဲ့သောရာထူး– တာဝန်ခံပါမောက္ခချုပ်(ငြိမ်း)၊ ရန်ကုန်အဝေးသင်တက္ကသိုလ်။
လက်ရှိထမ်းဆောင်နေသောတာဝန်များ–
- အဖွဲ့ဝင်၊ ပါရဂူဘွဲ့သင်တန်းဦးစီးကော်မတီ၊ ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်
- နာယက၊ မြန်မာနိုင်ငံပထဝီဝင်အသင်း၊ ရန်ကုန်
- နာယကနှင့် အကြီးတန်းအကြံပေးပုဂ္ဂိုလ်၊ မြန်မာ့ပတ်ဝန်းကျင်သိပ္ပံ
- အဖွဲ့ဝင်၊ ရန်ကုန်တက္ကသိုလ်ပညာရေးအဆင့်မြှင့်တင်မှုကော်မတီ
- အဖွဲ့ဝင်၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်
- ခေါင်းဆောင်၊ (University Autonomy) အကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့
- အဖွဲ့ဝင်(အချိန်ပြည့်)၊ အကြံပေးအဖွဲ့၊ အမျိုးသားရေအရင်းအမြစ်ကော်မတီ

# ပထမဆုံးသော အထည်ချုပ်စက်မှုလုပ်ငန်းပိုင်းဆိုင်ရာ အင်ဂျင်နီယာသင်တန်းကို အွန်လိုင်းအသုံးပြု ဖွင့်လှစ်သင်ကြားပေးမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံ လုပ်ငန်းကဏ္ဍအတွင်း ထိရောက်သော ကုန်ထုတ်စွမ်းအားများ ဖြစ်ထွန်းလာစေရန် ပထမဆုံးသော အထည်ချုပ်စက်မှုလုပ်ငန်းပိုင်းဆိုင်ရာ အင်ဂျင်နီယာသင်တန်း (Industrial Engineering)ကို အွန်လိုင်းအသုံးပြု ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း အောင်မြင်မှုသင်တန်းကျောင်းမှ သိရသည်။

"အထည်ချုပ်စက်ရုံများအနေနဲ့ ထုတ်လုပ်မှုအပိုင်းမှာ များစွာထိခိုက်မှု ကြုံတွေ့ခဲ့ရသော နှစ်တစ်နှစ်ဖြစ်သွားတဲ့အတွက် လုပ်ငန်းပိုင်းတွေ ပြန်လည်ဦးမော့နိုင်စေဖို့ ပထမအဆင့်ခြေလှမ်းအနေနဲ့ အခုသင်တန်းဟာ စက်ရုံတွေ မဟာဗျူဟာ နည်းစနစ်ကျကျ အရွေ့တစ်ခုအနေနဲ့ အထောက်အကူပြုနိုင်မယ့် အချိန်တစ်ခုလည်း ဖြစ်ပါတယ်"ဟု အောင်မြင်မှုသင်တန်းကျောင်း၏ စီမံကိန်းဒါရိုက်တာ မစ္စ စုတမ်က ပြောကြားသည်။

အထည်ချုပ် စက်မှုလုပ်ငန်းပိုင်းဆိုင်ရာ အင်ဂျင်နီယာသင်တန်းတွင် အလုပ်သမားများ၊ စက်ပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုခြင်း၊ လုပ်ငန်းခွင်ဆိုင်ရာ ဗဟုသုတ သတင်းအချက်အလက်နှင့် စွမ်းအင်တို့ကို ထိရောက်စွာ အဓိကထား သင်ကြားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် 6 s (Sort, Set in Order, Shine, Standardize, Sustain and Safety) အကြောင်းအရာများ၊ ပြောဆိုဆက်ဆံမှုပိုင်း၊ ပြဿနာများ ဖြေရှင်းဆောင်ရွက်ပုံ၊ ဦးဆောင်မှုပိုင်း၊ ထုတ်ကုန်တိုင်းတာ တွက်ချက်မှု၊ ထုတ်ကုန်လိုင်းများ၊ စီမံခန့်ခွဲမှုနှင့် အရည်အသွေးပိုင်းဆိုင်ရာ စွမ်းဆောင်မှုများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအွန်လိုင်း သင်ကြားမှုအစီအစဉ်ကို ဒီဇင်ဘာ ၁၂ ရက်တွင် စတင်ဖွင့်လှစ် သင်ကြားမည်ဖြစ်ပြီး သင်တန်းသားများအနေဖြင့် နေအိမ်မှတက်ရောက်သင်ကြားနိုင်ပြီး အသေးစိတ်အချက်အလက်များကို အောင်မြင်မှု လူမှုကွန်ရက်စာမျက်နှာတွင် ဝင်ရောက်ဖတ်ရှုနိုင်ကြောင်း သိရသည်။

အောင်မြင်မှုသင်တန်းကျောင်းသည် ရွှေ့ပြောင်းအမျိုးသမီးများအတွက် အထည်ချုပ်လုပ်ငန်းတွင် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်စေရန် မြောက်ဒဂုံရှိ အောင်မြင်မှုအထည်ချုပ်ကျွမ်းကျင်သင်တန်းကျောင်း၌ ကျွမ်းကျင်သင်တန်းများနှင့် လိုအပ်သော အကူအညီများကို ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# အင်းစိန်မီးရထားခုံးကျော် မင်းကြီးလမ်းဘက်ခြမ်းတံတား ဒီဇင်ဘာလမကုန်မီ ဖွင့်လှစ်မည်

**အင်းစိန် ဒီဇင်ဘာ ၁၁**

မြန်မာ့မီးရထား(မြို့ပြ) အင်ဂျင်နီယာဌာန တံတားပေါင်အလုပ်ရုံ(မလွကုန်း)က ကြီးကြပ်ကာ တာဝန်ယူဆောင်ရွက်နေသော ရထားလမ်းခုံးကျော်တံတားအမှတ်(၂)အင်းစိန်နှင့်ဆက်သွယ်ကာတည်ဆောက်နေသော အင်းစိန်မြို့နယ် ရထားလမ်းခုံးကျော်တံတားသစ် (မင်းကြီးလမ်းဘက်ခြမ်း) တည်ဆောက်ရေးစီမံကိန်းသည် လက်ရှိတွင် အချောသပ်လုပ်ငန်းပြီးစီးနေပြီး ယခုဒီဇင်ဘာလမကုန်မီ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေး စီမံကိန်း တာဝန်ခံရုံးမှ သိရသည်။

### အလုံးစုံပြီးစီး

" ဒီခုံးကျော်တံတားတည်ဆောက်ခြင်းလုပ်ငန်းတွေက အခုအခြေအနေမှာ အလုံးစုံပြီးစီးနေပါပြီ။ ကျန်တဲ့ တံတားနဲ့ ဆက်စပ်တဲ့အဆင်းလမ်းတွေ တံတားအောက်ကခြံစည်းရိုးတွေကို အသေးစိတ်လုပ်နေတဲ့အချောသပ် အပိုင်းတွေတော့ ရှိသေးတယ်၊ ဒါတွေကို အခုဒီဇင်ဘာလ မကုန်ခင်လောက်ကို အပြီးဆောင်ရွက်သွားမှာပါ၊ တံတားကြီးပြီးစီးသွားရင်တော့ အင်းစိန်ဈေးကနေ မင်းကြီးလမ်းဘက်ခြမ်းဘက်မှာရှိတဲ့ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ဥပဒေရုံး၊ တရားရုံး၊ အထူးကုဆေးရုံကြီး အင်းစိန်၊ (GTI)ကျောင်းတို့ကို တောက်လျှောက်တံတား လက်တက်ခုံးကျော် ကနေသွားနိုင်တော့မှာပါ၊ အခုကတော့ အဲဒီဘက်တွေကို ကွေ့ဝိုက်လှည့်ပတ်သွားနေရတာပါ"ဟု မြန်မာ့မီးရထား (မြို့ပြ) အင်ဂျင်နီယာဌာန တံတားပေါင်အလုပ်ရုံ (မလွကုန်း) အင်ဂျင်နီယာမှူး ဦးမောင်ချိုက ပြောသည်။

### တာဝန်ယူဆောင်ရွက်

အဆိုပါတံတား တည်ဆောက်ရေးအပိုင်းတွင် တင်ဒါအောင်မြင်သော A1 ဆောက်လုပ်ရေး ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေပြီး ကွန်ကရစ် Slab လောင်းခြင်း/ကားလမ်းပြုလုပ်ခြင်း၊ လူသွားလမ်းပလက်ဖောင်းနှင့် Hand Rail များတပ်ဆင်ခြင်း၊ ဆေးသုတ်ခြင်းနှင့် အချောသပ်လုပ်ငန်းများ ဒီဇင်ဘာလမကုန်မီ အပြီးဆောင်ရွက်ရန် အဆင့်ဆင့် ပြုလုပ်ဆောင်ရွက်နေကြောင်း သိရသည်။

### ဆက်ဆက်ဖွဲ့စည်း

အဆိုပါ တံတားလက်တက်သည် ယခင် အင်းစိန်မီးရထားခုံးကျော်တံတားကြီးအား ဆက်သွယ်ကာ ခုံးကျော်တံတားအဖြစ် ဗဟိုလမ်းကို ဖြတ်သန်းပြီး မင်းကြီးလမ်းအတိုင်း တည်ဆောက်ခြင်းဖြစ်သည်၊ အောက်ခံ Bord Pile Foundation ဖြစ်ကာ RC Girder နှင့် Steel Girder ပေါင်းပြီး ကွန်ကရစ်ကြမ်းခင်းတံတားဖြစ်ကြောင်း၊ တံတားအရှည် ၄၄၁ ပေနှင့် ချဉ်းကပ်တံတားအရှည်မှာ ၁၂၃ ပေရှိကြောင်း၊ ဘေးတစ်ဖက်တစ်ချက် လူသွားလမ်းပလက်ဖောင်းပါဝင်ကာ ကားအဆင်းတစ်လမ်းသွား အကျယ် ၁၆ ပေ ရှိပြီး တံတားအမြင့်သည် ကားလမ်းအလွတ် အမြင့်ဆုံးနေရာ၌ ၁၈ ပေအမြင့်ရှိကြောင်း သိရသည်။

### အကုန်အကျခံ

ယင်းစီမံကိန်းကို ငွေကျပ်သန်းပေါင်း ၁၉၁၀ အကုန်အကျခံ တည်ဆောက်ခြင်းဖြစ်ကြောင်း တံတားတည်ဆောက်ရေးစီမံကိန်း တာဝန်ခံရုံးမှ သိရသည်။ ထိုအင်းစိန် ခုံးကျော် တံတား မင်းကြီးလမ်းဘက်ခြမ်းလက်တက်တံတားကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား (မြို့ပြ) အင်ဂျင်နီယာဌာန တံတားပေါင်အလုပ်ရုံ (မလွကုန်း)၏ ဘတ်ဂျက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး တင်ဒါအောင်မြင်သော A1 ဆောက်လုပ်ရေး ကုမ္ပဏီမှ တည်ဆောက်ကြခြင်းဖြစ်သည်။ Stell Box Girders များကို JNM ကုမ္ပဏီမှ ထုတ်လုပ်ဆောင်ရွက်ခဲ့ကြကြောင်း ထိုတံတားတည်ဆောက်ရေး စီမံကိန်း တာဝန်ခံရုံးမှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# အာမခံလုပ်ငန်း ဖွံ့ဖြိုးရေး အသိအမှတ်ပြု အာမခံကိုယ်စားလှယ်များ ထပ်မံတိုးမြှင့်



အာမခံကိုယ်စားလှယ်တစ်ဦးအား ဦးစိုးဝင်းသန့်က အသိအမှတ်ပြု လက်မှတ်ပေးအပ်နေစဉ်။ ဓာတ်ပုံ- မင်းထက်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

Global World အာမခံက ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ရှိသော အာမခံကိုယ်စားလှယ်တော်ကြီးများအား အသိအမှတ်ပြု အာမခံကိုယ်စားလှယ်တော်အဖြစ် ထပ်မံတိုးမြှင့်ခန့်အပ်ပြီး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကို ရန်ကုန် Global World Insurance ရုံးချုပ်၌ ယမန်နေ့က ပြုလုပ်သည်။

အဆိုပါပွဲသို့ ရန်ကုန်မှ ကိုယ်စားလှယ်တော်ကြီးများက ၃၉-၄၀ ဗဟိုစည်အိမ်ရာရှိ Global World ခန်းမ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ချမှတ်ထားသော လမ်းညွှန်ချက်များနှင့်အညီ တက်ရောက်ခဲ့ကြပြီး မန္တလေးမှ ကိုယ်စားလှယ်တော်ကြီးများက အွန်လိုင်းမှ တက်ရောက်ခဲ့ကြသည်။

ယင်းလက်မှတ်ရေးထိုးပွဲတွင် Global World အာမခံ၏ ဒါရိုက်တာ ဆရာဦးစိုးဝင်းသန့်က အဖွင့်စကားပြောကြားပြီး အထွေထွေ မန်နေဂျာ ဦးပြည့်ဖြိုးနိုင်က မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်း တွင်ကျယ်စေရန်နှင့် ပိုမိုတိုးတက်စေရန်အတွက် 2021 Agent Bonus Plan လုပ်ငန်းစဉ်များကို တက်ရောက်လာသော ရန်ကုန်နှင့် မန္တလေးမှ အာမခံကိုယ်စားလှယ်တော်ကြီးများအား ရှင်းလင်းတင်ပြသည်။ အာမခံလုပ်ငန်းများ အဆင်ပြေချောမွေ့မှုရှိရန်အတွက် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ဆောင်ရွက်မှုများကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် အာမခံကိုယ်စားလှယ်တော်ကြီးများကိုလည်း အကောင်းဆုံးဆက်လက် ပံ့ပိုးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် Global World အာမခံမှ တာဝန်ရှိသူများက အာမခံကိုယ်စားလှယ်တော်ကြီးများနှင့်အတူ အသိအမှတ်ပြု သဘောတူစာချုပ် လတ်မှတ်ရေးထိုးသည်။

Global World Insurance သည် အထွေထွေအာမခံနှင့် အသက်အာမခံ အမျိုးအစားပေါင်း ၄၀ ကျော်ကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ လမ်းညွှန်မှုနှင့်အညီ ဈေးကွက်အတွင်း ပြည်သူများအား အာမခံဝန်ဆောင်မှုများပေးလျက်ရှိပြီး မြန်မာနိုင်ငံတွင် မရှိသေးသည့် တောင်သူလယ်သမားများအတွက် အကျိုးရှိစေမည့် သီးနှံအာမခံ အမျိုးအစားအသစ်ကိုလည်း တီထွင်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**

**အနာဂတ်ကမ္ဘာ သာယာဖို့ အိုဇုန်းလွှာကို ကာကွယ်စို့**

*စာမျက်နှာ ၂၁ မှ*

College -TTC)တွင် နဝမတန်းမှ တက္ကသိုလ်ဝင် တန်းအောင်သည်အထိ ကျောင်းအိပ်ကျောင်းစားဖြင့် နေထိုင်၍ ပညာဆည်းပူးခဲ့ပါသည်။ ၁၉၃၄ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း (ဟိုက်စကူးဖိုင်နယ်) (High School Final - HSF))ကို ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပြီး မြန်မာတစ်နိုင်ငံလုံး ကျောင်းသူများထဲတွင် ပထမ ရရှိခဲ့ပါသည်။

၁၉၃၄-၁၉၃၅ ပညာသင်နှစ်၊ ရန်ကုန်တက္ကသိုလ်သို့ စတင်တက်ရောက်ရာ (S) တန်း (Special Class)တွင်သင်ယူခဲ့ရပါသည်။ ၁၉၃၈ခုနှစ်တွင် ဝိဇ္ဇာဂုဏ်ထူးတန်း (B.A. (Hons.)) ကို အောင်မြင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်၊ ပထဝီဝင်ဌာနတွင် အချိန်ပြည့်နည်းပြဆရာမအဖြစ် နိုင်ငံတာဝန်ကို စတင်ထမ်းရွက်ခဲ့ပါသည်။ ၁၉၃၉-၁၉၄၀ ပြည့်နှစ်များတွင် ဆရာဖြစ်သင် ကောလိပ်(TTC)မှ B.Ed. (ပညာရေးဘွဲ့) သင်တန်းကို တက်ရောက် အောင်မြင်ခဲ့ပါသည်။

ဂျပန်ခေတ်အတွင်း ၁၉၄၂ ခုနှစ်ဝန်းကျင် အရှေ့အာရှလူငယ်အစည်းအရုံးက ဖွင့်လှစ်သော လက်ရွေးစင်ကျောင်းတွင် သင်ရိုးညွှန်းတမ်းဆိုင်ရာနှင့်သင်ကြားမှု ဆိုင်ရာများကို ဆောင်ရွက်ခဲ့ပါသည်။

၁၉၄၃ ခုနှစ်တွင် ဆရာကြီးဦးဖေမောင်တင် ကျောင်းအုပ်ကြီးအဖြစ်တာဝန်ယူသော ရန်ကုန်တက္ကသိုလ်၌ ပထဝီဝင်ဌာန၊ လက်ထောက်ကထိကအဖြစ် လည်းကောင်း၊ ၁၉၄၅ ခုနှစ်၊ အရေးပေါ်ကာလ၊ ရန်ကုန်တက္ကသိုလ်၊ ပထဝီဝင်ဌာနကို လက်ထောက်ကထိကအဆင့်ဖြင့် ဦးဆောင်ခဲ့ပါသည်။

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလတွင် အမေရိကန် ပြည်ထောင်စုနိုင်ငံ(USA)၊ မက်ဆာချူးဆက် ပြည်နယ်၊ ကလပ်တက္ကသိုလ်(Clark University)တွင် မဟာဝိဇ္ဇာဘွဲ့ရယူရန် ထွက်ခွာခဲ့ပါသည်။ ပထမနှစ်ဝက် ရမှတ်များထူးချွန်ကောင်းမွန်သည့်အတွက် ပါရဂူဘွဲ့ သင်တန်းတက်ရန် ကလပ်တက္ကသိုလ်က ခွင့်ပြုခဲ့ပါသည်။ ၁၉၅၀ ပြည့်နှစ်တွင်ပါရဂူဘွဲ့ရရှိခဲ့ပြီး စက်တင်ဘာလတွင် မြန်မာပြည်သို့ သင်္ဘောဖြင့် ပြန်လာခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံရပ်ခြား ပါရဂူဘွဲ့ကို မြန်မာအမျိုးသမီးများထဲမှ ပထမဆုံး ဆွတ်ခူးသူ ဖြစ်လာခဲ့ပါသည်။

၁၉၅၀ ပြည့်နှစ်၊ စက်တင်ဘာ ၂၉ ရက်တွင် ရန်ကုန်တက္ကသိုလ်၊ ပထဝီဝင် ဌာန၌ ကထိက / ဌာနမှူးအဖြစ်စတင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၅၁ခုနှစ်၊ ဇွန် ၁၉ ရက်မှစတင်၍ ရန်ကုန်တက္ကသိုလ်၊ ပထဝီဝင်ဌာန၌ ပါမောက္ခအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၁၉၅၂ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံသုတေသနအသင်း (Burma Research Society-BRS) တွင် ထဲထဲဝင်ဝင် ပါဝင် လှုပ်ရှားခဲ့သလို ကိုယ်ပိုင်သုတေသနလုပ်ငန်းများကိုလည်း လုပ်ဆောင်ခဲ့ပါသည်။ ထို့အပြင် နိုင်ငံသမိုင်း ကော်မရှင် (Historical Commission)တွင်လည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

ရန်ကုန်တက္ကသိုလ် အနုပညာအသင်း၊ ရန်ကုန်တက္ကသိုလ် ခြေလျင်နှင့်တောင်တက်အသင်းတို့ကို စတင်တည်ထောင်ခဲ့သူများတွင်လည်း တစ်ဦးအပါအဝင်ဖြစ်ခဲ့ပါသည်။

၁၉၇၃-၁၉၇၄ ပညာသင်နှစ်၌ ရန်ကုန်ပညာရေးတက္ကသိုလ်က တက္ကသိုလ် စာပေးစာယူသင်တန်းများ (ပညာရေးဘွဲ့)စတင်ဖွင့်လှစ်ခဲ့ရာတွင်လည်းကောင်း၊ ၁၉၇၅-၁၉၇၆ ခုနှစ်နောက်ပိုင်း ဝိဇ္ဇာ/ သိပ္ပံ၊ ဘောဂဗေဒနှင့် ဥပဒေပညာရပ်များပါ ထည့်သွင်းပို့ချခဲ့ရာတွင် ဝိဇ္ဇာဌာနမှူးအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။ ၁၉၇၇ ခုနှစ် ဇွန်လတွင် ရန်ကုန်တက္ကသိုလ် ပထဝီဝင်ပါမောက္ခတာဝန်မှ သက်ပြည့်အငြိမ်းစားယူခဲ့ပါသည်။ ၁၉၉၀ပြည့်နှစ်၊ အောက်တိုဘာ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ်(၁၀)၊ ကုန်းမြင့်ရိပ်သာလမ်း၊ ၇ မိုင် နေအိမ်၌ ကွယ်လွန်ခဲ့ပါသည်။

ရန်ကုန်တက္ကသိုလ်တွင် ပထဝီဝင်ပါမောက္ခအဖြစ် နှစ်ပေါင်း ၂၆ နှစ်တိုင် ကာလကြာရှည် တာဝန်ယူခဲ့သော ဆရာမကြီးသည် မြန်မာအမျိုးသမီးများထဲမှ နိုင်ငံရပ်ခြား ပါရဂူဘွဲ့ကို ပထမဦးဆုံး ဆွတ်ခူးခဲ့သူဖြစ်သလို ရန်ကုန်တက္ကသိုလ်တွင် တာဝန်ထမ်းရွက်ခဲ့သော ပထမဆုံးအမျိုးသမီးပါမောက္ခလည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ ပထဝီဝင်အသင်းကြီး (Geo-graphical Association of Myanmar- GAM) မှ ဦးဆောင်၍ ပထဝီဝင်ပညာ၏ မိခင်ကြီးဖြစ်သော ပထဝီဝင်ပါမောက္ခ ဆရာမကြီး ဒေါက်တာ ဒေါ်သင်းကြည်ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တက္ကသိုလ်၊ ပထဝီဝင်ဌာနတွင် အထိမ်းအမှတ် ရုပ်တုပြုလုပ်ထားရှိမည်ဖြစ်ကြောင်း၊ ထိုသို့စီစဉ်ရာတွင် လိုအပ်သော ရန်ပုံငွေများကို ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများက ရုပ်တုဖြစ်မြောက်ရေးကော်မတီဖွဲ့ကာ အလှူငွေများ ကောက်ခံလျက်ရှိကြောင်း၊ ဆရာမကြီးအား လေးစားချစ်ခင်သောတပည့်များမှ အလှူငွေများထည့်ဝင်နိုင်ရန်အတွက် (GAM)က အသင်းဝင်များထံ အသိပေးအကြောင်းကြားလျက်ရှိကြောင်း မကြာမီက သတင်းစကား ကြားသိရသည်မှာများစွာ ဝမ်းမြောက်ဝမ်းသာဖြစ်မိသည်။

အမိတက္ကသိုလ် (Alma Mater))ဖြစ်သော ရန်ကုန်တက္ကသိုလ်သည် သက်တော်ရာကျော်ရှည်စေသောဝ်ဟု ဆုတောင်းစရာမလိုအောင် သက်တမ်းနှစ်ပေါင်း ၁၀၀ ပြည့်မီ ကျော်လွန်ခဲ့ပြီ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အစွန့်ရှည်မည့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုလည်းကောင်း၊ သာယာငြိမ်းချမ်းမှုကို လည်းကောင်း အမှန်တကယ် အကောင်အထည် ဖော်ဆောင်နိုင်မည့် ဘွဲ့ရပညာတတ်များ၊ လူတော်လူကောင်းများ၊ လူချွန်လူမွန်များ၊ ကမ္ဘာ့အဆင့်မီ အခြေခံနှင့် အသုံးချ သုတေသနလုပ်ငန်းများကို ဆောင်ရွက်နိုင်သည့် သုတေသီများ၊ ဆန်းသစ်တီထွင်နိုင်စွမ်းရှိသူများကို အမိရန်ကုန်တက္ကသိုလ်ကြီးက အားကောင်းမောင်းသန်စွာ ဆက်လက်မွေးထုတ်ပေးနိုင်ပါစေ၊ မြန်မာတည်သရွေ့၊ ကမ္ဘာတည်သရွေ့ အမိရန်ကုန်တက္ကသိုလ်ကြီး မြဲမြဲခိုင်ကျည်စွာ အစွန့်ရှည်ပါစေလို့ ဆန္ဒပြုဆုတောင်းရင်း ရန်ကုန် တက္ကသိုလ် နှစ်(၁၀၀)ပြည့်၊ ရာပြည့်ကာလကို လှိုက်လှဲစွာ ဂုဏ်ပြုလိုက်ပါသည်။

နတ္ထိ ဝိဇ္ဇာ
သမံ မိတ္တံ
ပညာနှင့်တူသော မိတ်ဆွေမရှိ

# Stay at home အစီအစဉ်တွင်အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အလုပ်သမား၊ ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေများ ဆက်လက်ခွင့်ပြုထုတ်ပေးလျက်ရှိ

*ယမန်နေ့မှ အဆက်*

| စဉ် | အလုပ်ဌာနအမှတ် | စက်ရုံ/အလုပ်ရုံ/အလုပ်ဌာန အမည် | အလုပ်သမား ဦးရေ | ထောက်ပံ့ငွေ(ကျပ်) |
|---|---|---|---|---|
| ၄၄၈ | 13019.32.2.2.144 | Apple Production Co.Ltd. | ၃၄ | ၂,၅၆၀,၀၀၀.၀၀ |
| ၄၄၉ | 13019.32.2.2.200 | Royal M&T Co | ၁၀၃ | ၅,၉၄၀,၀၀၀.၀၀ |
| ၄၅၀ | 13019.32.5.2.88 | River View Platinum Hotel | ၁၅ | ၆၈၀,၀၀၀.၀၀ |
| ၄၅၁ | 13019.32.6.2.15 | အောင်စေဟိန်း Car Sevices | ၆ | ၂၀၀,၀၀၀.၀၀ |
| ၄၅၂ | 13019.32.6.2.109 | Grand Enterprise EB | ၂၉ | ၃,၄၈၀,၀၀၀.၀၀ |
| ၄၅၃ | 13019.32.6.2.111 | General Enterprise W2 | ၂၀ | ၂,၄၀၀,၀၀၀.၀၀ |
| ၄၅၄ | 13019.32.6.2.114 | Koun San Trading Co.,ltd | ၁၉ | ၁,၃၅၃,၆၀၀.၀၀ |
| ၄၅၅ | 13019.32.8.2.1 | Food Equipment Solution Asia | ၂ | ၁၅၂,၃၀၇.၆၀ |
| ၄၅၆ | 13019.32.8.2.4 | C Star Myanmar | ၁၄ | ၉၉၃,၆၀၀.၀၀ |
| ၄၅၇ | 13023.314.1.2.149 | ဦးညီညီ သီဟိုဠ်စေ့လုပ်ငန်း | ၁၁ | ၆၃၃,၆၀၀.၀၀ |
| ၄၅၈ | 13033.35.1.2.612 | ဓမ္မိကသက်န်းတိုက် | ၁ | ၆၀,၀၀၀.၀၀ |
| ၄၅၉ | 13033.35.6.2.61 | Fraternity Enterprise | ၇ | ၃၀၂,၄၀၀.၀၀ |
| ၄၆၀ | 13033.36.1.2.78 | Paragon Corgo Trading | ၅ | ၃၄၄,၀၀၀.၀၀ |
| ၄၆၁ | 13033.36.1.2.685 | U Hla Tun & Group ltd | ၄၇ | ၄,၆၄၃,၅၀၄.၀၀ |
| ၄၆၂ | 13033.36.1.2.1053 | Myanmar Nara Apex Travel & Tours | ၁၆ | ၁,၂၁၄,၄၀၀.၀၀ |
| ၄၆၃ | 13033.36.3.2.164 | Myanmar Aquariums Co.,Ltd | ၇ | ၈၀၄,၀၀၀.၀၀ |
| ၄၆၄ | 13033.36.4.2.155 | K Future Capital Development Co.,Ltd | ၁၅ | ၁,၆၈၈,၀၀၀.၀၀ |
| ၄၆၅ | 13033.310.1.2.349 | ပေါ်ပြူလာဂျာနယ် | ၁၉ | ၁,၇၇၁,၂၀၀.၀၀ |
| ၄၆၆ | 13033.310.1.2.378 | သိန်းထွန်းအောင်ကုမ္ပဏီလီမိတက် | ၂ | ၁၂၀,၄၀၀.၀၀ |
| ၄၆၇ | 13033.310.1.2.520 | ABC Sunrise Printing | ၁၃ | ၇၄၈,၈၀၀.၀၀ |
| ၄၆၈ | 13033.310.1.2.571 | မိုးမြချယ်ကုမ္ပဏီ | ၁၉ | ၁,၂၅၈,၇၂၀.၀၀ |
| ၄၆၉ | 13033.310.1.2.708 | မဇ္ဈူပုံနှိပ် | ၂ | ၈၆,၄၀၀.၀၀ |
| ၄၇၀ | 13033.310.1.2.743 | အိုလံပစ်ပလတ်စတစ် | ၄ | ၁၇၂,၈၀၀.၀၀ |
| ၄၇၁ | 13033.310.2.2.217 | Myanmar Native Land Public Co.,Ltd | ၄ | ၄၀၀,၀၀၀.၀၀ |
| ၄၇၂ | 13033.310.4.2.152 | ရွှေစင်မေ တည်းခိုခန်း | ၅ | ၁၃၆,၀၀၀.၀၀ |
| ၄၇၃ | 13033.310.5.2.6 | CTI Myanmar Co.,Ltd | ၇ | ၈၄၀,၀၀၀.၀၀ |
| ၄၇၄ | 13033.310.5.2.7 | Ever Flow River Trading Company Limited | ၁၅ | ၁,၇၁၆,၄၀၀.၀၀ |
| ၄၇၅ | 13033.310.5.2.74 | Paing&Paing Co., Ltd. | ၃၆ | ၁,၈၄၆,၃၂၀.၀၀ |
| ၄၇၆ | 13033.310.5.2.103 | Modair Myanmar Engineering Co.,Ltd | ၅၈ | ၆,၈၄၀,၀၀၀.၀၀ |
| ၄၇၇ | 13033.310.8.2.18 | မြခဲ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် | ၇ | ၇၂၆,၉၇၆.၀၀ |
| ၄၇၈ | 13033.310.8.2.39 | ငွေတောင်ထွန်း အထည်ချုပ် | ၃၃ | ၁,၉၄၅,၆၀၀.၀၀ |
| ၄၇၉ | 13033.310.8.2.46 | CNTIC VPOWER YG2 LIMITED | ၇၉ | ၉,၄၈၀,၀၀၀.၀၀ |
| ၄၈၀ | 13033.310.8.2.47 | CNTIC VPOWER YG1 LIMITED | ၁၀၅ | ၁၂,၆၀၀,၀၀၀.၀၀ |
| ၄၈၁ | 13037.39.2.2.135 | ဟီတာချီကုမ္ပဏီ | ၆၆ | ၄,၃၅၂,၀၀၀.၀၀ |
| ၄၈၂ | 13037.39.3.2.170 | ဂျက်စမင်ပဲလှော်စ် | ၂၄ | ၂,၁၆၄,၀၀၀.၀၀ |
| ၄၈၃ | 13037.39.4.2.25 | Zicolw Myanmar Limited | ၁၁ | ၁,၃၀၉,၀၃၆.၄၀ |
| ၄၈၄ | 13037.39.6.2.108 | Forth Right Co., Ltd | ၁၆ | ၁,၆၄၀,၀၀၀.၀၀ |
| ၄၈၅ | 13037.39.7.2.125 | I CAN READ ကလေး အင်္ဂလိပ်စာ သင်တန်းကျောင်း | ၉ | ၁,၀၈၀,၀၀၀.၀၀ |
| ၄၈၆ | 13037.39.8.2.32 | Global Quality Management Co., Ltd | ၆ | ၇၂၀,၀၀၀.၀၀ |
| ၄၈၇ | 13041.33.6.2.34 | Scomi Oiltools (Thailand) Co,Ltd | ၆ | ၇၂၀,၀၀၀.၀၀ |
| ၄၈၈ | 13041.33.7.2.37 | BJV Co,Ltd | ၁၇ | ၂,၀၀၀,၀၀၀.၀၀ |
| ၄၈၉ | 13041.33.7.2.52 | MTG–Numix Co,Ltd | ၅ | ၆၀၀,၀၀၀.၀၀ |
| ၄၉၀ | 13041.33.8.2.8 | မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ် | ၁၃ | ၈၅၂,၈၀၀.၀၀ |
| ၄၉၁ | 13041.38.1.2.109 | Delight Engineering Co.Ltd | ၁၆ | ၁,၄၂၈,၀၀၀.၀၀ |
| ၄၉၂ | 13041.38.1.2.252 | စိန်ဂေဟာ(ပါရမီ) | ၄၃ | ၂,၄၇၆,၈၀၀.၀၀ |
| ၄၉၃ | 13041.38.3.2.176 | Ayeyarwaddy Resorts & Lodges Co.,Ltd | ၁၀ | ၈၉၈,၀၀၀.၀၀ |
| ၄၉၄ | 13041.38.5.2.47 | Super Wave General Service | ၈ | ၅၂၀,၀၀၀.၀၀ |
| ၄၉၅ | 13041.38.6.2.124 | Myanmar Business Executives Association | ၇ | ၆၉၇,၆၀၀.၀၀ |
| ၄၉၆ | 13041.38.8.2.35 | မေသူမောင် အပြည်ပြည်ဆိုင်ရာခရီးသွားလာရေး ကုမ္ပဏီ | ၅ | ၄၆၀,၀၀၀.၀၀ |
| ၄၉၇ | 17001.31.1.2.65 | သမာဓိဆန်စက် | ၃ | ၁၀၈,၀၀၀.၀၀ |
| ၄၉၈ | 17001.31.1.2.133 | ကြံတည်ဆန်စက် | ၅ | ၁၆၀,၀၀၀.၀၀ |
| ၄၉၉ | 17001.31.1.2.142 | မြင့်မြင့်ဆေးလိပ်ခုံ | ၂ | ၄၀,၀၀၀.၀၀ |
| ၅၀၀ | 17001.31.1.2.182 | ဦးခင်မောင်ကျောက်သဲ | ၃ | ၆၀,၀၀၀.၀၀ |
| ၅၀၁ | 17001.31.1.2.184 | အောင်သပြေဆန်စက် | ၅ | ၁၈၀,၀၀၀.၀၀ |
| ၅၀၂ | 17001.31.1.2.185 | စိန်မြင့်မိုရ်ဆန်စက် | ၄ | ၁၂၈,၀၀၀.၀၀ |
| ၅၀၃ | 17001.31.1.2.186 | လင်းရတနာဆန်စက် | ၅ | ၁၈၀,၀၀၀.၀၀ |
| ၅၀၄ | 17001.31.1.2.201 | လှဝန်းရတနာဆန်စက် | ၃ | ၉၆,၀၀၀.၀၀ |
| ၅၀၅ | 17001.31.1.2.237 | ပြည့်ဝဓနဆန်စက် | ၃ | ၉၆,၀၀၀.၀၀ |
| ၅၀၆ | 17001.31.1.2.291 | မျိုးချစ်ဆန်စက် | ၅ | ၁၆၈,၀၀၀.၀၀ |
| ၅၀၇ | 17001.31.1.2.299 | ဦးအောင်မြင့်ဒေါက် | ၃ | ၁၀၈,၀၀၀.၀၀ |
| ၅၀၈ | 17001.31.2.2.16 | သိန်းသန်းအောင်ဆန်စက် | ၅ | ၁၆၀,၀၀၀.၀၀ |
| ၅၀၉ | 17001.31.2.2.128 | နယူးဆန်စက် | ၅ | ၁၈၀,၀၀၀.၀၀ |
| ၅၁၀ | 17001.31.2.2.131 | မြန်မာ့တံခွန်ဆန်စက် | ၆ | ၂၁၆,၀၀၀.၀၀ |
| ၅၁၁ | 17001.31.2.2.156 | မျိုးဂုဏ်ညွှန့်ဆန်စက် | ၆ | ၁၉၂,၀၀၀.၀၀ |
| ၅၁၂ | 17001.31.2.2.169 | အောင်ချမ်းသာ(၃)ဆန်စက် | ၃ | ၁၀၈,၀၀၀.၀၀ |
| ၅၁၃ | 17001.31.3.2.125 | NCX Myanmar Co,ltd | ၃၁ | ၂,၃၈၈,၄၀၀.၀၀ |
| ၅၁၄ | 17001.31.4.2.25 | ကောင်းမြတ်အလင်းတန်း ဖယောင်းတိုင်လုပ်ငန်း | ၃ | ၁၀၈,၀၀၀.၀၀ |
| ၅၁၅ | 17001.31.4.2.54 | ထိုက်မြတ်စံတည်းခိုရိပ်သာ | ၂ | ၆၄,၀၀၀.၀၀ |
| ၅၁၆ | 17001.31.5.2.15 | Royal Orbit Co,Ltd | ၁၂ | ၇၁၀,၄၀၀.၀၀ |
| ၅၁၇ | 17001.31.5.2.30 | ရောင်နီဦးဆန်စက် | ၅ | ၁၈၀,၀၀၀.၀၀ |
| ၅၁၈ | 17001.31.5.2.32 | တိုးပွား ရော်ဘာခြံ | ၄ | ၂၈၀,၀၀၀.၀၀ |
| ၅၁၉ | 13008.313.7.2.40 | UNIFA HANDBAG MYANMAR CO.,Ltd | ၂၅၉ | ၁၂,၇၀၂,၇၂၀.၀၀ |
| ၅၂၀ | 13008.313.8.2.27 | Ninja Co.,Ltd | ၄၇ | ၂,၇၂၆,၀၀၀.၀၀ |
| ၅၂၁ | 13009.34.1.2.50 | ရွှေမြင့်မိုရ် မုန့်ဟင်းခါး | ၅ | ၁၄၀,၀၀၀.၀၀ |
| ၅၂၂ | 13009.34.1.2.60 | PW & GG JV CO.,LTD | ၁၀၉ | ၉,၈၀၀,၀၀၀.၀၀ |
| ၅၂၃ | 13009.34.1.2.108 | ချင်းရွှေဟော် တည်းခိုခန်း | ၅ | ၁၁၂,၀၀၀.၀၀ |
| ၅၂၄ | 13009.34.1.2.186 | မျိုးမြန်မာ စားသောက်ဆိုင် | ၂ | ၄၀,၀၀၀.၀၀ |
| ၅၂၅ | 13009.34.1.2.197 | ကြိုင်ဟောင်းပဲငံပြာရည် | ၃ | ၉၆,၀၀၀.၀၀ |
| ၅၂၆ | 13009.34.1.2.231 | ဦးသန်းဝင်း သံဖူး | ၂ | ၅၆,၀၀၀.၀၀ |
| ၅၂၇ | 13009.34.1.2.238 | အရှေ့ရွာ စားသောက်ဆိုင် | ၄ | ၆၄,၀၀၀.၀၀ |
| ၅၂၈ | 13009.34.1.2.245 | ငွေကြယ်ဖြူ Restaurant | ၅ | ၁၀၀,၀၀၀.၀၀ |
| ၅၂၉ | 13009.34.3.2.115 | PRINT GRAPHIC PRESS | ၂ | ၅၆,၀၀၀.၀၀ |
| ၅၃၀ | 13009.34.5.2.6 | Myanmar Alliance Venture Co.,Ltd | ၃၈ | ၃,၀၆၇,၂၀၀.၀၀ |
| ၅၃၁ | 13018.31.1.2.190 | Classic International Co,Ltd | ၂ | ၇၂,၀၀၀.၀၀ |
| ၅၃၂ | 13009.34.7.2.3 | GWH M&E | ၄၉ | ၅,၀၀၀,၀၀၀.၀၀ |
| ၅၃၃ | 13009.34.7.2.42 | Honey Hive ကိတ်မုန့်ပေါင်မုန့်နှင့် အအေးဆိုင်သုံး ကုန်ကြမ်းနှင့် စက်ပစ္စည်းအရောင်းဆိုင် | ၁၃ | ၈၆၇,၂၀၀.၀၀ |
| ၅၃၄ | 13009.34.7.2.68 | Glade Myanmar Group of Co,Ltd | ၁ | ၆၈,၀၀၀.၀၀ |
| ၅၃၅ | 13018.31.7.2.46 | Full Strong Textile | ၈၉ | ၅,၀၉၂,၈၀၀.၀၀ |
| ၅၃၆ | 13018.31.7.2.78 | MTM Yangon Limited | ၁၀၅ | ၆,၅၀၄,၀၀၀.၀၀ |
| ၅၃၇ | 13019.32.6.2.33 | INNO Brick | ၁၄ | ၁,၃၁၇,၆၀၀.၀၀ |
| ၅၃၈ | 13019.32.6.2.64 | ပလတ်စတစ်ဖူးခွက်လုပ်ငန်း | ၆ | ၂၅၇,၆၀၀.၀၀ |
| ၅၃၉ | 13019.32.6.2.83 | ချမ်းသာကွန်ကရစ် | ၁၃ | ၈၁၁,၂၀၀.၀၀ |
| ၅၄၀ | 13019.32.6.2.89 | မင်းလမ်း မုန့်တီ | ၁၂ | ၆၉၁,၂၀၀.၀၀ |
| ၅၄၁ | 13019.32.7.2.39 | Barons Industrial Technology Co.,Ltd | ၂၄ | ၂,၅၁၂,၀၀၀.၀၀ |
| ၅၄၂ | 13019.32.7.2.71 | The KMY Co.,Ltd | ၈ | ၆၃၀,၀၀၀.၀၀ |
| ၅၄၃ | 13019.32.7.2.79 | Shwe FOF Co.,ltd | ၄၄ | ၂,၁၈၂,၇၂၀.၀၀ |
| ၅၄၄ | 13019.32.7.2.89 | Lemon Myanmar | ၅၈ | ၄,၂၃၆,၀၀၀.၀၀ |
| ၅၄၅ | 13019.32.7.2.90 | Apple Desgin | ၅၅ | ၄,၂၁၂,၈၀၀.၀၀ |
| ၅၄၆ | 13019.32.8.2.15 | Perfect Pwint Oo Co.,ltd | ၃ | ၂၃၅,၂၀၀.၀၀ |
| ၅၄၇ | 13023.314.1.2.11 | ရွှေမဉ္ဇူကုမ္ပဏီလီမိတက် | ၂၀ | ၈၆၄,၀၀၀.၀၀ |
| ၅၄၈ | 13023.314.1.2.81 | မေတ္တာမွန်အထည်ချုပ်(ချုပ်ခစား) | ၃၀ | ၁,၇၂၈,၀၀၀.၀၀ |
| ၅၄၉ | 13023.314.1.2.111 | မေသရဖူတည်းခိုခန်း | ၃ | ၁၂၀,၀၀၀.၀၀ |
| ၅၅၀ | 13023.314.6.2.11 | ဇော်ဇော်မြတ်ကုမ္ပဏီလီမိတက် | ၁၇ | ၈၁၁,၂၀၀.၀၀ |
| ၅၅၁ | 13033.35.6.2.66 | ကမ္ဘာဦးဝန်ဆောင်မှုကုမ္ပဏီလီမိတက် | ၁၂ | ၈၄၀,၀၀၀.၀၀ |
| ၅၅၂ | 13041.33.1.2.30 | KKA Co,Ltd | ၂ | ၈၀,၀၀၀.၀၀ |
| ၅၅၃ | 13041.33.1.2.111 | Hein Si Co, Ltd | ၃ | ၁၉၆,၀၀၀.၀၀ |
| ၅၅၄ | 13041.33.1.2.114 | Land Mark(မုန်ဆိုင်) | ၅ | ၁၄၀,၀၀၀.၀၀ |
| ၅၅၅ | 13041.33.1.2.153 | ရွှေကောင်းကင် (Guset House) | ၁၀ | ၆၀၂,၀၀၀.၀၀ |
| ၅၅၆ | 13041.33.1.2.177 | ဦးကိုကိုလတ်(အိမ်တွင်းအထည်ချုပ်) | ၇ | ၁၄၀,၀၀၀.၀၀ |
| ၅၅၇ | 13041.33.1.2.179 | ပေါ်တော်မူ(အထည်ချုပ်) | ၁၃ | ၇၄၈,၈၀၀.၀၀ |
| ၅၅၈ | 13041.33.1.2.236 | သီရိမင်္ဂလာအအေးခန်း | ၉ | ၄၇၆,၀၀၀.၀၀ |
| ၅၅၉ | 13041.33.1.2.328 | Int'L Gateways Group of Co., Ltd | ၂၉ | ၂,၈၄၄,၀၀၀.၀၀ |
| ၅၆၀ | 13041.33.1.2.332 | Myanmar Power Specturum Co,Ltd | ၂၉ | ၂,၉၈၄,၀၀၀.၀၀ |
| ၅၆၁ | 13018.31.1.2.220 | Ruby စာအုပ်ချုပ် | ၁၀ | ၅၇၆,၀၀၀.၀၀ |
| ၅၆၂ | 13041.33.1.2.418 | ဘုရင့်နောင် Guest House | ၂ | ၄၈,၀၀၀.၀၀ |
| ၅၆၃ | 13041.33.1.2.477 | Shwe Tun Co,Ltd | ၃၁ | ၁,၇၉၅,၂၀၀.၀၀ |
| ၅၆၄ | 13041.33.1.2.516 | Sky Bow Co,Ltd | ၁၁ | ၇၇၆,၀၀၀.၀၀ |

*ဆက်လက်ဖော်ပြပါမည်*

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၃၇၆ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၁-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၀-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂၀,၉၂၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၃၇၆) ဦး တွေ့ရှိ**ရပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၁၁-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၃၃၇) ခု | (၁၈၇) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၅၅၈) ခု | (၃၇) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၈၀၀) ခု | (၆၀) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၅၄၉) ခု | (၂၄) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၃၂၅) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၄၂) ခု | (၁၂၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၂၀) ခု | (၅) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၄) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၁၂) ခု | (၅၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၂၂၇) ခု | (၂၈၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၅,၀၅၅)ခု | (၆၀၂) ဦး |
| စုစုပေါင်း | (၂၀,၉၂၉) ခု | (၁,၃၇၆) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။
- ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့သူများ၊ အသွားအလာကန့်သတ်ထားရှိသူများနှင့် စောင့်ကြည့်လူနာများ၏ ဓာတ်ခွဲနမူနာများအား ရယူစစ်ဆေးလျက်ရှိရာတွင် COVID-19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | ၂-၁၂-၂၀ | ၃-၁၂-၂၀ | ၄-၁၂-၂၀ | ၅-၁၂-၂၀ | ၆-၁၂-၂၀ | ၇-၁၂-၂၀ | ၈-၁၂-၂၀ | ၉-၁၂-၂၀ | ၁၀-၁၂-၂၀ | ၁၁-၁၂-၂၀ |
|---|---|---|---|---|---|---|---|---|---|---|
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၇.၂ | ၆.၂ | ၇.၀ | ၆.၆ | ၆.၀ | ၆.၆ | ၅.၆ | ၆.၉ | ၅.၉ | ၆.၆ |

မှတ်ချက်။ COVID-19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့်အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၂-၁၂-၂၀၂၀) ရက်နေ့မှ (၁၁-၁၂-၂၀၂၀) ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာအရေအတွက်မှာ အနည်းဆုံး (၁၈,၅၄၁) ခုမှ အများဆုံး (၂၃,၃၄၈) ခုအထိဖြစ်ပြီး ပျမ်းမျှအရေအတွက်မှာ (၂၁,၂၃၅)ခု ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ယခုထက် ပိုမိုတိကျစွာ လိုက်နာဆောင်ရွက်ကြမှသာလျှင် ရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းလာပါမည်။

*စာမျက်နှာ ၁၅ ကော်လံ ၁* ■

## ထုတ်လုပ်မှုအစိတ်အပိုင်းများ ပြတ်တောက်မှုကြောင့် ဗြိတိန်တွင် ဟွန်ဒါကားကုမ္ပဏီ ထုတ်လုပ်မှုရပ်နားထား

နိုင်ငံတကာသတင်း စာ - ၁၂

----------------

## အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ကြောင့် တစ်နေ့တည်း သေဆုံးသူ ၃၁၂၄ ဦး ရှိခဲ့ပြီး တစ်နေ့တည်း သေဆုံးသူအများဆုံးနေ့အဖြစ် စံချိန်တင်

နိုင်ငံတကာသတင်း စာ - ၁၃

----------------

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များအား ပြည်သူများ ပြန်လည်သတိပြုမိစေရေး အချပ်ပိုဖြင့် ဖော်ပြပေးသွားမည်

စာ - ၁၇



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ရန် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တာဝန်ထမ်းဆောင်နေသော မေ့ဆေးအထူးကု ဆရာဝန်တစ်ဦးနှင့် သူနာပြုများ ရန်ကုန်မြို့သို့ ထွက်ခွာ

လားရှိုး ဒီဇင်ဘာ ၁၁

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ရန်ကုန်မြို့သို့ သွားရောက်ကူညီတာဝန်ထမ်းဆောင်ရန် ပြည်နယ်ပြည်သူ့ဆေးရုံကြီး (လားရှိုး)မှ မေ့ဆေးအထူးကု ဆရာဝန်တစ်ဦးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ နေရာဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော သူနာပြု ၂၀ မှာ **(အပေါ်ပုံ)** စတုတ္ထအသုတ်အဖြစ် လားရှိုးမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

*စာမျက်နှာ ၁၅ ကော်လံ ၁* ❖



## မန်ယူနှင့် မန်စီးတီးတို့၏ ဒါဘီပွဲရလဒ်က ဘယ်လိုဖြစ်လာမလဲ

ပရီမီယာလိဂ်ပွဲစဉ် (၁၂) မှ ပွဲစဉ် လေးပွဲဖြစ်သည့် ဝုဖ်နှင့် အက်စ်တွန်ဗီလာ၊ နယူးကာဆယ်နှင့် ဝက်စ်ဘရွန်း၊ မန်ယူနှင့် မန်စီးတီး၊ အဲဗာတန်နှင့် ချယ်ဆီးအသင်းတို့ ယနေ့တွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ လက်ရှိ ပရီမီယာလိဂ် အမှတ်ပေးဇယားကို မော်ရင်ညို၏ စပါးအသင်းက လီဗာပူးအသင်းနှင့် ရမှတ် ၂၄ မှတ်ချင်းတူပြီး ဂိုးကွာခြားချက်အသာဖြင့် ဦးဆောင်ထားသည်။

အဆိုပါ ပွဲစဉ်များထဲမှ အကောင်းဆုံးပွဲစဉ်အဖြစ် နည်းပြ ဆိုးလ်ရှား၏ မန်ယူအသင်းနှင့် နည်းပြ ဂွါဒီယိုလာ၏ မန်စီးတီးအသင်းတို့ ဆုံတွေ့နေခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် အမှတ်ပေးဇယားအဆင့် (၆)တွင် ရပ်တည်နေသည့် မန်ယူအသင်းနှင့် အဆင့် (၇) နေရာတွင် ရပ်တည်နေသည့် မန်စီးတီးအသင်းတို့ ဆုံတွေ့နေခြင်းဖြစ်သည်။ မန်ယူအသင်းသည် ပရီမီယာလိဂ် ၁၀ ပွဲကစားပြီး ခြောက်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံး ရမှတ် ၁၉ မှတ်ဖြင့် အဆင့် (၆) တွင် ရပ်တည်နေသည်။ မန်စီးတီးအသင်းက ၁၀ ပွဲ ကစားပြီး ငါးပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် ၁၈ မှတ်ဖြင့် အဆင့် (၇) နေရာတွင် ရပ်တည်ခြင်းဖြစ်သည်။

မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့ ယမန်နှစ်က လိဂ်ဖလား ဆီမီးဖိုင်နယ်တွင် နှစ်ကြိမ်နှင့် ပရီမီယာလိဂ်တွင် နှစ်ကြိမ် စုစုပေါင်း ထိပ်တိုက်တွေ့ဆုံမှု လေးကြိမ်အထိ ရှိထားသည်။ *စာမျက်နှာ ၂၀ ကော်လံ ၁* ❍

